www.burmeseclassic.com

SHWE THAMEE PUBLISHING HOUSE




BURMESE CLASSIC .com

ငါ့ရဲ့နှင်း

# ရးရး

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

သားသား စိစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉လမ်း၊ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၂၁၄အမှတ်(၂)ဗိုလ်တထောင်ဈေးလမ်း၊
ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ ဩဂုတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၃၀၀ ကျပ်

ဖု ၈၉၅-၈၃

(ငါ့ရဲ့နင်) / မှုးမှုး ၊ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၃
၁-စာ၊ ၁၂၅၊ ၁၉.၅ စင်တီ။ (၁) ငါ့ရဲ့နင်

# ငါ့ရဲ့နင်

www.burmeseclassic.com

www.burmeseclassic.com

# ငါ့ရဲ့နင်

## INTRODUCTION

ကောင်းကင်ကြီးက လူသားတွေအတွက် အပူမာတ်ရအောင် နေမင်းကြီးရဲ့ နွေးထွေးမှုတွေ၊ ရေရအောင် မိုးမင်းကြီးရဲ့ မိုးရေတွေ၊ အေးချမ်းမှုရအောင် နှင်းဘုရင်မရဲ့ အေးစိမ့်စိမ့်နှင်းခဲတွေ အချိန်မှန်မှန် အလုပ်အကျွေးပြုနေပေမဲ့လည်း နွေခေါင်ခေါင်မှာ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ကောင်းကင်ကြီးကို ရေအေးအေးတစ်ခွက် မတိုက်ဖူးပါဘူး။

ဒါပေမဲ့လည်း ကောင်းကင်ကြီးက သူ အလုပ်အကျွေးပြုနေတဲ့ တာဝန်တွေ တစ်ခါတလေမျှ မလစ်ဟင်းခဲ့သေးဘူးနော်။

ဒါကို သူ တစ်နေ့နေ့တော့ သတိထားမိနိုင်ကောင်းပါရဲ့။

လူသားတွေကို ကောင်းကင်ကြီး အလုပ်အကျွေးပြုသလို ကျွန်မလည်း သူ့ကို ချစ်နေမိတယ်ဆိုရင် . . .

ကျွန်မက မျှော်လင့်စောင့်စားသူ စစ်စစ်တစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ ဘာမှန်းမသိတဲ့ ဆိုးတလေးအရွယ်ကတည်းက
သူမ ချစ်တတ်ခဲ့သည်ဆိုလျှင် သူ ယုံနိုင်မည်တဲ့လား?



## အခန်း (၁)

မေမေနှင့်အတူ သူမတို့ ယနေ့ အိမ်အသစ်၊ ရပ်ကွက်အသစ်သို့ ပြောင်းရွှေ့ရန် စီစဉ်နေကြပြီလေ။

အိမ်သုံး ပရိဘောဂများကို ကားကြီးပေါ်သို့ အလုပ်သမားများ မ, တင်နေစဉ် သူမ ငယ်စဉ်ကတည်းက နေခဲ့သော အိမ်အဟောင်းလေးကို ကြည့်ရင်း မျက်ရည်ဝဲရပါသည်။

"မငိုပါနဲ့ . . . ဦးရယ်၊ ဦးက ငယ်ပါသေးတယ်။ အခုမှ ဦးအသက်က ငါးနှစ်ပဲရှိသေးတာ။ နောက်ထပ်အိမ်အသစ်မှာ ဦး သူငယ်ချင်းအသစ်တွေ တွေ့မှာပါ . . . နော် . . ."

သူမကို မေမေချော့မော့ကာ မျက်ရည်သုတ်ပေးရင်း အိမ်ပြောင်းသည့် ကားကြီးပေါ်သို့ သူမတို့သားအမိ တက်ခဲ့လိုက်ပါတော့သည်။

"အိမ်ကြီးရေ . . . ဦး နှုတ်ဆက်ခဲ့ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့လာသော ရပ်ကွက်အသစ်လေးထဲသို့ အိမ်ပြောင်းကားကြီးမောင်းနှင်လာစဉ် သူမ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော ရာသီဥတုကို လှမ်းကြည့်လိုက်မိပါသည်။ ကောင်းကင်တွင် တိမ်လိပ်ကြီးများ ရှိနေပြီး ပတ်ဝန်းကျင်တွင် နေရောင်လွှမ်းမိုးခြင်းမရှိ။

အေးစိမ့်စိမ့်ရာသီဥတုလေးက ကားအပြင်သို့ ထုတ်ထားသော သူမလက်ဖျားလေးများကို လာရောက်နှုတ်ဆက်ကြနေသေးသည်။

"ဆရာကြီး . . . အဲဒီလမ်းထဲကို ကွေ့လိုက်ပါနော်"

မေမေညွှန်ပြသည့် လမ်းထဲသို့ ကားဒရိုင်ဘာကြီးနှင့်အတူ သူမပါလှမ်းကြည့်လိုက်မိပါသည်။

မျက်ဝန်းလေးတစ်စုံ၊ လမ်းထဲသို့ ကားကြီးရောက်သွားသည်နှင့်သူမ တွေ့လိုက်ရသည်က မျက်ဝန်းလေးတစ်စုံ။

ထိုမျက်ဝန်းလေးက သူမကို ခေတ္တမျှလှမ်းကြည့်ပြီး သူ့အလုပ် သူဆက်လုပ်နေ၏။ ထိုအခါမှ ထိုမျက်ဝန်းလေးတစ်စုံ ဘာလုပ်နေတာလဲဆိုတဲ့အတွေးနှင့် လှမ်းကြည့်လိုက်စဉ် သူမနှင့် အရွယ်တူလောက်ရှိမည့်ကောင်မလေးတစ်ယောက်နှင့်အတူ အိမ်တစ်အိမ်အရှေ့ သဲမြေကွက်လပ်တွင် ထိုင်ပြီး ဆော့ကစားနေကြလေသည်။

သူမနှင့် အကြည့်ချင်းဆုံသွားသည့် မျက်ဝန်းလေးတစ်စုံက သူမကို လှမ်းကြည့်ရင်း အပြုံးလေးတစ်ခုကိုပါ ဖန်တီးလိုက်ပါသေးသည်။



လမ်းထဲသို့ ပြောင်းလာသည်နှင့် ပထမဦးဆုံးအကြိမ် သူမအတွက်အပြုံးလေးတစ်ခုကို ဖန်တီးပေးသော ထိုမျက်ဝန်းလေးကို ကားကြီး ကျော်ကာဖြတ်မောင်းသွားသည့်တိုင်အောင် သူမ လည်ပြန်ငေးကြည့်ရင်း ကားဆီတွင် လိုက်ပါလာခဲ့ရပါသည်။

"ဦး . . . ဘာတွေများ ဒီလောက် သမင်လည်ပြန် ငေးကြည့်နေတာလဲကွယ်"

ပြုံးပြသော မျက်ဝန်းလေးက ခဏတာ ငေးကြည့်၊ ပြုံးပြပြီးနောက်ပြန်ဆော့နေပြီဖြစ်သော်လည်း သူမကတော့ ငေးကြည့်လို့ မပြီးသေး။

"မေမေ . . . အခုနဆော့နေတဲ့ တစ်ယောက်က ဦးကို ပြုံးပြတယ်"

"အဲ့ဒါ ဦးနဲ့သူငယ်ချင်းဖြစ်ချင်လို့လားမှ မသိတာကွယ်"

"ကားပေါ်ကဆင်းတာနဲ့ ဦး . . . သူနဲ့ သွားမိတ်ဆက်လိုက်ရမလားမေမေ"

စိတ်ထက်သန်စွာမေးလိုက်သော သူမ မေးခွန်းကြောင့် မေမေ ပြုံးလိုက်ပြီး သူမခေါင်းမှ ဆံစလေးများကို ဆော့ကစားလိုက်ပါသည်။

"ဒါပေါ့ . . . ဒါမှ ဦးမှာ သူငယ်ချင်းအသစ်တစ်ယောက် တိုးလာမှာပေါ့။ ဒါပေမဲ့ ဆော့နေတာ ကလေးနှစ်ယောက်နော်"

"ဒါပေမဲ့ ဦးကိုတစ်ယောက်ကပဲ ပြုံးပြတာ မေမေ"

"တစ်ယောက်ပဲပြုံးပြပေမဲ့ ဦးသွားပြီး မိတ်ဆက်မယ်ဆိုရင်တော့ နှစ်ယောက်လုံးနဲ့ မိတ်ဆက်နော်။ သူတို့က အတူတူ တွဲဆော့နေတာဆိုတော့ သူငယ်ချင်းတွေ ဖြစ်လိမ့်မယ်"

ဆုံးမသလိုလေးပြောလိုက်သော မေမေ့စကားကို သူမ ကလေးပီပီမှတ်သားလိုက်မိပါသည်။ မျက်ဝန်းရှင်လေးနဲ့ ရင်းနှီးချင်ရင် နောက်တစ်ယောက်နဲ့လည်း ရင်းနှီးအောင်နေရမည်ဆိုသော အတွေးများ သူမမှတ်ဉာဏ်တွင် နေရာယူလိုက်ပြီဖြစ်ပါသည်။

ခဏကြာတော့ အိမ်ပြောင်းလာသည့်ကားကြီးက ပျဉ်ထောင်အိမ်လေးတစ်လုံးရှိသည့် ခြံဝန်းအရှေ့တွင် ရပ်တံ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မေမေ . . . ဒါ ဦးနဲ့ မေမေရဲ့ အိမ်အသစ်လား?"

ပထမ သူမတို့ပြောင်းလာသည့်အိမ်ကြီးက တိုက်အိမ်ကြီး။ အခုက ထုပ်ထောင်အိမ် ခပ်သေးသေး။

"ဟိုအိမ်ကြီးကို ရောင်းပြီး ဒီအိမ်လေးဝယ်လိုက်တာဆိုတော့ ငွေပိုတွေ ထွက်လာတယ်လေ . . . ဦးရယ်။ အဲ့ဒီငွေတွေကို ဘဏ်မှာအပ်ပြီး လစဉ်ဘဏ်တိုးနဲ့ ဦးရဲ့ကျောင်းစရိတ်ရှာရတာဆိုတော့ မေမေ့ကို နားလည်ပါနော်။ မေမေကလည်း စာရေးတာကလွဲပြီး တခြား ကျွန်တာ ဘာမှမလုပ်တတ်ဘူးလေ"

ကားပေါ်မှဆင်းပြီး သူမ အရှေ့တွင် ငုတ်တုတ်လေးထိုင်ကာ အသနားခံနေသော မေမေ့မျက်ဝန်းများကို သနားလွန်းပြီး မျက်ရည်ဝေ ရပါ၏။

"မေမေ့ကို ဦး အရမ်းနားလည်ပါတယ်"

"ဦးလေးက လိမ္မာလိုက်တာကွယ်"

ချော့မော့ရင်း ပြောလိုက်သည့် မေမေ့စကားဆုံးသော် သူမအကြည့်များ အခုနဆော့နေသည့် ကလေးနှစ်ယောက်ထံသို့ ရောက်သွားပြန်သည်။

"သွားလေ . . . ဦး၊ ဦး မိတ်ဆက်ချင်ရင် သွားပေါ့။ သွား . . ."

မေမေကလည်း သူမကို အေးချမ်းစွာ ခွင့်ပြုပေးလိုက်သောကြောင့် သူမခြေလှမ်းများ တုန့်နေခြင်းမရှိဘဲ ထိုကလေးနှစ်ယောက်ဆီသို့ ပြေးသွားမိပါ၏။

"ဦးလည်း နင်တို့နဲ့ ဆော့ပါရစေ"

သူမတောင်းဆိုသံ ဆုံးသည်နှင့် အခုန ပြုံးပြသည့် မျက်ဝန်းလေးရော၊ သူမကို ကျောပေးထားသည့် မျက်ဝန်းလေးပါ သူမကို မော့ကြည့်၏။

"နင်က ဘယ်သူလဲ?"

ကျောပေးထားသည့် မျက်ဝန်းပိုင်ရှင်ကောင်မလေးက ထရပ်ရင်း မေးကာ သူမနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပါသည်။



"ငါ့နာမည်က သမီးဦး၊ ငါတို့ ဒီနေ့မှ ဒီလမ်းထဲပြောင်းလာတာ"

"ငါ့နာမည်က ချစ်သူပိုင်၊ ငါက ဒီလမ်းထဲမှာ မွေးကတည်းက နေတာ"

ကောင်မလေးပြောပြလိုက်သော နာမည်ကို သူမ ခေါင်းဆတ်ရင်း အသိအမှတ်ပြုလိုက်မိပါသည်။

"သစ် . . . ထလေ"

ချစ်သူပိုင် ခေါ်လိုက်သောကြောင့် သူမ လွန်စွာမက်မောသော မျက်ဝန်းပိုင်ရှင်လေးက မတ်တတ်ထရပ်ပြီး သူမကိုကြည့်ကာ တစ်ဖန် ထပ်ပြုံးပြပါ၏။ သူမအသက် ငါးနှစ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူ့အပြုံးလေးကြောင့် ရင်ထဲမွှေးသွားသည့် ခံစားချက်ကို ကောင်းစွာ အဓိပ္ပာယ် ဖော်လိုက်နိုင်သည်။

"သူ့နာမည်က နှစ်သစ်တဲ့။ ငါ့ထက် သုံးနှစ်ကြီးတယ်"

ချစ်သူပိုင်က သူမကို သူ့အစား မိတ်ဆက်ပေးလိုက်ပြန်သည်။

"ငါ့နာမည် သမီးဦးပါ . . . နှစ်သစ်"

သူမ နှုတ်ဆက်ရန် လက်လေးတစ်ဖက် ဆန့်ထုတ်ရင်း နှစ်သစ်ကိုကြည့်ကာ ပြောလိုက်တော့ ထိုလက်လေးတစ်ဖက်ကို ချစ်သူပိုင်က သိမ်းကိုင်လိုက်ပါသည်။

"မိန်းကလေးချင်းပဲ အရင်နှုတ်ဆက်ရအောင် . . . သမီးဦးရယ်"

နှစ်သစ်က သူမတို့နှစ်ယောက်ကို ကြည့်ကာ ပြုံးပါ၏။

"နင်တို့နှစ်ယောက်လုံး ငါ့ထက်ငယ်တယ်နော်။ ငါ့အသက် အခုဆို ရှစ်နှစ်။ ပိုင်ပိုင့်အသက်က ငါးနှစ်။ သမီးဦး . . . နင့်အသက်ကရော ဘယ်နနှစ်လဲ?"

နှစ်လိုဖွယ် သူ့အသံလေးကို ကြားလိုက်ရသည့် တစ်ခဏ သူမရင်ထဲ လှုပ်ရှားသွားသလို ခံစားလိုက်ရသည်ကို အသက်ငယ်နေသော်လည်း သမီးဦး သတိထားလိုက်မိပြန်သေးသည်။

"ငါလည်း ငါးနှစ်ပဲ"

www.burmeseclassic.com

နှစ်သစ်ကို မက်မောစွာ ငေးကြည့်နေမိတဲ့ သူမ ပခုံးကို တွန်းလိုက်သူက ချစ်သူပိုင်။

"ဒါဆို နင်နဲ့ငါက အသက်တူတူပဲ။ ငါတို့သုံးယောက် သူငယ်ချင်းတွေပေါ့။ ဟုတ်ပြီလား?"

"အင်း . . . ဟုတ်ပြီ . . . ချစ်သူပိုင်"

"ငါ့ကို သစ်ခေါ်သလို ပိုင်ပိုင်လို့ခေါ် . . . သမီးဦး"

"ဒါဆို ငါ့ကိုလည်း ဦးလို့ပဲခေါ်"

ထိုခဏအတွင်း 'နှစ်သစ်' ဆိုသော ကောင်လေးတွင် အပြုံးလှလှလေးတစ်စုံနှင့်အတူ စကားနည်းတတ်သော အကျင့်တစ်ခုပါရှိနေကြောင်း သူမ သတိထားလိုက်မိပါသည်။

"ငါလည်း နင့်ကို ဦးလို့ပဲ ခေါ်မယ်နော်"

တောင်းဆိုသလိုလို ပြောလိုက်သော နှစ်သစ်စကားအဆုံး သူမ ကျေနပ်စွာ ခေါင်းညိတ်လိုက်မိပါတော့သည်။



မေမေရယ် . . . ဒီလမ်းထဲ ပြောင်းခဲ့ပေးတဲ့အတွက် ဦး တကယ်ကျေးဇူးတင်ပါတယ်။

ဦးရဲ့ ပထမအိမ်ကြီး ဘယ်လောက်ပဲကြီးကြီးပါ။ ဒီအိမ်သေးသေးလေးနဲ့ နေရတာကိုပဲ ပိုပြီး ကျေနပ်မိပါတယ်။

ဘာလို့လဲ သိလား . . . မေမေ။ အဲ့ဒါ နှစ်သစ်နဲ့ တွေ့အောင်လုပ်ပေးတဲ့ ဒီလမ်းလေးနဲ့ ဒီအိမ်လေးကို ဦး ချစ်မိသွားတာလေ။



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်နေ့တိုင်း အိမ်ရှေ့ခန်းတွင်ထိုင်ပြီး မေမေပေးထားသော စာအုပ်ထဲမှ စာများကို ကျက်မှတ်ရင်း မျက်စောင်းထိုးအိမ်တွင်နေသော နှစ်သစ်သူမ စောင့်မျှော်ငေးတတ်နေလေပြီ။

ညနေတိုင်းလိုလိုလည်း သူမ နှစ်သစ်၊ ချစ်သူပိုင်တို့နှင့်အတူ ဆော့ကစားဖြစ်ခဲ့ပါသေးသည်။

ဆော့ကစားသည်ဟုဆိုသော်လည်း တကယ်က နှစ်သစ်နှင့် ချစ်သူပိုင်တို့သာ ကစားခြင်းဖြစ်ပါသည်။ သူမကတော့ ချစ်သူပိုင်နှင့် ဆော့ကစားနေသော နှစ်သစ်ကို တမေ့တမော ငေးမျှော်ကြည့်နေရင်း အချိန်တွေကို နှစ်သက်စွာ ဖြတ်ကျော်လေ့ရှိပါသည်။

ချစ်သူပိုင်နှင့် နှစ်သစ် ဇယ်ခုတ်ကစားနေချိန် သူမက ဘေးတွင်ထိုင်ကာ မေးထောက်လျက် နှစ်သစ်ကို ငေးကြည့်နေတတ်သလို ချစ်သူပိုင်နှင့် နှစ်သစ် ပြေးလွှားဆော့နေချိန်တွင်လည်း ဘေးမှ လက်ခုပ်လေးတီးကာတီးကာဖြင့် ခုန်ဆွခုန်ဆွလုပ်ရင်း နှစ်သစ်ပြေးနိုင်အောင် အားပေးတတ်သေးသည်။

သို့သော် သူမ စိတ်မကောင်းဖြစ်ရသည့် နေ့ရက်များနှင့်လည်း ရင်ဆိုင်ခဲ့ရပါသေးသည်။

ချစ်သူပိုင် အပြင်ထွက်မဆော့သည့်နေ့တွင် နှစ်သစ်လည်း အပြင်သို့မထွက်။ ထိုအခါ သူမက အိမ်ထဲမှ နှစ်သစ်မျက်နှာလေးကို ခဏလေး



ပဲဖြစ်ဖြစ် မြင်ရဖို့အရေး ထမင်းမေ့၊ ဟင်းမေ့ မျှော်ရပါလေတော့သည်။ ထိုကဲ့သို့သော နေ့ရက်များတွင်တော့ သူမ ညအိပ်ရာဝင်တိုင်း ငိုဖြစ်ခဲ့ပါသေးသည်။

"နှစ်သစ်ရယ် . . . ချစ်သူပိုင်မဆော့တိုင်း နင်ကမဆော့တော့ဘူးနော်ဒါပေမဲ့ ငါကတော့ နင်ဆော့တဲ့နေ့ပဲဖြစ်ဖြစ်၊ မဆော့တဲ့နေ့ပဲဖြစ်ဖြစ် နင့် ကို မျှော်နေမိတယ်"

ရင်မောစွာ မျှော်လင့်ရင်း သူမ ထိုစကားလေးကို ညနေတိုင်း တီးတိုးရွတ်ဆိုတတ်ခဲ့လေပြီ။

နှစ်သစ်အိမ်လေးကို မမှိတ်မသုန်ငေးကြည့်နေသော သူမကို တစ်နေ့နေ့တော့ နှစ်သစ်သနားလာပြီး ချစ်သူပိုင်ထွက်မဆော့သည့်နေ့တွင် သူမအတွက် နှစ်သစ်အပြင်သို့ ထွက်ဆော့နိုင်ပါစေဟူသော ဆုတောင်းကိုလည်း သူမ မရပ်တန်း ဆုတောင်းနေမိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးရေ . . . ဦး . . ."

နှစ်သစ်အိမ်လေးကို ငေးနေခိုက် သူမ နားထဲသို့ နှစ်သစ်ခေါ်သံလေး စီးဝင်လာပါသည်။ ချက်ချင်းဆိုသလို မျှော်လင့်ကြီးစွာဖြင့် သူမ အိမ်ပေါက်ဝသို့ ပြေးထွက်လာစဉ် နှစ်သစ်ကို ကျေနပ်စွာ တွေ့လိုက်ရပါသည်။

"နှစ်သစ် . . . နင် ငါတို့အိမ်ကို လာလည်တာလား?"

မေးရင်းဖြင့် သူမ အိမ်သံပန်းတံခါးကို ဖွင့်ပေးလိုက်ပါသည်။

"ငါ ဒီကို ရောက်နေတာကြာပြီ။ နင့်ကိုခေါ်နေတာလည်း ကြာပြီ။ နင် မကြားဘူးလား?"

"ငါ မကြားလိုက်ဘူး"

"နင်က ဘယ်နားမှာ ဘာလုပ်နေလို့လဲ?"

"ငါ အိမ်ရှေ့ခန်းမှာ နင့်အိမ်ကို ငေးကြည့်မိနေလို့"

သူမ စကားဆုံးတော့ နှစ်သစ် အံ့အားသင့်သလိုလေး သူမကို လှမ်းကြည့်လိုက်ပါသည်။

"နင်က ဘာအတွက် ငါတို့အိမ်ကို ငေးကြည့်နေတာလဲ?"

"နင့်ကို တွေ့ချင်လို့ပေါ့"

"ငါ့ကိုတွေ့ချင်လို့ ဟုတ်လား?"



အသက်ငယ်သေးသည်ကတစ်ကြောင်း၊ ပွင့်လင်းသည့် စိတ်ရင်းခံရှိသည်က တစ်ကြောင်းတို့ကြောင့် သူမ ပြတ်သားစွာ ခေါင်းညိတ်လိုက်မိပါ၏။

"ဘာအတွက် ငါ့ကို တွေ့ချင်တာလဲ?"

"အဲ့ဒါတော့ သေချာမသိဘူး။ ဒါပေမဲ့ မနက်မိုးလင်းတိုင်း ငါ မျှော်လင့်နေတာက ညနေ မြန်မြန်ရောက်ဖို့ပဲ"

"ဘာအတွက်?"

"ညနေရောက်ရင် နင်နဲ့ပိုင်ပိုင် ဆော့နေတာကို ငါ ငေးကြည့်နေတော့မှာမို့ပေါ့"

နှစ်သစ်အကြည့်တွေက ပဟေဠိပါဝင်နေ၏။

"နင် ငါ့ဆီလာတာလား . . . နှစ်သစ်"

မျှော်လင့်ခြင်းကြီးစွာဖြင့် မေးလိုက်သော မေးခွန်းကို နှစ်သစ်က ခေါင်းလေးတစ်ချက် ခါလိုက်ရုံဖြင့် တုံ့ပြန်လိုက်သော် သူမ ရင်ထဲ နင့်ခနဲ ခံစားလိုက်ရပါသည်။

"ငါ . . . မုန့်ဆမ်းလာပို့တာ။ ဦးရှင်ကြီးတင်လို့ . . ."

"သြော် . . ."

သူမ ငေးငေးလေး ဖြစ်သွားရပေပြီ။

"ရော့ . . ."

နှစ်သစ်လှမ်းပေးသော ပန်းကန်ကို သူမ လှမ်းယူလိုက်သော်လည်း ခြေလှမ်းတို့က တစ်ဖဝါးမှ မရွေ့သေး။ နှစ်သစ်ကို ငေးကြည့်မိနေပါသေးသည်။

"နင် ပန်းကန်မလှယ်ပေးဘူးလား?"

"ငါ မလှယ်တတ်ဘူး"

"နင့်မေမေ မရှိဘူးလား?"

"မေမေ အပြင်ခဏသွားတယ်"

"ဒါဆို နောက်နေ့မှ ငါလာယူတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . ."

သူမ ခေါင်းညိတ်လိုက်သည်နှင့် နှစ်သစ် အိမ်ပြန်ရန် သူမကို ကျော ခိုင်းလိုက်လေပြီ။

"နှစ်သစ် . . ."

သူမ မျှော်လင့်ကြီးစွာ ငေးကြည့်နေရင်း နှစ်သစ်ကို ခေါ်လိုက်တော့ သူမကို လှည့်ကြည့်ဖော်တော့ ရပါသေး၏။

"ဘာလဲ . . . ဦး?"

ခေါ်ပြီး ငေးကြည့်နေသော သူမ နှစ်သစ်က နားမလည်စွာ မေး လိုက်ပါသည်။

"ငါ နင့်ဆီမှာ ခွင့်နှစ်ခု တောင်းချင်လို့"

"ခွင့် ၂ ခု?? ဟုတ်လား?"

"အင်း . . ."

"တောင်းလေ"

အေးအေးဆေးဆေးပင် ခွင့်ပေးလိုက်သောကြောင့် သူမ ပျော်ပြီး ပြုံးလိုက်မိပါသေးသည်။

"တစ်ခုက ငါ နင့်ကို နှစ်သစ်လို့ပဲ ခေါ်ချင်တယ်"

"ဘာဖြစ်လို့"

"နင့်နာမည် အပြည့်အစုံကိုခေါ်ရတာ ငါ အရမ်းကြိုက်လို့"

နှစ်သစ် ခေါင်းညိတ်၏။

"ကောင်းပြီလေ . . . ခေါ်"

"နောက်တစ်ခုက ညနေတိုင်း နင် အိမ်ရှေ့မှာ ခဏလေးဖြစ်ဖြစ် ထွက်ရပ်ပေးပါနော်"

"နေ့တိုင်းလား?"

"မဟုတ်ဘူး။ ချစ်သူပိုင် မဆော့တဲ့နေ့တွေမှာပေါ့။ အဲ့လိုနေ့မျိုး ဆို နင်က အပြင်မှ မထွက်တာ"

"ငါ အိမ်ရှေ့မှာ ထွက်ရပ်ရုံပဲလား?"



"အင်း . . . ထွက်ရပ်ရုံပါပဲ"

နှစ်သစ်တွေးကာ ထူးခြားသည့်အကြည့်တစ်မျိုးနှင့် သူမကို စိုက် ကြည့်လိုက်ပါသည်။ ထို့နောက် ဆတ်ခနဲ ခေါင်းညိတ်လိုက်ပါ၏။

"ငါ ထွက်ရပ်ပေးပါ့မယ်"

"ကတိနော်"

"အင်းပါ"

"ကျေးဇူးတင်ပါတယ် . . . နှစ်သစ်ရယ်"

"နင်က လူကြီးလေးနဲ့ တူတယ် . . . ဦး။ ပိုင်ပိုင်က နင့်လို စကား မျိုးတွေ။ ခွင့်တောင်းမှုမျိုးတွေ မလုပ်တတ်ဘူး"

နှစ်သစ်စကားထဲတွင် ချစ်သူပိုင့်အကြောင်းပါလာတိုင်း သူမ ရင်ထဲ သိသိသာသာ ညှိုးငယ်သွားရပါသည်။

"ငါ ပြန်တော့မယ်၊ တာ့တာ"

"အင်း . . ."

နှစ်သစ် နှုတ်ဆက်ပြီး ပြန်သွားသော်လည်း သူမ အိမ်ပေါက်ဝတွင် ရပ်ကာ နှစ်သစ်ခြေလှမ်းများကို လိုက်လံရေတွက်နေမိပါသေးသည်။

"တစ် . . . နှစ် . . . သုံး . . . လေး . . . ငါး . . . "



www.burmeseclassic.com

www.burmeseclassic.com

မိုးစက်မိုးပေါက်လေးများ တဖြောက်ဖြောက်ကျပြီးသည့် နောက် နေ့များတွင်တော့ မေမေက သူမကို ကျောင်းစိမ်းဝတ်စုံဝတ်ပေးပါသည်။

"ဦး . . . ဒီနေ့ကစပြီး ကျောင်းတက်ရမယ်နော်။ စာကြိုးစား ကြားလား?"

ကျောင်းဝတ်စုံဝတ်ပေးနေရင်း မေမေ ဆိုးမသော် သူမ ခေါင်းညိတ် လိုက်မိပါသည်။

"ဦး . . . ကျောင်းတက်ပြီး အသက်ကြီးလာရင် ဘာလုပ်မှာလဲ ဟင် . . .?"

မေမေက သူမ ရည်ရွယ်ချက်ကိုမေးတော့ သူမ တွေးလိုက်မိပါသည်။

"မေမေ . . . ဦးကလေ ချစ်တဲ့သူတိုင်းကို ညားစေချင်တယ်"

"အမယ်လေးတော် . . . ဦးရယ် အခုမှ ညည်းအသက်က ငါးနှစ် ကျော်ရုံရှိသေး။ ချစ်တဲ့သူတွေ၊ ဘာတွေ ပြောတတ်နေပြီလား?"

မေမေက ရင်ဘတ်လေးဖိကာ မေးတော့ သူမ ရှက်ပြုံးလေး ပြုံးမိ ပါသေးသည်။

"ဒါဆိုလည်း . . . ချစ်တဲ့သူတိုင်းကို ညားအောင်လုပ်ပေးနိုင်တဲ့ ဒါရိုက်တာသာ လုပ်ပေတော့ . . . ဦးရေ"

"မေမေ . . . ဒါရိုက်တာဆိုတာ ဘာလဲဟင်?"

"ဒါရိုက်တာဆိုတာ ဗီဒီယိုတွေ၊ ရုပ်ရှင်တွေကို မင်းသား၊ မင်းသမီး တွေနဲ့ ပူးပေါင်းပြီး အသက်သွင်းတဲ့လူပေါ့။ ဗီဒီယိုတွေ၊ ရုပ်ရှင်



တွေထဲမှာ မင်းသားနဲ့ မင်းသမီးကို ချစ်ခိုင်းတာလည်း သူပဲ။ ပေါင်း ခိုင်းတာလည်း သူပဲ။ ခွဲလိုက်တာလည်း သူပဲပေါ့"

"ဦးကတော့ ပေါင်းပဲပေါင်းခိုင်းမှာ . . . မေမေ"

"ဒါဆို ဦးက ဒါရိုက်တာလုပ်မယ်ပေါ့။ ဟုတ်လား?"

သူမ တွေးကြည့်လိုက်ပါသည်။ ဟုတ်ပါ၏။ မေမေပြောတာနဲ့ သူမ ဖြစ်ချင်နေတာ တစ်ထပ်တည်း ကျနေပါ၏။

"အင်း . . . ဦးကြီးလာရင် ဒါရိုက်တာလုပ်မယ်"

"ကောင်းတယ်၊ ဒါဆို ဦး ဇာတ်လမ်းကောင်းတွေကို သိထားသင့် တယ်နော်"

"နောက်ပြီး ဦးရဲ့ ဗီဒီယိုတွေ၊ ရုပ်ရှင်တွေထဲမှာပါတဲ့ မင်းသမီးကို ဘယ်တော့မှ မစောင့်မျှော်ခိုင်းဘူး"

"ဘာဖြစ်လို့?"

တွေးတွေးဆဆနှင့် ပြောလိုက်သော သူမစကားကို မေမေက မျက်လုံးပြူးသွားရင်း ပြန်မေးလိုက်ပါသည်။

"မျှော်ရတာ အရမ်းမောတယ် . . . မေမေရယ်"

ငေးငေးလေးပြောလိုက်သော် မေမေ သူမကို စိမ့်စိမ့်ငေးကြည့်ရင်း သက်ပြင်းချ၏။

"ဦးရယ် . . . ဦး အသက်ကြီးတော့ နားလည်လာမှာပါ။ ဘယ် အရာကိုမှ အကြာကြီး မမျှော်ရပါဘူးကွယ်"

"ဒါဆို ဦးမျှော်နေတဲ့အရာကို ဦး အပိုင်ရတော့မှာပေါ့နော်"

"တချို့ကတော့ ငယ်စဉ်က မျှော်ရင်းမျှော်ရင်းနဲ့ အသက်ကြီးတော့ အဲ့ဒီမျှော်နေတဲ့အရာကို အပိုင်ရသွားကြတယ်။ တချို့ကတော့ မျှော် ရင်းမျှော်ရင်းနဲ့ အဲ့ဒီမျှော်နေတဲ့အရာကို မေ့သွားတတ်ကြတယ်"

မေမေ့စကားဆုံးသော် သူမ တွေးကြည့်မိပါသည်။ သူမက မေမေ ပြောတဲ့ ပထမလူစားထဲမှာ ပါလား?၊ ဒုတိယလူစားထဲမှာ ပါလားဆိုပြီး တော့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သေသေ . . . ဦးက ပထမ လူစားထဲမှာပါတယ် သိလား? ဦးလေ ဘယ်တော့မှ မျှော်နေတဲ့အရာကို မေ့သွားမှာ မဟုတ်ဘူး။ အပိုင် ရအောင် ဆက်ပြီး မျှော်နေမိမှာ"

ပိုင်နိုင်စွာပြောလိုက်သည့် စကားဆုံးသော် မေမေက သူမကို ခေါင်း ဖြီးပေးနေပြီဖြစ်ပါသည်။

"ကျောင်းသွားရင် ထီးထည့်ပေးလိုက်မယ်နော် ဦး၊ အပြန် မေမေ နောက်ကျလို့ လာမကြိုဖြစ်ရင် ဦးဘာ့သာ ပြန်လာခဲ့။ မိုးရွာနေရင် ထီးဆောင်းခဲ့နော်။ စာအုပ်တွေ စိုကုန်မယ်"

"ဦး . . . ထီး မယူသွားချင်ဘူး မေမေ၊ လေးတယ်"

"မိုးရွာမှာ စိုးလို့ပါ . . . ဦးရယ်နော်"

ချော့မော့နေသော မေမေ့ကို အားနာပြီးမှ သူမ ခေါင်းညိတ်လိုက်မိ ပါသည်။

သို့သော် ကျောင်းသွားတိုင်း မယူသွားချင်ဆုံး ပစ္စည်းကိုပြောပါ ဆိုလျှင် ထီးဟုသာ သူမ ပြောလိုက်မည်ဖြစ်ပါသည်။

⁂ ⁂ ⁂



ကျောင်းခန်း၊ အတန်းဆိုသော အရာကို သူမ ယနေ့ စတင်သိလိုက် ရခြင်းဖြစ်ပါသည်။

သူမနှင့်အရွယ်တူ ကျောင်းသား/သူများနှင့် ပြည့်နှက်နေသည့် အခန်းကို ကျောင်းခန်းဟုခေါ်ကြောင်း၊ ထိုအခန်းထဲတွင် ဆရာ/ ဆရာမ များက အလှည့်ကျ စာတွေသင်ပေးတတ်ကြောင်းကိုပါ သူမ သိလိုက်ရ ပါသည်။

ထို့အပြင် သူမတက်နေသော အတန်းထဲတွင် နှစ်သစ်မရှိနေတာ ကိုလည်း သူမ သိလိုက်ရပါသေးသည်။

သူမနှင့်အတူ တွဲထိုင်သည့်သူက ချစ်သူပိုင်။

"ပိုင်ပိုင် . . . နှစ်သစ်က ဦးတို့အခန်းထဲမှာ ဘာလို့ မတက်တာ လဲ?"

"သစ်က ငါတို့ထက် အတန်းကြီးတယ်လေ"

"သြော် . . ."

"ဦး . . ."

"ပြော . . ."

"နင် ဘာလို့ သစ်ကို သစ်လို့မခေါ်ဘဲ နှစ်သစ်လို့ခေါ်တာလဲ?"

"ငါ နှစ်သစ်ဆိုတဲ့နာမည်ကို ကြိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com

"နင် ကြိုက်လို့မရဘူးလေ။ အဲ့ဒါ သစ်နာမည်ပဲဥစ္စာ"

"ငါသိပါတယ်။ ဒါပေမဲ့ စိတ်က အလိုလို ကြိုက်နေတာ။ ငါလည်း အားလို့မရဘူး"

"နေတော်ပြီး နင်က ငါနဲ့သစ်ဆိုရင် သစ်ကို ပိုပြီး ခင်တယ်မို့လား?" သူမကို မကျေနပ်သလိုလေးစိုက်ကြည့်ကာ မေးလိုက်သော ချစ်သူပိုင်ကို သူမ ဖျက်စီချင်းဆုံအောင် ပြန်ကြည့်လိုက်မိပါသည်။

"ငါ နင်နဲ့ နှစ်သစ်ဆိုရင် နှစ်သစ်ကို ပိုပြီးခင်တာ မဟုတ်ပါဘူး ပိုင်ပိုင်"

"ဒါ နင်လိမ်တာပဲ"

"ငါ မလိမ်ပါဘူး၊ ငါက နှစ်သစ်ကိုပဲ အရမ်းခင်တာပါ။ နင့်ကိုတော့ နှစ်သစ်ရဲ့ သူငယ်ချင်းတစ်ယောက်အဖြစ် စကားပြောတာပါ။ မေမေကပြောတယ် နှစ်သစ်ကိုခေါ်ချင်ရင် နင့်ကိုလည်း ခေါ်ပါတဲ့"

သူမ စကားဆုံးတော့ ချစ်သူပိုင် ပါးချိုင့်လေးများ ပေါ်သွားသည့်တိုင်အောင် ပြုံးလိုက်ပါသည်။

"ဒါပေမဲ့ နင် သိလား? နင့်ထက် ငါ့ကို သစ်က ပိုခင်တယ်"

"ငါ သိပါတယ်"

"ဒါနဲ့များ နင်က သူ့ကို ခင်နေသေးတယ်"

"ငါက သူ့ကိုခင်နေရတာ အရမ်းကျေနပ်တဲ့သူလေ။ နင့်ကို သူ ဘယ်လောက်ပဲ ခင်ခင်ပါ။ ငါ့အခင်မင်ကတော့ လုံးဝ မလျော့ဘူး။ နင့်ကို သူ အရမ်းခင်မှန်းသိသိရက်နဲ့ ငါ သူ့ကို ဆက်ခင်နေမှာ"

ခိုင်မာစွာပြောလိုက်တဲ့ သူမစကားဆုံးသော် ချစ်သူပိုင် ဟန်ပါပါ ဖခုံးတွန့်လိုက်ပါသည်။

"ငါကတော့ ငါ့ကို ငါ့ထက်ပိုမခင်လို့ကတော့ ဘိုင့်ဘိုင်ပဲ။ နင့်လို အပင်ပန်းမခံနိုင်ဘူး"



"ငါက အကျင့်ဖြစ်သွားပြီနဲ့တူတယ်။ အဲ့လိုခင်နေရတာ ငါ့အတွက် မပင်ပန်းတော့ဘူး"

နှစ်ယောက်လုံး စကားဆုံးသော် သက်ပြင်းချလိုက်သူက ချစ်သူပိုင်။ သူမကတော့ ကျေနပ်စွာ ပြုံးလိုက်မိပါသေးသည်။

ချစ်သူပိုင်ကို နှစ်သစ်ဘယ်လောက်ခင်ခင် သူမကတော့ နှစ်သစ်ကို အားလုံးထက် ပိုပြီး ခင်မင်မိနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် ချစ်သူပိုင် တစ်ခန်းထဲမှာ စာသင်နေကြောင်း နှစ်သစ်သိပါသည်။ နေ့လယ် မုန့်ဆင်းချိန်တိုင်းလည်း အခန်းဝသို့ နှစ်သစ်ရောက်လာတတ်သည်။ ရောက်လာတိုင်းလည်း နှစ်သစ်ခေါ်နေကျ နာမည်လေးတစ်ခုရှိပါသည်။ ထိုနာမည်က . . .

"ပိုင်ပိုင် . . ."

ဆိုသော နာမည်လေးဖြစ်ပါသည်။ ထိုခေါ်သံကို နာမည်ပိုင်ရှင် ချစ်သူပိုင်က သိပ်အလေးမထားသော်လည်း နေ့လယ်ခေါင်းလောင်းတီးပြီးသည်နှင့် အတန်းဝသို့ လှမ်းမျှော်ကြည့်ကာ ထိုအသံလေးကို မျှော်လင့်နေသူက သမီးဦးပင်ဖြစ်သည်။

နှစ်သစ်နှုတ်များက ပိုင်ပိုင်ဟုခေါ်သော အသံလေးကိုပင် သမီးဦး မျှော်လင့်နေတတ်ခြင်းဖြစ်ပါသည်။

"နင့်နာမည်ကို ခေါ်တာလည်း မဟုတ်ဘဲနဲ့ နင်က ဘာဖြစ်လို့ အတန်းဝကို သစ်လာတိုင်း ပြုံးပြီး ငေးကြည့်နေတာလဲ?"

"ငါ နှစ်သစ်အသံကို ကြိုက်လို့"

"ဒါပေမဲ့ သူခေါ်လိုက်တဲ့နာမည်က ငါ့နာမည်လေ"

"ဒါပေမဲ့ ခေါ်လိုက်တဲ့အသံက နှစ်သစ်အသံလေ။ ငါ နားစွင့်နေတာ နှစ်သစ်ခေါ်တဲ့ နာမည်ကို မဟုတ်ဘူး။ နှစ်သစ်ရဲ့ အသံကို"



"အမယ်လေးဟယ် . . . တကယ်လို့ သစ်ခေါ်လိုက်တဲ့နာမည်က နင့်နာမည်များဖြစ်နေရင် နင် ဘယ့်နှယ်များ နေမလဲမသိဘူး"

"ငါ ပျော်လွန်းလို့ ဒီကျောင်းကြီးကို မီးရှို့မိလိမ့်မယ်နဲ့တူတယ် . . ပိုင်ပိုင်"

တကယ်ပင် ပြုံးပျော်ကာ ပြောလိုက်သော သူမစကားကို မဲ့ကာရွဲ့ကာ နားထောင်နေသည့်သူက ချစ်သူပိုင်။ သူမကတော့ ပြည့်နှက်နေသော ပီတိလေးနှင့်အတူ အပြုံးလေးတစ်ခုကိုပါ ဖန်တီးထားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် တစ်နှစ်ပြီးတစ်နှစ်။

တစ်တန်းပြီးတစ်တန်း တက်လာရင်း သူမ ခုနစ်တန်းကျောင်းသူဘဝသို့ ရောက်ရှိခဲ့လေပြီ။

"ဦးဖြေလိုက်တာ မှန်တယ်သိလား မေမေ၊ ဦးက မေမေပြောတဲ့ ပထမလူစားမျိုးထဲမှာ ပါတယ်။ မျှော်နေတဲ့အရာကို မမေ့ဘဲ အပိုင်ရအောင် ဆက်မျှော်လင့်နေတာလေ"

မိုးပေါက်လေးများ တစ်ပေါက်နှစ်ပေါက်မှတစ်ဆင့် မိုးပေါက်များများပြားလာပြီး လေများလည်း တိုက်ခတ်လာပါသည်။

"ကဲ . . . အားလုံး မင်္ဂလာပါကွယ်၊ မိုးတွေ ရွာနေတယ်နော်။ အိမ်ကို ကောင်းကောင်းပြန်ကြ။ မိုးရေမစိုစေနဲ့။ စာမေးပွဲက လာမယ့်တနင်္လာနေ့"

ပြတင်းပေါက်မှတစ်ဆင့် မိုးပေါက်များကို ငေးကြည့်နေခိုက် ပြောလိုက်သော ဆရာမစကားကြောင့် ကျောင်းဆင်းချိန်ရောက်ပြီဖြစ်မှန်း သိလိုက်ရပါသည်။

"မင်္ဂလာပါ . . . ဆရာမ၊ ကျေးဇူးတင်ပါတယ် ဆရာမ"

အတန်းသားများနှင့်အတူ နှုတ်ဆက်ပြီးသည်နှင့် သူမ စာအုပ်များကို လွယ်အိတ်ထဲထည့်ပြီး အတန်းဝသို့ လှမ်းကြည့်လိုက်သော် အတန်းဝတွင် ရပ်နေသော နှစ်သစ်ကို တွေ့လိုက်ရပါသည်။



"ပိုင်ပိုင် . . . အတန်းဝမှာ နှစ်သစ်ရောက်နေတယ်"

"ငါသိတယ် . . . ဦး၊ သူ့ကို ခဏစောင့်ခိုင်းထားတာ။ ငါ စာအုပ်သိမ်းတာ မပြီးသေးလို့"

ချစ်သူပိုင့်စကားကြောင့် သူမ သက်ပြင်းလေး ချလိုက်မိပါသည်။ မျှော်ရတာ အရမ်းမောမှန်း သိနေသူပီပီ နှစ်သစ်ကို မစောင့်မျှော်စေချင်ပါ။

"လာ . . . ငါ ဝိုင်းသိမ်းပေးမယ်။ မြန်မြန်လုပ်ကြရအောင်"

ပြောပြောဆိုဆိုနှင့် ခုံအောက်တွင် ကျနေသော ချစ်သူပိုင့်စာအုပ်များကို သူမကောက်ပေးပြီး လွယ်အိတ်ထဲသို့ ထည့်ပေးပြီး သူမနှင့် ချစ်သူပိုင် အတန်းဝသို့ ထွက်လာခဲ့ပါတော့သည်။ ထို့နောက် သုံးယောက်သား အတန်းဝမှတစ်ဆင့် ကျောင်းဝသို့ လျှောက်ဖြစ်ခဲ့ပါသည်။

"ကော်ရစ်တာဆုံးပြီဆိုတာနဲ့ ပြဿနာတစ်ခုကို ငါတို့ ရင်ဆိုင်ရတော့မယ် . . . ပိုင်ပိုင်"

နှစ်သစ်စကားပြောတိုင်း ချစ်သူပိုင့်ကိုသာလျှင် စ,ပြောတတ်သော်လည်း နှစ်သစ်အကြည့်များကတော့ သူမထံ ရောက်ရှိနေတတ်ပါသည်။ ချစ်သူပိုင်ကို နှစ်သစ်စကားစပြောတိုင်း သူမ စိတ်မကောင်းဖြစ်မိသော်လည်း ပြုံးနေခဲ့သည်ချည်းသာ။ အနည်းဆုံးတော့ နှစ်သစ်အသံကို သူမ ကြားနိုင်သည်ပဲလေ။

"ဘာပြဿနာလဲ . . . သစ်"

"ငါ့မှာ ထီးမပါဘူး။ နင့်မှာလည်း ပါမှာ မဟုတ်ဘူး။ ဒီတော့ နင်ရော ငါရော နှစ်ယောက်လုံး မိုးစိုမှာ သေချာတယ်။ လူရော၊ လွယ်အိတ်ရော စိုမှာ"

တွေးတွေးဆဆပြောလိုက်သော နှစ်သစ်စကားကို ချစ်သူပိုင် ခေါင်းညိတ်ထောက်ခံရင်း ဖြစ်နိုင်ဆုံးနည်းလမ်းတစ်ခုကို တွေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ အကြံတစ်ခုတော့ရတယ် . . . သစ်"

"ဘာလဲ . . . ပိုင်ပိုင်"

"နင် မိုးရွာထဲမှာ ဒီအတိုင်းပြေးပြီး အိမ်ပြန်၊ ငါက နင့်လွယ်အိတ်နဲ့ ငါ့လွယ်အိတ်ကိုကိုင်ပြီး ဦးနဲ့အတူ ကျောင်းကစောင့်နေမယ်။ နင် ထီးယူပြီး ပြန်လာခဲ့ချည်။ ဒီတော့မှ ငါ အိမ်ပြန်မယ်။ ငါ့အကြံ မကောင်းဘူးလား? နင့်လွယ်အိတ် မိုးမစိုဘူးပေါ့"

"မကောင်းဘူး . . . ပိုင်ပိုင်"

ချစ်သူပိုင့်စကားကို နှစ်သစ်တွေးနေခိုက် ကြားဖြတ်ပြီး သူမ ဝင်ဖြေလိုက်တော့ နှစ်သစ်အကြည့်များ သူမထံသို့ ရောက်လာပါသည်။

"ဘာဖြစ်လို့လဲ . . . ဦး?"

"ဘာဖြစ်ရမှာလဲ . . . နင်ပြောသလိုဆို နှစ်သစ်ကို မိုးစိုမှာပေါ့။ နှစ်သစ်မိုးစိုပြီး ဖျားရင် စာအုပ်ဘယ်လောက်ပဲ မစိုမစိုလေ၊ သူ စာမေးပွဲမဖြေနိုင်တာက မဖြေနိုင်တာဘဲ"

သူမစကားဆုံးသော် နှစ်သစ်ထံမှ အဓိပ္ပာယ်တစ်မျိုး ကိန်းအောင်းနေသော အကြည့်ရူးရူးလေးကို သူမ တွေ့လိုက်ရပါသည်။ ထိုစဉ် ချစ်သူပိုင့် မျက်ဝန်းကတော့ အလိုမကျမှုများ ပြည့်နှက်သွားပြီဖြစ်ပါသည်။

"ဒါဆို ငါတို့အားလုံး အစိုခံရမှာပေါ့၊ ဟုတ်လား?"

ချစ်သူပိုင် မကျေနပ်စွာ ထပ်မေးလိုက်ပါသည်။

ထိုစဉ် သူမတို့ သုံးယောက်လုံး ကျောင်းကော်ရစ်တာအဆုံးသို့ ရောက်သွားပြီဖြစ်ပါသည်။

"အစိုမခံပါနဲ့၊ ငါ့မှာ ထီးပါတယ်"

သူမ ထီးကိုထုတ်ကာ နှစ်သစ်ကို ပေးလိုက်ပါသည်။

"ကျေးဇူးပဲ"

"နင်လည်း ငါတို့နဲ့ လိုက်ဆောင်းနော်"



ကျေးဇူးပဲဆိုသောစကားကို ချစ်သူပိုင်ပြောလိုက်ပြီး ထီးအတူလိုက်ဆောင်းရန် ပြောလိုက်သူက နှစ်သစ်။ သို့သော် ထိုစကားနှစ်ခွန်းက တစ်ပြိုင်တည်း ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

"မဖြစ်ဘူး . . . သစ်၊ ထီးက သေးတယ်။ ငါတစ်ယောက်တည်းဆောင်းရင်တောင် လုံချင်မှလုံမှာ"

နှစ်သစ်၏ဖိတ်ခေါ်မှုကို ချစ်သူပိုင် ပြတ်သားစွာ ကန့်လန့်တိုက်လိုက်၏။

"ငါ ထီးပေးတာ နှစ်သစ်ကို ပိုင်ပိုင်"

ထီးကို အပိုင်သိမ်းနေသည့် ချစ်သူပိုင်ကိုလည်း သူမ မျက်နှာတည်နှင့် ပြောလိုက်မိပါသည်။

"ဒါပေမဲ့ နှစ်သစ်က သူတစ်ယောက်တည်း ဆောင်းမှာမဟုတ်ဘူး။ ငါ့ကိုပါ ဆောင်းခိုင်းမှာ"

"အဓိက လွယ်အိတ်တွေ မစိုဖို့ အရေးကြီးတယ်"

နှစ်သစ်က သူမကိုငေးကြည့်ရင်း ပြောကာ သူမလက်ထဲမှ လွယ်အိတ်လေးကို လှမ်းယူလိုက်ပါသည်။

ဒါဆို နှစ်သစ်က ချစ်သူပိုင်နဲ့ပဲ ထီးလေးကို ဆောင်းသွားမယ်ဆိုတဲ့သဘောလား? ရပါတယ်။ နင်မစိုရင် ငါကျေနပ်တယ် နှစ်သစ်။

"လာ . . . သွားရအောင် နှစ်သစ်"

ချစ်သူပိုင်က သူမကို ငေးကြည့်နေသည့် နှစ်သစ်၏လက်ကိုဆွဲကာ ခေါ်သွားလေသည်။ နှစ်သစ်အကြည့်များက သူမတွင်ရှိနေသော်လည်း ချစ်သူပိုင်နှင့်အတူ သူမ၏ထီးအောက်တွင်တော့ နှစ်သစ်ခြေလှမ်းများ လိုက်ပါသွားပေပြီ။

သူမကတော့ သူတို့နှင့်ခပ်လှမ်းလှမ်း မိုးရေထဲတွင် တစ်ယောက်တည်း လမ်းလျှောက်ရင်း လိုက်ပါလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ဝမ်းမနည်းနေပါ။ သူမ ထီးအောက်တွင် လုံခြုံနေသော နှစ်သစ်ကိုကြည့်ပြီး ပျော်ရွှင်နေသူက သမီးဦး။

ထိုစဉ် သမီးဦးကတော့ မိုးရေထဲတွင် အမိုးအကာမဲ့ လမ်းလျှောက်နေပါသည်။ သို့သော် ထီးအောက်တွင် လမ်းလျှောက်နေသော နှစ်သစ်၏ အကြည့်များ သမီးဦးထံသို့ရောက်လာတိုင်း သမီးဦး ကျေနပ်စွာ ပြုံးလိုက်မိသည်ချည်းသာ။

နှစ်သစ်အကြည့်များကြောင့် မိုးရွာထဲတွင် လမ်းလျှောက်နေသော သမီးဦးတစ်ယောက် နွေးထွေးလုံခြုံသလို ခံစားမိနေပါတော့သည်။



သင် အကိုင်ချင်ဆုံး လက်ဖဝါးလေးတစ်ခုက သင်နဲ့ ခပ်လှမ်းလှမ်းမှာ ရှိနေရင် သင် ဘာလုပ်မလဲ?

အဲ့ဒီလက်ဖဝါးလေးကို လှမ်းကိုင်ဖို့ ကြိုးစားမှာလား?

ဒါမှမဟုတ် အဲ့ဒီလက်ဖဝါးလေးပိုင်ရှင် အကိုင်ခံလာအောင် စည်းရုံးသိမ်းသွင်းရမှာလား?

ကျွန်မကတော့ . . .

အဲ့ဒီလက်ဖဝါးလေး ကျွန်မအနားကို ရောက်လာအောင် မျှော်လင့်စောင့်စားနေမဲ့ သူမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

သူမခေါင်းတွင် စိုရွှဲနေသော မိုးရည်များကို မေမေ စိတ်မရှည်စွာ သုတ်ပေးနေပါသည်။

"ဟတ်ချိုး"

မေမေသုတ်ပေးနေစဉ် ထိန်းထားသည့်အကြားက သူမ ချေဖြစ်အောင် ချေလိုက်မိပါသည်။

"ကြည့် . . . အခု ချေနေပြီမဟုတ်လား? မင်းကို ထီးပေးလိုက်ရဲ့သားနဲ့ ဘာလို့မဆောင်းလာသလဲ . . . ပြောစမ်း။ လူကဖြင့် ခုနစ်တန်းရောက်နေပြီ။ မိုးရေစိုရင် ညည်း ဖျားမယ်ဆိုတာ မသိဘူးလား?"

မေမေ ဆူဆောင့်အောင့်နေသော်လည်း သူမက အပြုံးမပျက်။

"ဖျားမယ်ဆိုတာ ဦးသိတယ် . . . မေမေ။ အဲ့ဒါကြောင့် မေမေ့ဆီက အခု ဆေးတောင်းနေတာပေါ့။ ခေါင်းသုတ်ပေးပြီးသွားတာနဲ့ ဦးကို ဆေးတိုက်ပါနော်"

"အမယ်လေးနော် . . . ဆေးကြောက်တဲ့ သမီးဦးက ကျွန်မဆီမှာ ဆေးတွေ၊ ဘာတွေ တောင်းနေလို့ပါလား?"

"ဖျားမှာ စိုးလို့ပါ . . . မေမေရယ်၊ တနင်္လာနေ့ စာမေးပွဲရှိတယ်လေ"

"ဖျားမှာ သိရဲ့သားနဲ့ ဘာလို့ မိုးရွာထဲ ဒီအတိုင်းပြန်လာတာလဲ ဦးရယ်"



"နှစ်သစ် မိုးစိုမှာ စိုးလို့ပါ . . . မေမေ"

သူမခေါင်းကို သုတ်ပေးနေသည့် မေမေ့လက်များ တုံ့နှေးကုန်၏။ အမေ့ကို သူမ မော့ကြည့်လိုက်စဉ် မေမေ့မျက်ဝန်းတွင် စိုးရိမ်သည့် အရိပ်အယောင်များကို တွေ့လိုက်ရပါသည်။

"ဦး . . . သမီး နှစ်သစ်ကို သိပ်ပြီး ခင်မင်လွန်းနေတယ်နော်။ အဲ့ဒါ သိလား?"

"သိပါတယ် . . . မေမေ"

"ဒါပေမဲ့ ဦးရယ် . . ."

မေမေ သူမကို ဖျောင်းဖျဖို့ ကြိုးစားရှာပါသည်။

"မေမေ . . . ဦး နှစ်သစ်ကို ခင်နေရတာကိုပဲ နှစ်သက်တယ်။ ဒီတော့ ဦး ဆက်ခင်နေဦးမှာပါ . . . မေမေ။ ဒီလမ်းထဲကို ပြောင်းလာတုန်းက ဦး ဘယ်လောက် ဝမ်းနည်းနေတယ်လို့ မေမေ ထင်လဲ?"

သူမ မေးခွန်းကို မေမေမဖြေပါ။ သူမကို စေ့စေ့ငေးကြည့်နေ၏။

"ဖေဖေ့အရိပ်တွေရှိနေတဲ့ တိုက်အိမ်ကြီးကိုရောင်းပြီး အခု ဒီပျဉ်ထောင်အိမ်လေးမှာ လာနေရတာ ဦးအတွက် အတော်ခံရခက်တဲ့ အပြောင်းအလဲကြီးပါ . . . မေမေရယ်"

သူမကို ကြည့်နေသည့် မေမေ့မျက်ဝန်းထဲတွင် သနားသည့်အရိပ်အယောင်များကို သူမ တွေ့လိုက်ရပါသည်။

"အဲ့ဒီအပြောင်းအလဲကြီးကို ခံနိုင်ရည်ရှိခဲ့တာ နှစ်သစ်ကြောင့်ပါ။ အိမ်ကြီးကိုရောင်းမှ ဒီလမ်းထဲကို ပြောင်းခွင့်ရမှာဆိုတဲ့ အတွေးကြောင့် ဦး ဒီအိမ်လေးကို နှစ်သက်ခဲ့တာပေါ့ မေမေရယ်။ ဒီတော့ နှစ်သစ်ကို ခင်နေတဲ့ ဦးရဲ့ စိတ်တွေကို မေမေ မတားဆီးပါနဲ့နော်"

တောင်းဆိုသလိုလေး ဆန္ဒကို တင်ပြလိုက်သော် မေမေ လေးလံစွာ ခေါင်းညိတ်ပြီး သူမကို လိုက်လျောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဦး ပြင်ဆင်ထားနော်။ ဒီထက်ခံရခက်တဲ့ အခြေအနေတွေ ဦးဆီ ရောက်လာဦးမယ်"

"ဘာဖြစ်လို့လဲ . . . မေမေ"

"နှစ်သစ်က ဦးထက် ချစ်သူပိုင်ကို ပိုပြီး ခင်တယ်လေ။ ပိုပြီး သံယောဇဉ်ရှိတယ်။ သူတို့က ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလေ။ ဦးက နောက်မှရောက်လာခဲ့တာ မဟုတ်လား?"

"ဦးက နောက်မှရောက်လာခဲ့ပေမဲ့ နှစ်သစ်ကို ပိုပြီး ခင်နိုင်သေးတာပဲ . . . မေမေရယ်၊ နှစ်သစ်လည်း တစ်နေ့နေ့တော့ ဦးရဲ့ ခင်မင်မှုတွေကို အားနာပြီး ဦးကို ပိုင်ပိုင့်နည်းတူ ပြန်ခင်လာနိုင်ကောင်းပါတယ်"

သက်ပြင်းချသံနှင့်အတူ မေမေသည် သူမကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပါသည်။ ထို့နောက် . . .

"ဒါကြောင့် မျှော်လင့်ရတာ ဘယ်လောက်ပင်ပန်းတယ်ဆိုတာ ဦးက ကောင်းကောင်းသိနေတာကိုး"

❧ ❧ ❧



လမ်းထိပ်မုန့်ဆိုင်က အဒေါ်ကြီးက သူမကို ချစ်ခင်ပါသည်။ ထို့ကြောင့် လိုချင်နေသော PP Board လေးကို သူမ တောင်းလိုက်သည်နှင့် သက်ဆောင်အဖြစ် ရက်ရောစွာ ပေးလိုက်ပါသည်။

PP Board ဆိုသည်မှာ လမ်းဘေးဆိုင်များနှင့် မုန့်ဆိုင်အတော်များများတွင် တွေ့ရသော ကြေးပြားချပ်ငယ်လေးများဖြစ်ပါသည်။ တစ်ဖက်တွင် ရုပ်ပုံများပါသော်လည်း ကျန်တစ်ဖက်တွင် အဖြူရောင်ချည်းသက်သက်ဖြစ်၏။

"သမီးက ဒီ PP board လေးကို ဘာလုပ်ဖို့လဲကွယ့်"

"ဦး အိမ်တစ်လုံးလောက်ဆောက်ဖို့ပါ အန်တီ"

"အိမ်? ဟုတ်လား၊ သမီးက ဘယ်လိုလုပ်ပြီး ဆောက်မှာလဲ?"

"အဲ့ဒီအသားက မီးနဲ့ကပ်ရင် ကပ်တယ် အန်တီ"

"ဘာအတွက်ဆောက်မှာလဲ . . ? သမီးရယ်"

"သူငယ်ချင်းတစ်ယောက်ကို လက်ဆောင်ပေးဖို့ပါ"

"နှစ်သစ်ကိုလား? ပိုင်ပိုင့်ကိုလား?"

သူငယ်ချင်းဆိုလျှင် နှစ်သစ်နှင့် ချစ်သူပိုင်သာလျှင်ရှိကြောင်း တစ်လမ်းလုံးကလူများ သိထားလေသည်။

"နှစ်သစ်ကိုပါ . . . အန်တီ၊ မနက်ဖြန် နှစ်သစ်မွေးနေ့လေ"

"သမီးရယ် . . . အဆင်သင့်ရောင်းနေတဲ့ အိမ်လေးတွေရှိပါတယ်။ မီးနဲ့ကပ်မှာဆိုတော့ လက်တွေ၊ ဘာတွေ လောင်နိုင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

နံနက် ၉ နာရီ သူမ အိပ်ရာနိုးသည်နှင့် အပြင်သို့ မြင်နိုင်ရန် ပြတင်းပေါက်ကို ဖွင့်လိုက်စဉ်တွင် နေပင် အတော်မြင့်လို့နေလေပြီ။

April လ နေမင်းက ကောင်းကင်တွင် ရဲရဲဝံ့ဝံ့ နေရာယူထားပြီဖြစ်ပါသည်။

သွက်သွက်လေး မျက်နှာသစ်၊ ခေါင်းဖြီး၊ မေမေ လုပ်ပေးထားသည့် မနက်စာကို စားကာ ညက အပင်ပန်းခံပြီးဆောက်ထားတဲ့ အိမ်အဖြူလေးကို သယ်ရင်း နှစ်သစ်ခြံဖက်ကို ကူးခဲ့လိုက်ပါသည်။

နှစ်သစ်တစ်ယောက် ခြံထဲရှိ ခုံတန်းရှည်တွင်ထိုင်ကာ ငေးငိုင်နေသည်ကို တွေ့လိုက်ရပါသည်။

"နှစ်သစ်"

သူမ နှစ်သစ်တို့ခြံဝတွင် ရပ်ပြီး လှမ်းခေါ်လိုက်သော် နှစ်သစ်အကြည့်များ သူမထံသို့ ရောက်လာပါသည်။

"ဦး . . . လာလေ"

"အင်း . . ."

သူမ နှစ်သစ်ထိုင်နေသည့် ခုံတွင်ထိုင်ပြီး သူမကိုယ်တိုင်လုပ်ထားသည့် နှစ်သစ်အရှေ့သို့ တိုးပေးလိုက်မိပါသည်။

"အိမ်လေးက လှတယ်၊ ချစ်စရာလေး"



နှစ်လိုသည့်အသံလေးကို ကြားလိုက်ရသော တစ်ခဏ ညက ပင်ပန်းခဲ့သည့် ပင်ပန်းမှုများ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်လေတော့၏။

"အဲ့ဒါ ဦးကိုယ်တိုင် လုပ်ထားတာ"

"ဟုတ်လား? ဒါဆို ဦးက တော်တာပေါ့"

"အင်းပေါ့ . . . နောက်ပြီး ဒီအိမ်လေးကို နှစ်သစ်ရဲ့ မွေးနေ့လက်ဆောင်အဖြစ်ပေးတယ် သိလား?"

နှစ်သစ် မျက်ခုံးလေးများ မြင့်သွားပြီး သူမ အိမ်လေးကို စိတ်ဝင်စားစွာ ကြည့်နေလေတော့သည်။

"သပ်ရပ်တယ်နော် နှစ်သစ်"

"အင်းပေါ့ . . . သပ်ရပ်တာပေါ့၊ တကယ်ပါ ဦးက တကယ်တော်တယ်"

နှစ်သစ်၏ချီးမွမ်းသံကြောင့် သူမ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

"ကဲ . . . မွေးနေ့မှာ လက်ဆောင်လာပေးပြီဆိုတော့ ဦးကို ဘာပြန်ကျွေးရမလဲ . . . ပြော"

"ညနေ Ice-cream (အိုက်စကရင်) သည် ဦးလေးကြီးလာရင် ဝယ်ကျွေးချည်"

နှစ်သစ် သွက်သွက်လေးခေါင်းညိတ်ပြပြီး အိမ်လေးကို နှစ်သက်စွာ ဆက်ကြည့်နေရှာပါသည်။

ခုံတန်းရှည်လေးတွင် နှစ်သစ်က အိမ်လေးကို စိမ်ပြေနပြေ ငေးနေသကဲ့သို့ သမီးဦးကလည်း နှစ်သစ်ကို စိမ်ပြေနပြေ ငေးကြည့်လို့နေ၏။

"မွေးနေ့မှာ ပျော်ရွှင်ပါစေ . . . နှစ်သစ်"

"မပျော်ရင်တောင် ဦးပေးတဲ့ မွေးနေ့လက်ဆောင်ကြောင့် ပျော်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

တကယ်ပါ။ နှစ်သစ် အိမ်လေးကို ယုယုယယကိုင်ပြီး တမေ့တမော ငေးကြည့်နေသည့်မြင်ကွင်းက သူမအဖို့ ကမ္ဘာကြီးကိုပါ မေ့သွားစေလောက်သည့်အပျော်တွေကို ဖန်တီးပေးနိုင်ပါ၏။

"ငါလည်း ဒီလို အိမ်လေးတစ်လုံး ဆောက်ကြည့်ချင်တယ် . . . ဦး။ ငါ့ကို သင်ပေးမလား?"

"သင်ပေးမယ်လေ"

"ဒါ ဘာနဲ့ဆောက်တာလဲ ဦး"

"ဒါ လမ်းထိပ်မုန့်ဆိုင်က ပေးလိုက်တဲ့ ကြော်ငြာဘုတ်နဲ့ဆောက်တာ နှစ်သစ်ရဲ့"

"တယ်ဟုတ်ပါလား"

နှစ်သစ် အိမ်လေးကို သဘောကျစွာကြည့်နေခိုက် ချစ်သူပိုင် သူမတို့အနားသို့ ရောက်လာလေသည်။

"သစ်"

ချစ်သူပိုင့်မျက်နှာတွင် အပြုံးလေးတစ်ခုရှိနေသော်လည်း ထိုအပြုံးက နှစ်သစ်ကိုကြည့်ပြီး ပြုံးနေခြင်းသက်သက်သာ။ သူမ ရှိနေသော်လည်း သူမကို ချစ်သူပိုင် လှည့်၍ပင်မကြည့်ချေ။

"ပိုင်ပိုင် . . . ဒီအိမ်လေးကို ကြည့်စမ်း၊ ဘယ်လောက်လှလဲလို့"

နှစ်သစ်က အိမ်လေးကိုပြရင်းဖြင့် ပြောလိုက်စဉ် ချစ်သူပိုင့်အကြည့်များ သူမထံသို့ ရောက်လာပါသည်။

"ဒါ . . . ဦးပေးတာလား"

ချစ်သူပိုင် သူမကိုကြည့်ရင်း မေးလိုက်သော် သူမ ခေါင်းညိတ်လိုက်ပါသည်။

"Hand Made လေးပဲ (လက်နှင့်လုပ်ထားခြင်း)"

"ဟုတ်တယ် . . . အဲဒါ ဦးကိုယ်တိုင် လုပ်ထားတာ ပိုင်ပိုင်"

သူမ ကြွားကြွားလေးပြောလိုက်သော် ချစ်သူပိုင်ဟာ ဟန်ပါပါ ပခုံးတွန့်လိုက်ပါသည်။



"ငါလည်း နင့်ကို လက်ဆောင်ပေးဖို့ရှိတယ် သစ်"

အိမ်လေးကိုကြည့်နေသည့် နှစ်သစ်အကြည့်များ ချစ်သူပိုင်ထံသို့ ရောက်ရှိသွားပေပြီ။

"ဘယ်မှာလဲ"

"ငါ့အိမ်မှာ နင်လိုက်ယူမှဖြစ်မယ်"

"အခုလား"

"ဟုတ်တယ်။ အခု"

ချစ်သူပိုင်က အောင်နိုင်သည့်အကြည့်များဖြင့် သူမကို စိုက်ကြည့်ရင်း ပြောလိုက်သော် သူမ သက်ပြင်းမွဲမွဲ ချလိုက်ရပါ၏။

"ဒါဆို ခဏနေ . . . ဦး။ ငါ ဒီအိမ်လေးကို အိမ်ထဲမှာ သွားထားလိုက်ဦးမယ်"

"အခု ဦးကို ခဏပေးခဲ့လိုက်လေ . . . သစ်ရာ။ ဦးက ပေးပြီးသား ပစ္စည်းကို ပြန်ယူသွားမယ် မထင်ပါဘူး"

သူမ ပေးလိုက်သော လက်ဆောင်လေးကိုပင် ဘယ်လိုနေ၊ ဘယ်လို ထိုင်ဆိုပြီး ချစ်သူပိုင် ကွဲ့ဝိုက်စွာ အမိန့်ပေးနေ၏။

"ဟုတ်သားပဲ။ ရော့ . . . ဦး အိမ်လေးကို ခဏကြည့်ထားပါနော်။ ငါ ခဏနေ ပြန်လာခဲ့မယ်။ နင် ဒီမှာစောင့်ပြီး ရေခဲမုန့်သည်လာရင် ခေါ်ထားလိုက်"

နှစ်သစ်စကားက သူမကို ဒီမှာပဲနေခဲ့၊ လိုက်မလာခဲ့နဲ့လို့ မပြောရုံတမည်။ သူမကို ခြံထဲတွင် တစ်ယောက်တည်း ချန်ထားခဲ့သည့်စကားပင်။

"အင်းပါ . . . ငါ နင်ပြန်လာတဲ့အထိ စောင့်နေမယ်။ ပိုင်ပိုင်ပေးတဲ့ လက်ဆောင်ယူပြီးရင် နင်ဒီကို ပြန်လာမယ်မို့လား"

"ဒီကိုပဲ ပြန်လာမှာပါ . . . ဦးရယ်။ ငါ သစ်ကို အိမ်မှာ အပြီး မခေါ်ထားပါဘူး။ ဆန်ဈေးကြီးပြီး သစ်အစားကြီးမှန်း ငါကောင်းကောင်းသိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ရွဲ့သလိုလိုစကားပြောရင်း သူမကို ချစ်သူပိုင် ကျော်ခိုင်းသွားချိန်တွင်တော့ ချစ်သူပိုင် လက်ဖဝါးထဲတွင် နှစ်သစ်လက်ဖဝါးလေး ကပ်ပါသွားပြီဖြစ်သည်။ ချစ်သူပိုင်နှင့် နှစ်သစ် လက်တွဲပြီး သူမကို ကျော်ခိုင်းထွက်သွားသည့်မြင်ကွင်းကို သူမ ရင်နာနာနှင့်ပင် ငေးမောကြည့်နေရင်း ပြုံးလိုက်မိပါသည်။

"မျှော်ရတာ ဦးအကျင့်ဖြစ်နေပါပြီ . . . နှစ်သစ်ရယ်"

သူမ ထိုင်စောင့်နေစဉ် တစ်ညလုံး အပင်ပန်းခံပြီး လုပ်ထားသည့် အိမ်ဖြူဖြူလေးက သူမကို အဖော်ပြုပေးနေပါသည်။

သို့သော် ထိုနေ့က ရေခဲမုန့်သည်ဦးလေးကြီး ပြန်သွားသည့်တိုင် နှစ်သစ် ခြံဝန်းလေးထဲသို့ ပြန်မလာချေ။

ညနေ နေအတော်စောင်းမှ ပြန်လာသော နှစ်သစ်ကို ဖွဲ့ရှိရှိ ထိုင်စောင့်နေသူက သမီးဦး။ နှစ်သစ်မိဘများက သူမကို အိမ်ထဲသို့ခေါ်သော်လည်း သူမ ထိုခုံတန်းရှည်လေးမှ တစ်ဖဝါးမှ မရွေ့ခဲ့။

"ဦး . . . နင် မပြန်သေးဘူးပေါ့။ ဟုတ်လား"

နေစောင်းမှပြန်လာသော နှစ်သစ်လက်ဖဝါးထဲတွင် ချစ်သူပိုင့်လက်ဖဝါးလေး ပါလာပြန်သေးသည်။ ခြံတွင်ရပ်ပြီး အံ့အားသင့်စွာ နှစ်သစ် ပြောလိုက်ချိန်တွင်တော့ ချစ်သူပိုင်က ကျေနပ်စွာပြုံးလိုက်ပါသည်။

"နင်က စောင့်ခိုင်းထားတော့ စောင့်နေတာပေါ့"

နှစ်သစ် တကယ်ပင် အားနာနေသော မျက်ဝန်းများနှင့် သူမအနားသို့ တိုးကပ်လာခဲ့ပါသည်။

"ရေခဲမုန့်သည်ကြီးလည်း လာသွားပြီမို့လား . . . ဦး"

"လာသွားပြီလေ"

"ဒါဆို နင်ဘာလို့ ငါ့ကို လာမခေါ်တာလဲဟာ"



"ရေခဲမုန့်ဦးလေးကြီး ဘယ်အချိန်လာတတ်မှန်း နင်ကောင်းကောင်းသိပါတယ် . . . နှစ်သစ်ရယ်။ ငါ လာခေါ်မှ နင်သိမယ့်ကိစ္စမျိုးမှ မဟုတ်တာ"

"ဦး . . . နင်လုပ်တာနဲ့ပဲ သစ်က နင့်ကို အားနာနေရပြီ"

ချစ်သူပိုင်က သူမနှင့် နှစ်သစ်အကြား ဝင်ပြောလေသည်။

"နှစ်သစ်စောင့်ခိုင်းထားလို့ ငါစောင့်နေတာပါ။ စောင့်နေရုံသက်သက်ပါ။ နှစ်သစ်အားနာပြီး အနေခက်အောင် မရည်ရွယ်မှန်း ငါနဲ့ ငါကိုးကွယ်တဲ့ဘုရားသိတယ်"

ချစ်သူပိုင်ကိုပြောပြီး သူမအကြည့်များ နှစ်သစ်ထံသို့ ပြန်ရောက်သွားပါသည်။

"ငါပြန်တော့မယ် . . . နှစ်သစ်၊ မွေးနေ့မှာ ပျော်ရွှင်နိုင်ပါစေ"

ပြောပြီး သူမဆောက်ထားသော အိမ်လေးကို နှစ်သစ်ထံသို့ ပေးလိုက်သော် နှစ်သစ်ယူလိုက်လေသည်။ သူမ နှစ်သစ်နှင့် ချစ်သူပိုင်ကို ကျောခိုင်းပြီး ထွက်လာသော်လည်း သူမ စိတ်တွေက နှစ်သစ်အနားတွင် ဆက်နေချင်သေးမှန်းကို သူမ ကောင်းကောင်းသိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ သူမကို မေမေက ဂါဝန်လှလှလေးတစ်ထည် ဝတ်ပေးပါသည်။ ချစ်သူပိုင့်အစ်ကို ကိုသူပိုင် သင်္ဘောတက်ရတော့မည်ဖြစ်သောကြောင့် ကိုသူပိုင်ကို ချစ်သူပိုင်တို့နှင့်အတူ သူမနှင့်နှစ်သစ်တို့ လေယာဉ်ကွင်းသို့ လိုက်ပို့ပေးရမည်ဖြစ်ပါသည်။

သူမ ဂါဝန်လှလှလေးဝတ်ရသည့်အတွက် အတော်ပင် ကျေနပ်နေပါသည်။ ဘာ့ကြောင့်မှန်းမသိ၊ နှစ်သစ်အရှေ့တွင် သူမ အရမ်းလှနေချင်ပြီး သူမအလှကိုလည်း နှစ်သစ်ကို သတိထားမြင်စေချင်နေပါသည်။

ဆယ်ကျော်သက် (Teenager)အရွယ်တွင် လူတိုင်း ဝတ်ရ၊ စားရတာ အဆင်မပြေ ဘဝင်မကျဖြစ်တတ်သော်လည်း ဘုရားပေးသောဆုကြောင့် သူမ အတော်ပင် လှပနေပါသည်။

"ဦးက ဒီနေ့ တော်တော်ကြည့်ကောင်းနေတယ်နော်"

သူမကိုတွေ့သည်နှင့် ချစ်သူပိုင်က အသိမှတ်ပြုလိုက်ပါသည်။ ချစ်သူပိုင့်စကားကို နှစ်သစ်က ခေါင်းညိတ်ပြီး ထောက်ခံလိုက်ပါသည်။

ထို့နောက် ကိုသူပိုင်ကို လေဆိပ်သို့ သူမတို့ လိုက်ပို့ဖြစ်ခဲ့ပါသည်။ လေဆိပ်တွင် သုံးယောက်သား ယှဉ်ရပ်နေချိန်တွင် ကိုသူပိုင်က သူမကို နှစ်သစ်တို့နှင့် ခပ်လှမ်းလှမ်းသို့ လက်ကဆွဲခေါ်သွားပါသည်။



"သူငယ်ချင်းသုံးယောက် တည့်အောင်နေကြနော်"

ကိုသူပိုင်က သူမ ပါးလေးနှစ်ဖက်ကို ယုယစွာကိုင်ပြီး ေတာင်းဆိုလိုက်သော် သူမ မဆိုင်းမတွ ခေါင်းညိတ်ပြီး အဖြေပေးခဲ့ပါသည်။

ထို့နောက် ကိုသူပိုင် လေယာဉ်ပေါ်တက်သွားသော် သူမတို့အားလုံး အိမ်ပြန်ခဲ့ပါတော့သည်။

ဆယ်ကျော်သက်အရွယ်သို့ ရောက်နေပြီဖြစ်သော်လည်း သူမ နှစ်သစ်နှင့် တွေ့ရမည့် ညနေပိုင်းကို မျှော်နေတတ်တုန်းပင် ဖြစ်ပါသည်။ ငယ်စဉ်ကလို ဆော့ဖို့သက်သက်ချည်းမဟုတ်ပဲ တစ်ခါတလေ ဆိုင်းကျက်တတ်ပါသေးသည်။

"ဦး . . ."

ညနေစောင်း နှစ်သစ်ခြံဖက်သို့ သူမ ကူးလာစဉ် နှစ်သစ်နှင့်ခြံဝတွင် ဆုံတွေ့လိုက်ရပါသည်။

" နင် ငါ့ကိုမျှော်နေတာလား . . . နှစ်သစ်"

မျှော်လင့်ခြင်းများ ပြည့်ဝစွာမေးလိုက်သော မေးခွန်းကို နှစ်သစ်က ခေါင်းခါပြီးဖြေ၏။

"ကိုသူပိုင်ထွက်သွားတော့ ပိုင်ပိုင်တော်တော်ခံစားနေရတယ် . . . ဦး။ အဲ့ဒါ ငါ ပိုင်ပိုင့်ကိုသွားပြီး အဖော်လုပ်ပေးဖို့။ ငါရှိနေတော့ သူ သိပ်မငိုတော့ဘူးပေါ့ဟာ"

"သြော် . . . "

နင့်နဲသည့်ခံစားချက်လေးနှင့်အတူ သူမ ငေးငေးလေး ဖြစ်သွားရပါသည်။

"နင် လိုက်ခဲ့ဦးမလား . . . ဦး"

"မလိုက်ခဲ့တော့ပါဘူး . . . နှစ်သစ်ရယ်။ ပိုင်ပိုင့်ကို နှစ်သိမ့်ဖို့ဆိုရင် နင်က ငါ့ထက်သင့်တော်တဲ့သူပါ။ ငါ အိမ်ပြန်လိုက်ဦးမယ်"

"အေး . . . ဒါဆို ငါသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

သူမခြေလှမ်းပင် မရွေ့သေး။ နှစ်သစ် ချစ်သူပိုင်တို့ခြံဖက်သို့ အပြေး တစ်မိုင်းနှင့် ကူးသွားလေပြီ။ သူမ မျက်ရည်များကိုပင် ဂရုမစိုက်တော့ချေ။

"ထားလိုက်ပါ . . . ဦးရယ်။ အခု ပိုင်ပိုင်က အရမ်းဝမ်းနည်းနေလို့ နှစ်သစ် သွားချော့တာပါ။ နင် ဒီလောက်တော့ သဘောထားကြီး သင့်တယ်လေ"

ကိုယ့်ကိုယ်ကိုယ် ပြန်ဖြေသိမ့်စကားဖြင့် လေးလံသောခြေလှမ်းများက သူမကို အိမ်သို့ ပြန်လည်သယ်ဆောင်ခဲ့ပါတော့သည်။



နေမင်းကြီးက ကောင်းကင်တွင် ကောင်းစွာနေရယူထားပါသည်။ ထို့အပြင် ကျောင်းကော်ရစ်တာတွင်လည်း ကျောင်းသား/သူများ ပြေးသူ ပြေး၊ ခုန်သူခုန်၊ လမ်းလျှောက်သူ လမ်းလျှောက်ဖြင့် အတော်ပင် စည် ကားနေပါ၏။

"မနေ့က နင့်ခြေလှမ်းတွေ အရမ်းလေးလံနေမှန်း ငါသိတယ် . . ဦး"

နေ့လယ် မုန့်စားဆင်းချိန် သူမ အအေးတစ်လုံးကို စိမ်ပြေနပြေ သောက်ရင်း အခန်းနံရံတွင်ခေါင်းမှီကာ အတွေးများအတိုင်း စီးမျောနေ စဉ် ချစ်သူပိုင် သူမအနားသို့ ရောက်လာလေသည်။

"နင် ဘာပြောလိုက်တာလဲ . . . ပိုင်ပိုင်"

မှီထားသည့်ခေါင်းကို ပြန်မတ်ရင်း ချစ်သူပိုင်ကို သူမ မေးလိုက် မိပါသည်။ ချစ်သူပိုင်က သူမဘေးတွင် ဝင်ထိုင်လိုက်၏။

"မနေ့က ငါ့ကိုကိုသွားတော့ ငါအရမ်းဝမ်းနည်းနေတာကို သစ် ကရိပ်မိပြီး ငါ့ကိုလာဖြေသိမ့်ပေးဖို့ နင့်ရှေ့က ပြေးထွက်တဲ့အချိန်၊ အိမ်ပြန်တဲ့ နင့်ခြေလှမ်းတွေက လိုတာထက်ပိုပြီး လေးလံနေတယ် လို့ ပြောလိုက်တာပါ"

သူမ ခပ်ယဲ့ယဲ့ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ကို မနေ့က နင်ချောင်းကြည့်နေတာလား ပိုင်ပိုင်"

"ဟုတ်တယ် . . . ချောင်းကြည့်နေတာ"

သူမ သက်ပြင်းငွေ့ငွေ့ ချလိုက်ပါသည်။

"ဒါဆို နင်တွေ့ပြီးသားကိစ္စကြီးကို နင်ဘာလို့ ငါ့ကိုလာမေးနေသေးတာလဲ"

"မနေ့က ငါ လုံးဝ ဝမ်းမနည်းဘူး . . . ဦး"

မဆီမဆိုင်ကြားလိုက်ရသော ချစ်သူပိုင့်ဝန်ခံချက်ကြောင့် အံ့သြမှုဖြင့် သူမ မျက်လုံးလေး ဝိုင်းစက်သွားရပါသည်။

"နင် ဝမ်းမနည်းဘူး"

"ဟုတ်တယ်။ ငါ ဝမ်းမနည်းဘူး။ ငါ့အစ်ကိုက ငါတို့မိသားစု ချမ်းချမ်းသာသာနေနိုင်ဖို့ သဘောတကျတာပဲ ငါ ဘာဝမ်းနည်းစရာရှိလို့လဲ"

"ဒါပေမဲ့ မနေ့က နင် ငိုနေတယ်လေ"

"အဲဒါ မူယာမာယာသုံးတာလေ"

"ဘာအတွက်"

"ငါ့ကို သစ်ဘယ်လောက် ဂရုစိုက်လဲဆိုတာ သိချင်လို့ပေါ့"

အောင်နိုင်သူအပြုံးဖြင့် ပြောလိုက်သော ချစ်သူပိုင့်စကားကြောင့် သူမရင်ထဲ နင့်ခနဲ ဖြစ်သွားပါသည်။

"နင် သိလိုက်ရလား . . . ပိုင်ပိုင်"

"သိလိုက်ရတာပေါ့။ ငါ အဲ့လို ဟန်ဆောင်လိုက်ရတဲ့အတွက် အနည်းဆုံးတော့ ငါက နင့်ထက် သစ်အတွက်ပိုပြီး အရေးပါမှန်း သိလိုက်ရတာပေါ့"

သူမ အားယူကာ ပြုံးလိုက်ရပါသည်။

"နင်က အတွေးခေါင်နေတာပါ . . . ပိုင်ပိုင်။ ငါနဲ့နင့်ဆို နှစ်သစ်က နင့်ကိုပဲ ဦးစားပေးမှာပေါ့။ နင်တို့က ငါ့ထက်အရင် တွေ့ကြတာလေ မဟုတ်ဘူးလား"



သူမ ပြုံးနေသော်လည်း တကယ်တော့ သူမရင်ထဲတွင် ကျိတ်ကာ ငိုကြွေးနေမိပြီဖြစ်ပါသည်။

"ငါ အတွေးခေါင်တာ မဟုတ်ဘူး . . . ဦး။ ငါက ရှင်းရှင်းလင်းလင်း သိချင်တာ။ နောက်ပြီး နင့်ကိုလည်း ရှင်းရှင်းလင်းလင်း သိစေချင်တာ"

သူမ မျက်မှောင်လေးကုပ်ပြီး ချစ်သူပိုင်ကို ကြည့်လိုက်မိပါသည်။

"နင်နဲ့ ငါဆိုရင် သစ်က ငါ့ကိုပိုပြီးဦးစားပေးမှန်း ငါလည်း ကောင်းကောင်းသိ၊ နင်လည်းကောင်းကောင်း နားလည်သွားရအောင်ပါ"

သူမ သက်ပြင်းမြွေမြွေ ချလိုက်မိပါသည်။

"ငါ အရင်ကတည်းက နားလည်နေတာပါ . . . ပိုင်ပိုင်။ ကောင်းကောင်းလည်း သိပါတယ်။ ဒါပေမဲ့ နင့်ထက် ငါ့ကိုတစ်နေ့နေ့ နှစ်သစ်ပိုပြီး ခင်လာဖို့အတွက် ငါအချိန်တိုင်း မျှော်လင့်နေတယ်"

ပြတ်သားစွာ ဝန်ခံလိုက်သည့်စကားဆုံးသော် ချစ်သူပိုင့်မျက်နှာ သိသိသာသာ ပျက်ယွင်းသွားလေ၏။

"မျှော်ရင်းနဲ့ နင်သေသွားလိမ့်မယ်။ အဲဒီမျှော်လင့်ချက်တော့ ပြည့်မှာမဟုတ်ဘူး"

"ပြည့်၏၊ မပြည့်၏ ဆိုတာက နှစ်သစ်ဆုံးဖြတ်ရမှာ။ မျှော်ရမှာက ငါ့အလုပ်။ ငါကတော့ သေသွားသည့်တိုင်အောင် မျှော်နေမှာ"

ပြောပြီးသည်နှင့် သူမ လက်မှ နာရီလေးကို ငုံ့ကြည့်လိုက်ပါသည်။

"ကျောင်းပြန်တက်တော့မယ်။ ငါ အခန်းထဲဝင်တော့မယ်"

ပြောပြီး ထိုင်ရာမှ ထရပ်ရန်ပြင်လိုက်သော သူမ လက်ဖဝါးတစ်ဖက်ကို ချစ်သူပိုင် လှမ်းဆွဲလိုက်ပါသည်။

"အခု ငါတို့အရွယ်တွေက ဆယ်ကျော်သက်အရွယ်တွေ ကျော်ပြီးနေပြီ။ နင်က ခင်ဖို့လေးကိုတောင် ဒီလောက်မျှော်လင့်နေတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် အချစ်ကိစ္စ စဉ်းစားမယ်ဆိုရင်တော့ နင်စဉ်းစားမယ့် ပထမ ဦးဆုံးယောကျ်ားက သစ်ဖြစ်နိုင်တယ်နော် . . . ဦး"

သတိပေးသလိုလို၊ ခြိမ်းခြောက်သလိုလိုပြောလိုက်သော ချစ်သူပိုင့် စကားကို သူမ နားမလည်ပါ။

"ငါကတော့ သေချာတယ်။ ငါကိုးတန်းအောင်၊ ဆယ်တန်းရောက် ပြီဆိုတာနဲ့ ငါ့ကို သစ်က ရည်းစားစကားပြောလိမ့်မယ်"

"ဟုတ်လား . . . အဲ့ဒါ နင်တို့သမိုင်းလေ"

"ငါတို့သမိုင်းထဲမှာ နင်သိပ်မျှော်လင့်နေတဲ့ ခင်မင်မှုတွေကို တမွေ့ တပိုက်ကြီးလွယ်ထားတဲ့ သစ်လည်း ပါနေတယ်လေ"

ရင်ထဲ နင့်ခနဲဖြစ်သွားသော်လည်း သူမ အားယူကာ ပြုံးလိုက်မိ ပါသည်။

"ငါကတော့ သစ် ငါ့ကို ရည်းစားစကားပြောတာနဲ့ ပြန်ပြီး အဖြေ ပေးဖြစ်အောင် ပေးလိုက်မှာ"

"အရင်ဦးဆုံး နှစ်သစ်က နင့်ကို ရည်းစားစကားပြောဖြစ်အောင်ပဲ နင် ဆုတောင်းပါဦး . . . ပိုင်ပိုင်။ သိပ်ပြီး အပိုင်တွက်မထားပါနဲ့။ ကမ္ဘာကြီးရဲ့တည်နေရာတောင် ဒီနေ့တစ်မျိုး၊ မနက်ဖြန်တစ်မျိုး ပြောင်းလဲနေတာလေ"

အပြုံးနှင့်ပြောပြီး ချစ်သူပိုင့်ကို ကျောခိုင်းလိုက်ချိန်တွင်တော့ သူမ မျက်ဝန်းတွင် မျက်ရည်ပူများ ရှိနေပေပြီ။ ထို့အပြင် သူမလွန်စွာ စိုးရိမ် နေမိပါ၏။ ချစ်သူပိုင်ပြောသည့်အတိုင်း တကယ်ဖြစ်သွားမည်ကို သူမ လွန်စွာ စိုးရိမ်နေမိပြီပင်။

ဒါဆို သူမက နှစ်သစ်နှင့် ချစ်သူပိုင် ရည်းစားတွေဖြစ်သွားမည် ကို စိုးရိမ်နေမိပြီပေါ့။ ထိုသို့ စိုးရိမ်ခြင်းက ဘာ့ကြောင့်ဖြစ်ပေါ်လာပါ သနည်း။



ဆက်ကာ စဉ်းစားကြည့်မည်ဆိုလျှင် သူမလည်းပဲ နှစ်သစ်ကို ခင်ချင်ရုံသက်သက်ဆိုသည့်စကားက မှန်နိုင်ပါဦးမည်လား။

ဘုရား . . . ဘုရား . . . ခင်ချင်ရုံသက်သက်သာ ဖြစ်ရပါလို၏။ ခင်ချင်ရုံသက်သက်မှာတောင် သူမ အလူးအလိမ့်ခံစားနေရတာ။ အကယ် ၍ ချစ်မိသွားပြီဆိုလျှင် . . .

သက်ပြင်းမောကြီးတစ်ခု ချလိုက်မိပြီး သူမ ဆက်လည်း မတွေး ရဲတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်ကတည်းက သူမတို့သုံးယောက် စာကျက်လျှင် သူမအိမ်တွင် တစ်ရက်၊ နှစ်သစ်အိမ်တွင် တစ်ရက် စသဖြင့် အလှည့်ကျ စာကျက်လေ့ရှိပါသည်။ ယနေ့ သူမအိမ်တွင် စာကျက်ဖို့ အလှည့်ကျပါသည်။

ယခု သူမတို့ ကိုးတန်းတက်နေပြီဖြစ်သောကြောင့် နှစ်သစ် ပထမနှစ်ရောက်နေပြီဖြစ်သော်လည်း စာအတူတူ ကျက်နေတုန်းပင်။

စာကျက်ချိန်မတိုင်ခင်ကတည်းက သူမ အားလုံး ပြင်ဆင်ပြီးသားဖြစ်နေလေပြီ။

အချိန်တန်တော့ နှစ်သစ်ရောက်လာပါသည်။ ချစ်သူပိုင်တော့ ပါမလာချေ။

"ဒီနေ့ Physics တွေကြည့်မယ် . . . ဦး"

ပြောသာပြောနေသော်လည်း နှစ်သစ် စာထဲတွင် စိတ်မဝင်စားမှန်း သူမ ကောင်းစွာသိနေပါသည်။

"ပိုင်ပိုင် . . . ဘာလို့မလာတာလဲ မသိဘူး"

အိမ်ရှေ့သို့ မျှော်ကြည့်ရင်းပြောလိုက်သော နှစ်သစ်စကားကို မကြားရခင်ကတည်းက ချစ်သူပိုင်ကို နှစ်သစ်မျှော်နေမှန်း သူမကောင်းစွာ သိနေပါ၏။



"သွားမေးကြည့်လိုက်ပါလား . . . နှစ်သစ်"

နှစ်သစ်ရဲ့ သိချင်စိတ်ကို သူမ အားပေးလိုက်သော် နှစ်သစ် ခေါင်းညိတ်၏။ ထို့နောက် နှစ်သစ် ထိုင်ရာမှထရပ်ဖို့ ပြင်စဉ်မှာပင် ချစ်သူပိုင် သူမတို့အိမ်သို့ ရောက်လာပါသည်။

"ငါ ဒီနေ့ စာမကျက်ဖြစ်တော့ဘူး . . . ဦးနဲ့သစ်"

"ဘာဖြစ်လို့လဲ"

"ငါ့မေမေ အပြင်သွားရင် လိုက်သွားရမယ်လေ။ ကဲ . . . ငါသွားပြီ"

ချစ်သူပိုင်နှင့် နှစ်သစ်စကားပြောပြီး ချစ်သူပိုင်ပြန်သွားသော် နှစ်သစ်တစ်ယောက် သိသာစွာ တိတ်ဆိတ်သွားပါတော့သည်။

စာကျက်ဝိုင်းတွင် နှစ်သစ်ရှိနေသော်လည်း နှစ်သစ်စိတ်တွေကတော့ ချစ်သူပိုင့်နောက်လိုက်သွားပြီဖြစ်ကြောင်း သူမ ကောင်းစွာ သိနေပါ၏။

"ပိုင်ပိုင်မရှိတာ တစ်မျိုးကြီးပဲနော်"

စာကျက်နေသော သူမကို နှစ်သစ်ပြောလိုက်ပါသည်။

"နင် မကျက်ချင်ရင် မကျက်နဲ့တော့လေ။ ပြန်ချင်ပြောပေါ့။ ငါက တစ်ယောက်တည်းလည်း ကျက်တတ်ပါတယ်"

အလိုက်သိစွာ ခွင့်ပေးလိုက်သော်လည်း နှစ်သစ် ခေါင်းခါယမ်းလိုက်လေသည်။

"သုံးယောက်တည်းက တစ်ယောက်လျော့သွားလို့ တိတ်ဆိတ်နေရတဲ့ကြားထဲ ငါပါပြန်သွားရင် ပိုပြီး တိတ်ဆိတ်သွားမှာပေါ့ . . . ဦးရယ်။ နင် စာဆက်ကျက်ပါ။ ငါ နင့်ကို အဖော်လုပ်ပေးမယ်"

"ကျေးဇူးပါပဲ . . . နှစ်သစ်"

"ရပါတယ်။ သူငယ်ချင်း အချင်းချင်းတွေပဲဥစ္စာ"

သူမကို နှစ်သစ် အပြုံးဖြင့် ပြန်တုံ့ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါမေးခွန်းတစ်ခုလောက်မေးချင်တယ် . . . နှစ်သစ်"

"မေးလေ"

"ငါ မေးသင့်ရဲ့လား မသိဘူး"

"ဒါကတော့ နင်မေးကြည့်ပြီးမှ သိမှာလေ"

သူမ မေးဖြစ်အောင်မေးလိုက်ရန် မာန်တင်းလိုက်မိပါသည်။

"ငါနဲ့ပိုင်ပိုင်ဆို နင် ဘယ်သူ့ကို ပိုခင်လဲ"

"ငါ အမှန်အတိုင်း ဖြေရမလား"

"ငါအဖြေမှန်ကိုပဲ သိချင်တယ်"

"ငါ ပိုင်ပိုင့်ကို ပိုခင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နင်မရောက်ခင် ဟိုးငယ်ငယ်ကတည်းက ငါ့ဆော့ဖော်၊ ဆော့ဖက်က ပိုင်ပိုင်လေ"

ပြတ်သားလှသော နှစ်သစ်အဖြေကြောင့် သူမ ဟန်ဆောင်ဖုံးဖိကာ ပြုံးလိုက်သော်လည်း ရင်တွင်းခံစားချက်ကိုတော့ ကောင်းစွာ မဖုံးဖိလိုက်နိုင်ချေ။

"နင် စိတ်မကောင်းဖြစ်သွားလား . . . ဦး"

"ငါ့ထက် ပိုင်ပိုင့်ကို နင်ပိုခင်တာ တရားနည်းလမ်းကျပါတယ်"

"ငါမေးတာက နင်စိတ်မကောင်းဖြစ်သွားလားလို့ မေးတာလေ"

"အမှန်အတိုင်းဖြေရမယ်ဆိုရင်တော့ ငါစိတ်မကောင်းဖြစ်သွားတယ် နှစ်သစ်။ အဲဒါ ဘာဖြစ်လို့လဲ သိလား"

နှစ်သစ် ခေါင်းခါလိုက်ပါသည်။

"နင် ပိုင်ပိုင့်ကိုပိုခင်လို့ စိတ်မကောင်းဖြစ်တာ မဟုတ်ဘူး။ ငါ နင့်အနား အရောက်နောက်ကျခဲ့လို့ စိတ်မကောင်းဖြစ်တာ။ နင်နဲ့နောက်မှ သိခဲ့ရတဲ့အတွက် ငါကံကြမ္မာကိုလည်း မကျေနပ်ဘူး။ ဒါပေမဲ့ ကံကြမ္မာကြီးကို ငါမှ မပြောင်းလဲနိုင်တော့တာ"

သူမပြောလိုက်စဉ် စိတ်မကောင်းဖြစ်သည့်အကြည့်များနှင့် နှစ်သစ် သူမကို ငေးကြည့်နေပါတော့သည်။



"ငါဖြေလိုက်တာ မှားသွားပြီလားမသိဘူး . . . ဦး"

"မမှားပါဘူး မှန်ပါတယ်"

ရင်ခုန်သံကို ထိန်းချုပ်ကာ ခံစားမှုများကို ဟန်ဆောင်ရင်း သူမ အချိန်ပြည့်သွားသည်အထိ စာကို ဆက်ကျက်နေဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမ ဆယ်တန်းနှစ်တွင် ချစ်သူပိုင်တို့မိသားစုတစ်ခုလုံး အဆင့်မြင့် အိမ်ရာတစ်ခုသို့ ပြောင်းရွှေ့သွားကြပါသည်။

ချစ်သူပိုင်တို့ အိမ်ပြောင်းသည့်နေ့တွင် နေသာနေ၏။ နေမင်းက နံနက် (၁၀)နာရီအချိန်တွင် ကောင်းကင်၌ ကောင်းစွာ နေရာယူထား လေပြီဖြစ်ပါသည်။

ချစ်သူပိုင်တို့ အိမ်ပြောင်းသည့်အခါ သူမလည်း ချစ်သူပိုင်တို့ကို ဝိုင်းကူလုပ်ကိုင်ပေးဖြစ်ပါသည်။ သယ်နိုင်သည့်ပစ္စည်းများကို ဝိုင်းကူ ရွှေ့ပေးကြပါသည်။ နှစ်သစ်လည်း သူမနည်းတူ ကူလုပ်ပေးပါ၏။

ထိုအိမ်ပြောင်းသည့်ကားကြီးနှင့်ပင် တပျော်တပါးကြီး ချစ်သူပိုင်၏အိမ်အသစ်သို့ သူမ လိုက်ဖြစ်ခဲ့ပါသေးသည်။

ချစ်သူပိုင့်အိမ်အသစ်က သူမ ငယ်စဉ်ကရောင်းခဲ့သည့် တိုက်ကြီး လိုပင်။ အိမ်ကြီး အတော်ပင်ကြီးမားပြီး ခြံဝန်းလည်း အတော်ကျယ်သော ကြောင့် သူမ ဦးနှောက်နှင့်မီသလောက် တွက်ကြည့်သော် ထိုကဲ့သို့ အိမ်ကြီး၏ ကာလတန်ဖိုးက သိန်းထောင်ဂဏန်းအထက် ရှိနိုင်ပေသည်။

"အိမ်အသစ်က လှတယ်နော် . . . ဦး"

တိုက်အိမ်ကြီးကို မော့ကြည့်နေသည့် သူမအနားသို့ ချစ်သူပိုင် ရောက်လာပြီး မေး၏။



"အင်း . . . အရမ်းလှတာပဲ"

"နှင်ရော ဒီလိုအိမ်မျိုးမှာ နေချင်လား"

"မနေချင်ပါဘူးလို့ လူတစ်ယောက်ယောက်က ငြင်းရင်တောင် နှင် နေတာကို မနာလိုလို့ ငြင်းတာပဲဖြစ်ရမယ် . . . ပိုင်ပိုင်။ ငါကတော့ ဒီအိမ်ကြီးမှာ နေချင်တယ်။ ဒါပေမဲ့ အားမသန်၊ မာန်လျှော့ရတာ ပေါ့ဟာ။ အခု ငါနေနေတဲ့ အိမ်လေးကသေးပေမဲ့ ငါ့အတွက် အဆင်ပြေနေပါတယ်"

"နှင် ငါ့ကို အားမကျဘူးလား"

"အားကျပါတယ်"

"နှင် နောက်ထပ် အားကျရမယ့်ကိစ္စတွေ တစ်ပုံကြီးရှိသေးတယ် ဦး"

ပြောပြီး ချစ်သူပိုင် သူမအနားမှ ပြန်ထွက်သွားလေပြီ။ သူမက လည်း အိမ်ကြီးကို ဆက်ကာမော့ကြည့်လျက် ငေးနေမိပြန်၏။ ထိုစဉ် သူမအနားသို့ ချစ်သူပိုင် ဒုတိယအကြိမ် ပြန်ရောက်လာပြန်၏။

"အခုဆို လမ်းထဲမှာ ငါမရှိတော့ဘူးဆိုတော့ အချိန်တိုင်း နှင်က သစ်နဲ့ နှစ်ယောက်တည်း ဖြစ်သွားပြီပေါ့နော်"

"ဘာလဲ နှင်က ငါ့ကို အားကျနေလို့လား"

"အားမကျပါဘူး"

"အဲ့ဒီစကားကို သူများတွေလျှောက်မပြောနဲ့ . . . ပိုင်ပိုင်။ နှင် ငါ့ ကို မနာလိုဖြစ်နေမှန်း သူများတွေ သိသွားလိမ့်မယ်"

ချစ်သူပိုင်ကို စေ့စေ့ကြည့်ရင်း ပြောလိုက်သော သူမစကားကြောင့် ချစ်သူပိုင် ရှုံ့တန်းရှုံ့တန်း ဖြစ်သွားလေသည်။

"ငါ မနာလိုဘူးလို့ ဘယ်သူပြောမှာလဲ။ လူကသာ နှင်နဲ့အတူနေ နေပေမဲ့ သစ်ရဲ့စိတ်တွေက ငါ့အနားမှာ တစ်ချိန်လုံးရှိနေတာ ငါ သိတယ်။ နောက်ပြီး နှင်လည်း သိပါတယ်"

www.burmeseclassic.com

မကျေမနပ်နှင့် ခြိမ်းခြောက်သလိုပြောလိုက်သော ချစ်သူပိုင့်စကားများကြောင့် သူမ မျက်ခုံးလေးများ တွန့်သွားရပါ၏။ ရင်ဘတ်ထဲလည်း အောင့်သွားရပါသည်။ သို့သော် တစ်ခဏတွင်းမှာပင် ချစ်သူပိုင်ကို ပြန်ပြောဖို့ စကားစုတစ်ခုကို သူမ စဉ်းစားလိုက်နိုင်ပါသည်။

"ငါသိပြီးသားဆိုရင် နင်ဘာလို့ ပြောပြနေတာလဲ . . . ပိုင်ပိုင်"

ချစ်သူပိုင်မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်သော သူမမေးခွန်းကို ချစ်သူပိုင် မဖြေနိုင်။

"ဟုတ်တယ် . . . ငါသိတယ်။ နှစ်သစ်ရဲ့အတွေးတိုင်းမှာ နင်ရှိတယ်။ အေး . . . ဒါပေမဲ့ နှစ်သစ်ရဲ့ လက်တစ်ကမ်းအကွာမှာတော့ ငါပဲရှိနေတာလေ"

တကယ်တော့ ချစ်သူပိုင် ခြိမ်းခြောက်စကားကို သူမ ခုခံခဲ့ခြင်းသက်သက်ပါ။ မထင်မှတ်ဘဲ ချစ်သူပိုင်ဒေါသများက သူမအပေါ်တွင် စုပုံသွားပါတော့၏။

"အဝေးကြီးကလူနဲ့၊ အနီးလေးကလူ၊ ဘယ်သူပိုပြီး ထိရောက်လဲဆိုတာ အချိန်တိုလေးတစ်ခုက နင့်ကို သက်သေပြသွားလိမ့်မယ်ဦး။ အဲ့ဒါအခါကျရင်တော့ နင့်ကိုနှစ်သိမ့်ဖို့ နင့်ခေါင်းအုံးက အဆင်သင့်ဖြစ်နေမှာပါ။ နင့်မျက်ရည်တွေ ဘယ်လောက်များများ နင့်ခေါင်းအုံးက သုတ်ပေးနိုင်မှာပါ"

ချစ်သူပိုင်ဒေါသများဖြင့်ပြောသွားသော 'အချိန်တိုလေး' ဆိုသည့် အနိုက်အတန့်ကို သူမ ကြောက်လန့်မိသော်လည်း အပြုံးတစ်ခုကို ပန်ဆင်ကာ ဟန်မပျက် ချစ်သူပိုင်ကို သူမ ဆက်ဆံနိုင်ခဲ့ပါသည်။

"အိမ်ထဲမှာ သစ်ကို သွားကူညီပေးလိုက်ဦးမယ်။ အခု သစ် ငါ့အခန်းမျက်နှာကြက်မှာ ကြယ်လေးတွေ ကပ်ပေးနေတယ်လေ။ ညဥ့်နက်လို့ ငါတစ်ယောက်တည်း ပျင်းရင် ကြည့်ဖို့တဲ့"

ချစ်သူပိုင် မဲ့ပြုံးဖြင့် သူမအရှေ့မှ ထွက်သွားပြီးသည့်တစ်ခဏအတွင်းမှာတော့ သူမ ရင်ခွင်ကြီးတစ်ခုလုံးကို လက်ဝါးကြီးတစ်ခုနှင့်



ဆုပ်ကိုင်ခံလိုက်ရသကဲ့သို့ တဆစ်ဆစ် နာကျင်ခံစားရပါသည်။ သူမအားမာန်တင်းကာ ပြုံးထားနိုင်ခဲ့သော်လည်း တစ်ခါတစ်ခါတော့ ပြုံးနေသည့် သူမ မျက်ဝန်းအတွင်းသို့ မျက်ရည်ပူများ ရောက်ရှိလာလေ့ရှိပါသည်။

ထားလိုက်ပါ။ ထိုမျက်ရည်များက သူမ၏ မျှော်လင့်နေတဲ့ အစိုင်ကြီးတစ်ခုလုံးကို နည်းနည်းလေးမျှ မထိန်းချုပ်နိုင်ခဲ့ပေ။

စိတ်ထဲမှ မွန်းကျပ်နေသော ခံစားချက်သက်သာအောင် သူမခြံထဲတွင် အချိန်ခဏဖြုန်းနေလိုက်ပါသည်။ ထို့နောက် ခြံထဲတွင်ရှိနေသော ဒန်းလေးဆီသို့ ပြေးသွားကာ တစ်ယောက်တည်း စီးနေမိပါသေးသည်။

သူမ ခြံဝန်းထဲတွင် ဒန်းစီးနေရင်းနှင့် ကောင်းကင်မှ နေမင်းအလင်းဆောင် တဖြည်းဖြည်းမှိန်ကာ ညပိုင်းသို့ ရောက်သွားကြောင်း တွေ့နေရပါသည်။

"ညဆိုရင် လမင်းကြီး လင်းလာတော့မယ်"

မျှော်လင့်ချက်အပြည့်ဖြင့် ကောင်းကင်ကို မော့ကြည့်ကာ ပြောလိုက်သော သူမစကားအဆုံးတွင် သူမထံသို့ လျှောက်လာနေသော ချစ်သူပိုင်ကို တွေ့လိုက်ပါသည်။

"ဒီနေ့ လမိုက်ညလေ . . . ဦးရဲ့။ နင် လမင်းကြီးကို မျှော်နေလည်း ဒီညတော့ ဘယ်နည်းနဲ့မှ သူ နင့်အတွက် ထွန်းလင်းပေးမှာ မဟုတ်တော့ဘူး"

သူမအား နေရာအလွတ်တွင် ဝင်ထိုင်ရင်းပြောလိုက်သော ချစ်သူပိုင့် စကားကြောင့် သူမ သက်ပြင်းမြေ့မြေ့ချလိုက်ရပါသည်။

"ငါက လပြည့်ညရောက်မှ လမင်းကို ထိုင်ငေးတတ်တဲ့ လူစားမျိုး မဟုတ်ဘူး . . . ပိုင်ပိုင်။ လမိုက်ညဆိုလည်း ငါ သူ့ကို ထိုင်ငေးနေမှာပါ။ ကောင်းကင်မှာ သူ ရှိရှိ၊ မရှိရှိပေါ့။ ကောင်းကင်မှာ ရှိသင့်၊ မရှိသင့်က သူ့ဆုံးဖြတ်ချက်၊ ထိုင်ငေးနေမှာက ငါ့ဆုံးဖြတ်ချက်"



www.burmeseclassic.com

www.burmeseclassic.com

"မထွန်းလင်းမှန်း သိရက်နဲ့ ထိုင်ငေးနေတော့ အချိန်တွေ နှမြောဖို့ကောင်းပါတယ် . . . ဦးရာ"

"အချိန်ကုန်ပေမဲ့ ဦးက ဆုံးဖြတ်ချက်အတိုင်း တာဝန်ကျေတတ်မှန်း လမင်းကြီး တစ်နေ့နေ့တော့ သိနိုင်ကောင်းပါတယ် . . . ပိုင်ပိုင်ရဲ့ တစ်ခါတလေလည်း သူ့အတွက် လမိုက်ည တစ်ညညတော့ လင်းပေးနိုင်ကောင်းပါတယ်"

ထိုစကားကိုပြောလိုက်သူက နှစ်သစ်။ နှစ်လိုဖွယ်အပြုံးလေးနှင့်အတူ သူမတို့အနားသို့ နှစ်သစ်ရောက်လာပါသည်။

သူမဖက်မှ ကူပြောပေးလိုက်သော နှစ်သစ်ကို ရင်ထဲမှ လှိုက်လှဲစွာ ကျေးဇူးတင်ရင်း သူမ ငေးကြည့်နေမိပါသည်။

"ပြီးပြီလား . . . သစ်"

"ပြီးသွားပြီ။ နေ့လယ်ဘက် နေရောင်ရတော့ ညဘက်ဆိုရင် ပိုင်ပိုင့်အိပ်ခန်းမျက်နှာကြက်မှာ ကြယ်လေးတွေ လင်းနေမှာ သေချာတယ်"

"နောက်နေ့ကျရင် 'လ' ပုံစံတစ်ခုကိုပါ ဝယ်ခဲ့ဦးမယ်။ သစ် ကပ်ပေးနော်။ ဒီတော့ လမင်းကိုကြည့်ဖို့ ဦးလို အချိန်မကုန်တော့ဘူးလေ။ ညဖက်အိပ်ချင်လို့ မီးမှိတ်လိုက်တာနဲ့ လမင်းက ငါ့မျက်နှာကြက်မှာ ထွန်းလင်းပြီးသားဖြစ်နေမှာ"

မော်ကြွားစွာပြောလိုက်သော ချစ်သူပိုင့်စကားအဆုံးတွင် နှစ်သစ်၏ အားနာသောအကြည့်များ သူမထံသို့ ရောက်လာပါသည်။

"ဒါပေမဲ့ အဲ့ဒါက နင်ဖန်တီးထားတဲ့ 'လ'အတုလေ။ အစစ်မှ မဟုတ်တာ"

သူမ ပြုံးလျက် ချစ်သူပိုင်ကို ပြောလိုက်ပါသည်။

"အတုဆိုပေမဲ့ အဲ့ဒါက သစ်ကိုယ်တိုင် ဖန်တီးပေးထားတာလေ။ ငါ့အတွက် အစစ်ထက်တောင် ပိုပြီး အဆင်ပြေသေးတယ်"

ချစ်သူပိုင်လည်း သူမကဲ့သို့ ပြုံးလျက် သူမကို ပြန်ပြောလိုက်ပါသည်။



"ကိုယ့်အတွက် အဆင်ပြေရင် အဖက်ဖက်က ကောင်းပါတယ် . . ပိုင်ပိုင်။ နင်လည်း နင့်အကြိုက်နဲ့နင်၊ ငါလည်း ငါ့အကြိုက်နဲ့ငါပေါ့"

သူမစကားဆုံးသွားသော ချစ်သူပိုင်နှင့် သူမတို့ အကြည့်ချင်းဆုံပြီး အားပြိုင်နေကြသည့်အလား ခဏတော့ တိတ်ဆိတ်သွားကြပါ၏။

"ကဲ . . . မိန်းကလေးတို့၊ စကားခဏရပ်။ အန်တီက ထမင်းစားဖို့ ခေါ်နေပြီ"

နှစ်သစ်က လက်ခုပ်တစ်ချက်တီးရင်း သူမနှင့်ချစ်သူပိုင် စိုက်ကြည့်နေခြင်းကို ဟန့်တားကာ ကျယ်ကျယ်လေး အော်ပြောလိုက်ပါသည်။ ထိုအခါမှ သူမနှင့်ချစ်သူပိုင်တို့ အကြည့်များ ဖယ်လိုက်မိပါသည်။

"ဦး . . . ဒီနေ့ည ဒီမှာအိပ်မှာလား"

အိမ်ထဲဝင်ရန် သုံးယောက်သား လမ်းလျှောက်လာရင်း နှစ်သစ်က သူမကို မေးလိုက်ပါသည်။

"မအိပ်ဘူး . . . နှစ်သစ်၊ ငါ စာကြည့်စရာတွေ ရှိသေးတယ်"

"အင်းလေ . . . ဒါဆို ငါတို့ စောစောပြန်ကြတာပေါ့။ နင်ဒီမှာ မအိပ်ရင် ငါလည်း မအိပ်ဘူး"

နှစ်သစ်ကပါ သူမကို ထောက်ခံပြီး ပြောလိုက်ပါသည်။

"ငါလည်း အိပ်ချင်ပါတယ်။ ဒါပေမဲ့ စာက အရေးကြီးတယ်လေ။ နောက်ပြီး ငါနဲ့ပိုင်ပိုင်က စာတွေလည်း မတူဘူးလေ။ ငါက အီကို၊ သူက ဘိုင်အို"

"အီကိုနဲ့ ဘိုင်အိုမှာ ကွဲလွဲတာ ဒီဘာသာ နှစ်ခုတည်းပါ . . . ဦးရယ်။ ကျန်တဲ့ ငါးဘာသာလုံး တူနေတဲ့ဥစ္စာ။ နင် မအိပ်ချင်တာနဲ့ပဲ ကျောင်းစာကို ဆွဲမထည့်ပါနဲ့"

သူမနှင့် နှစ်သစ်တိုင်ပင်နေသည့်စကားကို ဖြတ်ပြီး ချစ်သူပိုင်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါကတော့ ဒီည ပြန်မှ ဖြစ်မယ်ပိုင်ပိုင်။ အိမ်မှာက မေမေတစ်ယောက်တည်း။ နောက်ပြီး ငါ ဒီမှာအိပ်မယ်လို့လည်း မပြောခဲ့ဘူး"

"မနက်ဖြန် ငါလိုက်ခဲ့ပြီး နင့်ကိုမဆူအောင် ပြောပေးမယ်လေ"

"Sorry ပါ . . . ပိုင်ပိုင်ရယ်။ ငါပြန်မှ ဖြစ်မှာမို့ပါ"

သူမ အားနာစွာ ငြင်းလိုက်သော် ချစ်သူပိုင့်မျက်နှာ သိသာစွာ ညှိုးငယ်သွားလေသည်။

"ကဲပါ . . . ဒါဆိုလည်း နင်နဲ့ငါ ထမင်းစားပြီး ပြန်ကြတာပေါ့"

နှစ်သစ်က သူမတို့စကားရပ်သွားအောင် ပြောလိုက်ပါသည်။ ထိုစဉ် ရုတ်တရက် ချစ်သူပိုင် လမ်းလျှောက်နေရာမှ ထိုင်ချလိုက်ပါသည်။

သူမနှင့် နှစ်သစ် နှစ်ယောက်လုံး ချစ်သူပိုင့်လုပ်ရပ်ကို နားမလည်စွာ ငေးကြည့်မိသွားသည်။

"နင်တို့နှစ်ယောက်လုံး ပြန်တော့မယ်ဆိုတော့ ငါတစ်ယောက်တည်း ကျန်ခဲ့ရမှာ အရမ်းအားငယ်တာပဲ . . . သစ်ရယ်"

ထိုင်ရင်းမှ ငိုသံတစ်ဝက်ဖြင့် ပြောလိုက်သော ချစ်သူပိုင့်စကားကြောင့် သူမရော၊ နှစ်သစ်ပါ ချစ်သူပိုင့်ဘေးတွင် ထိုင်ချလိုက်မိပါတော့သည်။

"ငါ့ကို တစ်ယောက်တည်း မထားသွားကြပါနဲ့နော်"

ငိုသံတစ်ဝက်နှင့်ပြောလိုက်သော ချစ်သူပိုင့်စကားကြောင့် သူမ သက်ပြင်းမြေမြေ ချလိုက်မိပါသည်။ သူမအိမ်သို့ မဖြစ်မနေ ပြန်ရမယ်မှန်း သေချာစွာ သိလိုက်ရပြီးမှ ချစ်သူပိုင် ထိုသို့လုပ်လိုက်မှန်း သူမ ကောင်းစွာ နားလည်လိုက်ပါ၏။

"ဒါဆို နှစ်သစ်က ပိုင်ပိုင်စိတ်ဖြေသာအောင် နေခဲ့ပေါ့။ ငါတော့ ပြန်မှဖြစ်မှာမို့ပါ"



သူမစကားကို ချစ်သူပိုင် မမျှော်လင့်ထားပါ။ ချစ်သူပိုင် မျှော်လင့်ထားသည်က နှစ်သစ်က သူမအနားတွင် နေခဲ့မည့်စကားကို ပြောမည်ပေါ့။ သို့သော် မထင်မှတ်စွာပြောလိုက်သူက သမီးဦး။

"ရပါတယ်။ နင်တို့နှစ်ယောက်တည်းက ဘယ်သူပဲဖြစ်ဖြစ် နေပေးပါဟာ။ ငါတစ်ယောက်တည်းမဖြစ်ရင် ကျေနပ်ပါတယ်"

မျက်ရည်သုတ်ရင်း ပြောလိုက်သော ချစ်သူပိုင့်စကားအားလုံးကို သူမ နားလည်နေပြီးသားပင်။

အရင်ဆုံး သူမ မပြန်လို့ ဖြစ်၊ မဖြစ်။ သေချာအောင်မေး၊ မပြန်မဖြစ်သော အခြေအနေမှန်းသိရမှ အငိုနဲ့ သိမ်းသွင်းကြောင်း၊ ချစ်သူပိုင်ဘာ အနားတွင် နှစ်သစ်ကိုခေါ်ထားပြီး သူမကို တစ်ယောက်တည်း ပြန်ဆချင်နေမှန်း သမီးဦး ကောင်းစွာ သိနေနှင့်ပြီးဖြစ်ပါသည်။

ချစ်သူပိုင်ပြောပြခဲ့သော မူယာ၊ မာယာဆိုသည်ကို သူမ အခုလေးတင် လက်တွေ့ တွေ့လိုက်ရပါသည်။

ထိုနေ့က ထမင်းစားပြီးသော် သူမတစ်ယောက်တည်း Taxi ဖြင့် အိမ်သို့ ပြန်ဖြစ်ခဲ့လိုက်ပါသည်။

သူမ ပြန်ကာနီး ငိုယိုနေသော ချစ်သူပိုင်နှင့် နှစ်သိမ့်နေသည့် နှစ်သစ်ကို သူမ မျက်ဝန်းထဲမှမထွက်။ သို့သော် ချစ်သူပိုင်မောင်းထုတ်ချင်နေသည့်လူက သူမပင်။ ထို့ကြောင့် အလိုက်သိစွာနှင့်ပင် သူမ ရှောင်ထွက်ခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ယနေ့သည် သူမတို့ ဆယ်တန်းအောင်စာရင်းထွက်ပြီး ဒုတိယမြောက်နေ့ဖြစ်ပါသည်။

အောင်စာရင်းထွက်ပြီး ဒုတိယမြောက်နေ့လေးသည် မိုးရေများနှင့် အနည်းငယ် စိုစွတ်နေသော နေ့လေးတစ်နေ့ဖြစ်ပါသည်။

မိုးရေများနှင့် အနည်းငယ် စိုစွတ်နေသော်လည်း သူမ အအေးဆိုင်လေးတွင် ချစ်သူပိုင်နှင့် နှစ်သစ်ကို စောင့်နေမိပါသည်။

ဆယ်တန်းအောင်သည့် အထိမ်းအမှတ်နဲ့ သူငယ်ချင်းများကို မုန့်ကျွေးရမည်ဟုပြောကာ ပေးလိုက်သော မေမေ့မုန့်ဖိုးလေးကို ကျစ်ကျစ်ပါအောင် ကိုင်ရင်း သူမ စောင့်နေခိုက် အအေးဆိုင်ထဲသို့ အပြုံးများကို ပန်ဆင်ရင်း ချစ်သူပိုင်နှင့် နှစ်သစ် ဝင်လာခဲ့လေသည်။

"ထိုင် . . . နင်တို့ ဘာသောက်မလဲ . . . မှာ၊ ငါတိုက်မယ်"

ထိုင်ခုံတွင် ထိုင်ရန်ပြောပြီး သူမ (Menu) ကို ချစ်သူပိုင့်လက်ထဲသို့ ထည့်ပေးရင်းပြောလိုက်သော် ချစ်သူပိုင်က ထို Menu ကို လက်နှင့်ပြန်တွန်းဖယ်ကာ သူမကို ရှက်စနိုးဖြင့် ပြုံးပြပါသည်။

"ဒီနေ့ နင်မကျွေးနဲ့ . . . ဦး။ သစ် ကျွေးလိမ့်မယ်"

ရှက်စနိုးအပြုံးနှင့် ပြောလိုက်သော ချစ်သူပိုင့်ခေါင်းကို နှစ်သစ်က လက်ဝါးဖြင့် ခပ်ဖွဖွဖိရင်း ခေါင်းညိတ်၏။



"ဟုတ်တယ် . . . ဦး။ ဒီနေ့ ငါကျွေးမယ်"

ထိုခဏလေးအတွင်းမှာပင် ချစ်သူပိုင်နှင့် နှစ်သစ်အကြား တစ်ခုခုဖြစ်နေပြီဆိုတာ သူမ ခန့်မှန်းလိုက်နိုင်ပါ၏။

"ဘာတွေ တွေးပြီး ငါ့ကိုကြည့်နေတာလဲ . . . ဦး။ အခု နင်လုပ်ရမှာက တွေးနေဖို့မဟုတ်ဘူး။ သစ်က ဘာအထိမ်းအမှတ်နဲ့ ငါတို့ကိုကျွေးမှာလဲဆိုတာ မေးကြည့်ရမှာ "

"အင်းလေ . . . မေးကြည့်ဆိုလည်း မေးကြည့်ပါတယ်။ ပြောပါဦး နှစ်သစ်"

ချစ်သူပိုင်ကို အပြုံးနှင့်တုံ့ပြန်ရင်း သူမ နှစ်သစ်ကို မေးလိုက်မိပါသည်။ တကယ်တော့ ထိုသို့မေးလိုက်ခြင်းက သူမ ကိုယ့်သေတွင်း ကိုယ်တူးလိုက်ခြင်းသက်သက်ဖြစ်ပြီး ကိုယ့်သေမင်းတမန်ကို အနားသို့လာရန် လက်ယပ်ခေါ်လိုက်ခြင်း သက်သက်ဖြစ်နေပါတော့သည်။

"ဒီနေ့ ငါနဲ့ပိုင်ပိုင် ချစ်သူတွေဖြစ်ခဲ့လို့"

အပြုံးနှင့်ပြောလိုက်သော နှစ်သစ်စကားကို ကြားလိုက်ရသော်လည်း သူမ ကိုယ်ခန္ဓာကြီး အဝေးသို့ လွင့်တက်သွားသလိုလို၊ အခု သူမအရှေ့တွင်ထိုင်နေသော နှစ်သစ်က သူမနှင့် အဝေးဆုံးသို့ ရောက်သွားသလိုလို။ အာရုံများ ဝေဝါးသွားသည့် တစ်ခဏ သူမ ဘာကိုမှ ရေရေရာရာ မသိနိုင်တော့။

"နင် မပျော်ဘူးမို့လား . . . ဦး"

နှစ်သစ်ကို စေ့စေ့ငေးကြည့်နေသော သူမ မျက်နှာရှေ့တွင် ချစ်သူပိုင်က လက်ဖျောက်တစ်ချက်တီးရင်း မေးလိုက်ပါသည်။

"ငါလား၊ ငါပျော်ရမှာလား . . . ပိုင်ပိုင်။ တကယ်က နင်ပျော်နေရမှာ မဟုတ်ဘူးလား"

"နင်လည်း ပျော်ချင် ပျော်လို့ရပါတယ်။ မပျော်ချင်ရင်တော့ ဒီညနင့်ကို အဖော်ပြုပေးမှာက နင့်ခေါင်းအုံးကြီးဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

နင့်နဲ့စွာ ခံစားနေရသော်လည်း ချစ်သူပိုင်စကားကြောင့် သူမ အလိုက်သင့်စွာ ပြုံးဖြစ်လိုက်ပါသေးသည်။ သို့သော် သူမအသည်းတို့ နာကျင်လွန်း၍ တဆစ်ဆစ် ခုန်နေပြီဖြစ်ပါသည်။

"ပိုင်ပိုင်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

နှစ်သစ်က သူမကို အားနာသလိုလိုဖြင့် ချစ်သူပိုင်ကို ဟန့်လိုက်ပါသည်။

"ငါ ငယ်ငယ်လေးကတည်းက သိပါတယ်။ တစ်နေ့နေ့ နင်နဲ့နှစ်သစ် ချစ်သူတွေ ဖြစ်သွားမယ်ဆိုတာကိုလေ"

"ဟုတ်လား . . . ဒါဆို နင်က နောက်ဖြစ်တွေကို ခန့်မှန်းနိုင်နေတယ်ပေါ့"

"ငါ တွက်ကြည့်တာပါ"

"နင် တွက်ကြည့်လို့ရရဲ့သားနဲ့ ငါတို့နဲ့ ဘာလို့ သူငယ်ချင်းလာလုပ်နေတာလဲ"

"နှစ်သစ်ကို ခင်လို့ပေါ့"

သူမ အပြုံးမပျက် စကားပြောနေသော်လည်း ခံစားရလွန်း၍ ရင်ထဲမှ နှလုံးသားကတော့ သွေးစိမ်းရှင်ရှင် ထွက်နေပေပြီ။

"အခု သစ်ကျွေးတာကို စားပြီးရင် နင်ပြန်တော့ . . . ဦး။ ငါနဲ့ သစ် နှစ်ယောက်တည်း လျှောက်လည်ဦးမယ်"

ပြောရင်း ချစ်သူပိုင်က နှစ်သစ်လက်ဖဝါးလေးတစ်ဖက်ကို လှမ်းကိုင်လိုက်ပါသည်။ သူမ အားယူကာ ပြုံးလိုက်ပြီး သောက်လက်စဒိန်ချဉ်ခွက်အရှေ့သို့ တိုးလိုက်မိပါသည်။

"ငါ အခုလေးတင် ဒိန်ချဉ်သောက်ပြီးလို့ ဘာမှ ဆက်ပြီး မသောက်နိုင်တော့ဘူး . . . ပိုင်ပိုင်။ ဒီတော့ ငါအခုပဲ ပြန်တော့မယ်။ နင်တို့နှစ်ယောက် ပျော်ရွှင်ကြပါစေ"

ဆုံတောင်းသံလေးအဆုံးတွင်တော့ သူမ ထိုစားပွဲဝိုင်းလေးကို ကျောခိုင်းလိုက်ပြီဖြစ်ပါသည်။ ထို့နောက် ပါးပြင်သို့ ချက်ချင်းပင် စီးကျလာသော မျက်ရည်စများကို သူများမမြင်အောင် သုတ်လိုက်ပြီး အအေးဆိုင်ထဲမှ ထွက်ခဲ့လိုက်မိပါ၏။

ဒီလိုနှင့် သူမ ဆယ်တန်းအောင်စာရင်းထွက်ပြီး နောက်တစ်နေ့တွင် ချစ်သူပိုင်နှင့် နှစ်သစ် ချစ်သူရည်းစားများ ဖြစ်သွားကြပါသည်။

ထိုနေ့က သူမ အသည်းများ နာကျင်လွန်း၍ တဆတ်ဆတ်တုန်ခဲ့ရသော်လည်း အပြုံးမပျက် အားလုံးကို တုံ့ပြန်နိုင်ခဲ့ပါသည်။ အားလုံးနှင့် ကွယ်ရာနောက်တွင်တော့ သူမတစ်ယောက်တည်း ကြိတ်ကာ ငိုကျွေးခဲ့ရကြောင်းကို သူမကလွဲ၍ တခြားမည်သူမျှ မသိလိုက်ခဲ့ချေ။





www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်နှင့် ချစ်သူပိုင် ရည်စားဖြစ်ပြီးသည့်နောက်ပိုင်းနေ့ရက်များတွင်တော့ သူမ သိသိသာသာ တိတ်ဆိတ်သွားခဲ့ပါသည်။

အချိန်ပြည့် အိမ်မှာသာရှိနေတတ်ပြီး နှစ်သစ်နှင့်လည်း သိပ်မတွေ့ဖြစ်တော့ချေ။

တစ်ခါတစ်ခါ သူမအိမ်ထဲတွင် ရှိနေချိန် နှစ်သစ်ရောက်လာလျှင်လည်း အသံမပေးဘဲ နေမိပါသေးသည်။ သူမကို မေမေကလည်း ဝင်မစွက်ဖက်ခဲ့ချေ။ ထို့အပြင် သူမကို ယုံကြည်စွာ သည်အတိုင်း ကြိုးရှည်ရှည်နှင့် လွှတ်ထားပေးပါသေးသည်။

"လုပ်ချင်တာကို လုပ်နေရတဲ့အချိန်တွေက အရမ်းစိတ်ကျေနပ်စရာကောင်းပါတယ်။ ဒါပေမဲ့ လုပ်ချင်တာကို လုပ်သင့်တဲ့အချိန်အထိပဲ လုပ်ပါ။ လုပ်သင့်တဲ့အချိန်ထက် ကျော်လွန်ပြီး လုပ်ခဲ့မိရင်တော့ အရမ်းစိတ် နာကျင်ကြေကွဲရတတ်တယ်။ အဲ့ဒါတော့ ဦးကို မေမေ သတိပေးချင်တယ်"

စကားအရိပ်အမြွက်လောက်နှင့်ပဲ မေမေ သူမကို သတိပေးခဲ့ရုံမှအပ တခြား ဘာစကားမှ မပြောခဲ့ချေ။

သူမလည်း ခံစားချက်များ တစ်နေ့နေ့တော့ သက်သာလာမှာပါဟူသော မျှော်လင့်ချက်လေးနှင့် သူမ ထိုရက်ပိုင်းအတွင်း အသက်ဆက်



ခဲ့ရပါသည်။ သို့သော် သူမအချစ်ဆုံးလူတစ်ယောက်က သူအချစ်ဆုံးလူတစ်ယောက်နှင့် အချိန်များကို ကျော်လွန်နေရကြောင်း တွေးမိလိုက်သည့် တစ်ခဏတော့ ချစ်သူပိုင်နှင့် ရည်းစားဖြစ်သွားသော နှစ်သစ်အတွက် သူမ ပြုံးပျော်ဖြစ်ပါသေးသည်။

သို့သော် ညနေတိုင်းတော့ နှစ်သစ်ကို သူမ ပြတင်းပေါက်လေးမှ တစ်ဆင့် စောင့်မျှော်ကြည့်မိနေတုန်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေချိုးခန်းအဝတွင်ထိုင်ပြီး ရေချိုးခန်းထဲတွင်ရှိနေသော ရေပုံးအတွင်းရှိ ရေများကို ငေးကြည့်နေမိသည်မှာ မိနစ်သုံးဆယ်ကျော်သွားပြီဖြစ်ကြောင်း သူမ သတိမထားမိသော်လည်း ဒေါ်ဦးက သတိထားမိပြီး သူမအနားတွင် လာရောက်ထိုင်လိုက်ပါသည်။

မေမေထိုင်လိုက်သဖြင့် ဖြစ်ပေါ်လာသောအထိအတွေ့ကြောင့် သူမ သတိပြန်ဝင်ပြီး မေမေ့ကို လှည့်ကြည့်လိုက်မိသော် မေမေက ပြုံးလျက် သူမကဲ့သို့ ရေပုံးအတွင်းရှိရေများကို စိတ်ဝင်စားစွာ ကြည့်နေလေ၏။

"မေမေ . . . ဘာကြည့်နေတာလဲဟင်"

သူမ မေးလိုက်သောအခါမှ မေမေ့အကြည့်များ သူမထံသို့ ပြန်ရောက်လာပါသည်။

"ဦးတောင် မိနစ်သုံးဆယ်ကြာအောင် ဒီရေပုံးကို ထိုင်ကြည့်နေတော့ မေမေလည်း ရေပုံးက ဘာများ ထူးခြားနေလို့လဲတွေးပြီး ဦးကြည့်တဲ့အတိုင်း လိုက်ကြည့်နေတာလေ"

မေမေ ပညာသားပါပါနှင့် သူမ၏ တွေဝေငေးမှိုင်မှုကို ထောက်ပြနေခြင်းပင်ဖြစ်ပါသည်။

"ဦး တောင်းပန်ပါတယ် မေမေ၊ ဦး အတွေးလွန်သွားလို့ပါ"



"တကယ်လို့ ဦး အတွေးလွန်တာ လိုင်းကားပေါ်မှာသာဆိုရင် တော်တော်များတဲ့ အခက်အခဲတွေပါ အနောက်က တသီကြီး ကပ်ပါလာနိုင်တယ်နော်။ ဘာတွေလဲ သိလား . . . ဦး"

သူမ ခေါင်းခါပြလိုက်မိပါသည်။

"အတွေးလွန်နေတဲ့အတွက် ဆင်းရမယ့် မှတ်တိုင်ကျော်နိုင်တယ်၊ နောက်ပြီး ခါးပိုက်နှိုက်တွေ၊ ဘာတွေရဲ့ သားကောင်ဖြစ်နိုင်တယ်။ နောက်ပြီး အဲ့လိုတွေဖြစ်ခဲ့ရင် အချိန်ကုန်မယ်၊ လူစိတ်ပင်ပန်းမယ်။ ကဲ . . . ဘာတွေလဲဆိုတာ ဦး နားလည်ပြီလား"

မေမေ့ရှင်းပြမှု အဆုံးသတ်သွားသည်နှင့် သူမထံမှ သက်ပြင်းရှည်ကြီးတစ်ခု ဖြစ်ပေါ်သွားပါသည်။

"ဦး"

"ရှင်"

"မေမေမေးတာကို အမှန်အတိုင်း၊ မရှက်မကြောက်ဘဲ ဖြေနော် "

"ဟုတ်ကဲ့"

"ပိုင်ပိုင်နဲ့ သစ်တို့ ရည်ငံသွားကြပြီမို့လား"

တိကျလှသည့် မေးခွန်းအဆုံး သူမ ဖြေရမည်ကို ရှက်တာလား၊ ကြောက်တာလား၊ အဖြစ်မှန်ကို ရင်မဆိုင်ရဲတာလားတော့ သေချာမသိ။ သေချာသည်က သူမ ထိုမေးခွန်းကို အဖြေမပေးချင်ပါ။

"မေမေ မေးကတည်းက ပြောတယ်လေ။ မရှက်မကြောက်ဘဲ ဖြေပါလို့။ ကဲ . . . ဖြေစမ်းဦး"

သက်ပြင်းမောလေးတစ်ခု ထပ်မံချလိုက်ပြီး သူမဖြေရန် အားတင်းလိုက်ရပါတော့သည်။

"ဟုတ်ပါတယ် မေမေ"

"ဟုတ်ပါတယ် ဆိုတာက"

"ပိုင်ပိုင်နဲ့နှစ်သစ်တို့ ချစ်သူတွေ ဖြစ်သွားကြတာကို ဟုတ်ပါတယ်ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com

သူမ အဖြေအဆုံး၊ မေမေ့သက်ပြင်းသံတစ်ခုပါ ထွက်ပေါ်လာပါတော့၏။

"ဒါဆို အခု မေမေ့သမီးလေး အရမ်းခံစားနေပြီပေါ့။ ဟုတ်လား"

ပွင့်လင်းစွာမေးလိုက်သော မေမေ့မေးခွန်းကို သူမ မဖြေချင်ပါ။

"ဦးရယ် . . . မေမေပြောခဲ့ပါတယ်။ အရင်ကတည်းက ဦး အရမ်းနာကျင်ရမယ်ဆိုတာလေ။ အခုတော့ ဦး နာကျင်နေရပြီမို့လား"

စာနာသနားမှုအတိဖြင့် မေးလိုက်သော မေမေ့မေးခွန်းကို သူမ ပြန်မဖြေခင် မေမေ့ကို အရင်ဦးဆုံး ပြုံးပြလိုက်နိုင်ပါသေးသည်။

"ခံစားနာကျင်နေရပေမဲ့ ဦး ကျေနပ်နေပါတယ် . . . မေမေရယ်။ ဦးအတွက် မေမေ စိတ်မညစ်ပါနဲ့နော်"

ပြတ်သားလှသည့် သူမ ခံစားချက်တချို့ကို မေမေမြင်နိုင်အောင် အနည်းငယ်ပြောပြလိုက်သော် မေမေ သူမကို ကြည့်ရင်း တွေဝေသွားပါသည်။

"ငယ်ငယ်တုန်းကတော့ သူငယ်ချင်းအကန့်နဲ့ ဦးတစ်ဖက်သတ်ခင်နေခဲ့တယ်။ အခု နှစ်သစ်မှာ ချစ်သူရှိရဲ့မှန်း သိသိကြီးနဲ့"

"ခဏနေဦး . . . မေမေ။ ခဏ . . . "

သူမ မေမေ့စကားရပ်သွားအောင် လက်ဖြင့် ကာတားလိုက်ပြီးမှ။

"ဦး နှစ်သစ်ကို တစ်ဘဝလုံး စောင့်မျှော်နေနိုင်တယ်ထင်တယ် . . မေမေ။ အခု နှစ်သစ်မှာ ချစ်သူရှိနေတယ်။ ဒါကိုလည်း ဦးသိတယ်။ ဒါပေမဲ့ စောင့်မျှော်နေတဲ့စိတ်တွေက မှေးမှိန်ခြင်း အရှင်းမရှိဘူး။ တစ်ဘဝလုံးစာ စောင့်မျှော်နေနိုင်တဲ့ ဦးအတွက် တစ်ရက်ရက်တော့ နှစ်သစ် သတိထားပေးနိုင်မှာပါ . . . မေမေရယ်"

"ဒါပေမဲ့ နှစ်သစ်အနားမှာ တခြားတစ်ယောက်ရှိနေပြီလေ ဦးရယ်။ နှစ်သစ် သတိထားမိတယ်ဆိုပါဦး။ ဒီ့ထက်ရော ဘာဖြစ်လာနိုင်မှာမို့လို့လဲ"



"နှစ်သစ်က ဦးရဲ့စောင့်မျှော်ခြင်းတွေကို အသိအမှတ်လေးတော့ ပြုပေးနိုင်ကောင်းပါတယ်"

မျှော်လင့်ချက်ပြည့်ဝစွာဖြင့် ပြောလိုက်သော သူမကို မေမေ နားလည်နိုင်စွာဖြင့် ခေါင်းခါယမ်းလိုက်ပါသည်။

"သူ့အသိမှတ်ပြုမှုလေးအတွက်ကိုပဲ ဦးက ဘဝအချိန်တွေအကုန်လုံး သုံးပစ်လိုက်တော့မယ်ပေါ့ . . . ဟုတ်လား"

"သုံးပစ်လိုက်တော့မှာ မဟုတ်ပါဘူး မေမေ။ ဦး အသုံးပြုပြီးသားပါ။ နောက်ပြီး အဲဒီအတွက်လည်း ဦး ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး"

ပျော့မလိုလိုနှင့် မာထန်လှသော သူမ ဆုံးဖြတ်ချက်လေးကို ဒေါ်ဦးပြင်ဆင်ဖို့ မကြိုးစားတော့ချေ။ ငယ်စဉ်ကတည်းက အစပြုခဲ့သော သူမ စောင့်မျှော်ခြင်းသည် မည်မျှခိုင်မာနေပြီဖြစ်ကြောင်း ဒေါ်ဦး ကောင်းစွာ နိုင်မိလိုက်နိုင်ပြီဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မနက်ခင်းတွေ အသက်ရှင်နေတာ
သူ့ ညနေခင်းကြောင့်သာ။
ညနေခင်းတိုင်း သူ့ထက်တွေကို မျှော်လင့်နေမိ၏။
သူ့လက်မောင်းပေါ် အိပ်စက်ရင်း
ညတာများကို ထုန်ဆုံးခွင့်ရရန်အတွက်
စောင့်မျှော်မိနေတုန်းပင်။



ဆောင်းတွင်းရဲ့ အေးစိမ့်စိမ့်အရသာက နံနက် ၁၀ နာရီကျော်သည့်တိုင်အောင် မပျောက်ပျက်သေးချေ။ ထို့ကြောင့် သူမ အနွေးထည်ထူထူ၊ ရှည်ရှည်တစ်ခုကို ဝတ်ဆင်ပြီး ချစ်သူပိုင်ချိန်းထားသည့် ကော်ဖီဆိုင်သို့ လိုင်းကားစီးခဲ့မိပါသည်။

လိုင်းကားမှတ်တိုင်နှင့် ကော်ဖီဆိုင်သိပ်မဝေးချေ။ လိုင်းကားပေါ်မှ ဆင်းပြီး ကော်ဖီဆိုင်သို့ သူမ ခြေလှမ်းသွက်သွက် လျှောက်ဖြစ်ခဲ့လိုက်ပါသည်။ သူမ ကော်ဖီဆိုင်ထဲဝင်လာသည်နှင့် ချစ်သူပိုင်နှင့် နှစ်သစ်ကို လှမ်းတွေ့လိုက်ရပါသည်။

"ဦးရေ . . . ငါတို့ဒီမှာ"

သူမ အပြုံးတစ်ခုဖြင့် ခေါင်းညိတ်ရင်း ထိုစားပွဲဝိုင်းဆီသို့ သွားလိုက်ပြီး ထိုင်ခုံအလွတ်တစ်ခုတွင် ဝင်ထိုင်ဖြစ်လိုက်ပါသည်။

"ဘယ်တွေ ပျောက်နေတာလဲ . . . ဦး။ ငါတို့မတွေ့တာတောင် အတော်ကြာပြီနော်"

ချစ်သူပိုင်က အပြုံးလေးတစ်ခု ဖန်တီးရင်း သူမကို မေးလိုက်ပါသည်။

"ငါ အိမ်မှာပါပဲ၊ နင်နဲ့ မတွေ့ဖြစ်လို့ပါ"

"သစ်နဲ့ရော တွေ့ဖြစ်သေးလား"

"အဲဒါ နင် နှစ်သစ်ကို မေးကြည့်လေ"

သူမ အပြုံးနှင့်ပင် တန်ပြန်စကားပြောလိုက်ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“ငါတို့လည်း ဒီကြားထဲ မတွေ့ဖြစ်ပါဘူး . . . ပိုင်ပိုင်ရယ်။ ဦးက ခုတလော ပျောက်ကိုပျောက်နေတာ။ နေ့လယ်နေ့ခင်း စကားပြောဖို့ သူ့အိမ်ကိုသွားရင်တောင် မရှိတဲ့အချိန်က မရှိဘူး။ ခေါင်းမူးလို့ အိပ်နေတဲ့အချိန်က အိပ်နေတာလေ”

သူမအစား နှစ်သစ်က ဝင်ရောက်ဖြေပေးပါသည်။

“ဦး အသည်းကွဲနေလား မသိဘူးနော် . . . သစ်”

သူမကို စေ့စေ့စိုက်ကြည့်ရင်း အပေါ်ယံပြုံးကာ ပြောလိုက်သော ချစ်သူပိုင့်စကားမှန်ကြောင့် သူမ ခေါင်းညိတ်လိုက်မိပါသည်။

“ဟုတ်တယ် . . . ပိုင်ပိုင်။ ငါ အသည်းကွဲနေတာ”

“ဘယ်သူ့အတွက်လဲလို့ ငါမေးရင် နင်စိတ်ဆိုးမှာလား . . . ဦး”

နှစ်သစ်အရှေ့တွင် သူမကို ချစ်သူပိုင် သက်သက်သိက္ခာချနေပါ၏။

“ဒါ စိတ်ဆိုးစရာမှမဟုတ်တာ။ နင်မေးချင်ရင် မေးလို့ရပါတယ်”

“ဒါဆို ငါမေးမယ်၊ နင် ဘယ်သူ့အတွက် အသည်းကွဲနေတာလဲ”

နှစ်သစ်ကလည်း သိချင်စွာဖြင့် သူမကို လှမ်းကြည့်ပါသည်။

“ငါ မဖြေနိုင်ဘူးလို့ပြောရင် နင်စိတ်ဆိုးမှာလား . . . ပိုင်ပိုင်။ ဒါက ကိုယ်ရေးကိုယ်တာကိစ္စဖြစ်လို့ ငါမဖြေနိုင်ပါဘူး။ အဲ့ဒီအတွက် နင် စိတ်ဆိုးလည်း ငါ မတတ်နိုင်ဘူး”

ပြတ်ပြတ်သားသားပြောလိုက်သော်လည်း သူမ မျက်နှာတွင် အပြုံးက ရှိနေမြဲ။ ချစ်သူပိုင်ကတော့ မျက်ခုံးလေးကုတ်ရင်း မဲ့ပြုံးပြုံးလိုက်ပါသည်။

“ဒါနဲ့ ဒီနေ့ ဘာအတွက် ငါ့ကိုခေါ်လိုက်တာလဲ နှစ်သစ်”

ချစ်သူပိုင် မဲ့ပြုံးကို သူမ ဥပေက္ခာပြုလိုက်ပြီး နှစ်သစ်ကို မေးလိုက်ပါသည်။



“ငါခေါ်တိုင်း နင်ကမလာတော့ ပိုင်ပိုင့်ကို ခေါ်ခိုင်းလိုက်တာလေ။ အကြောင်းကတော့ နင် ဘာဆက်လုပ်ဖို့ ရှိလဲဆိုတာ သိချင်လို့ပါ”

“ဘာကိုမေးတာလဲ”

“နင် ဘာကျောင်းဆက်တက်မှာလဲဆိုတာ သစ်က သိချင်လို့တဲ့”

ချစ်သူပိုင်က သူမနှင့် နှစ်သစ်အကြား ဖြတ်ပြောလိုက်ပြန်သည်။

“ငါ အနုပညာတက္ကသိုလ်တက်မယ် . . . နှစ်သစ်”

“ဘာအတွက်”

“ငါ ဗီဒီယိုတွေ၊ ရုပ်ရှင်တွေကို အသက်သွင်းတဲ့ ဒါရိုက်တာ လုပ်ချင်လို့”

“နင်က ဒီလောက်ချောတာ မင်းသမီးလုပ်တာမဟုတ်ဘူး”

လေးနက်စွာပြောနေသော သူမအဖြေကို ချစ်သူပိုင်က ပေါ့သွားအောင် ဝင်ရောက်ဆေးခြယ်လိုက်ပြန်သည်။

“ငါက ဖန်တီးချင်တာ . . . ပိုင်ပိုင်။ နောက်ပြီး ငါ့ဖန်တီးမှုတွေကို လူအများကို ချပြချင်တာ”

“ဦးက ဘာရည်ရွယ်ချက်နဲ့ ဒါရိုက်တာဖြစ်ချင်တာလဲ”

စိတ်ဝင်စားစွာမေးလိုက်သူက နှစ်သစ်။ ချစ်သူပိုင်ကတော့ သောက်လက်စကော်ဖီကို မော့သောက်နေ၏။

“ကံကြမ္မာကြီးက လူတွေရဲ့ ပျော်ရွှင်ခြင်း၊ ပူဆွေးခြင်းတွေကို ဖန်တီးတယ်။ ဖြစ်နိုင်ရင် အဲဒီ ကံကြမ္မာကြီးကို ငါက ပြင်ဆင်ချင်တာ။ ဒါပေမဲ့ ဖြစ်မှမဖြစ်နိုင်တာ။ ဒီတော့ ဒါရိုက်တာလုပ်ပြီး ငါ့ကားထဲမှာပါတဲ့ သရုပ်ဆောင်တွေရဲ့ ကံကြမ္မာတွေကို အကောင်းဆုံးဖြစ်အောင် ငါဖန်တီးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒါရိုက်တာလုပ်ချင်တာလေ”

သူမစကားဆုံးတော့ ချစ်သူပိုင်က ကော်ဖီခွက်ကို စားပွဲပေါ်သို့ ပြန်တင်ပြီး ဖျော့ဖျော့ပြုံးလိုက်ပါသည်။

www.burmeseclassic.com

“နင်က စိတ်ကူးယဉ်တတ်လိုက်တာ . . . ဦးရယ်”

ရွတ်ချလိုက်တာလား၊ ဘာလားတော့ သေချာမသိ။ သို့သော် ချစ်သူပိုင်ကို သူမအပြုံးနှင့် တုံ့ပြန်လိုက်ပါသေးသည်။

“ကျေးဇူးတင်ပါတယ် . . . ပိုင်ပိုင်”

“ဒါပေမဲ့ ပိုင်ပိုင်ကတော့ ဆေးတက်မယ်လို့ ပြောနေတယ် ဦး”

“ကိုယ်သဘောကျရာပဲပေါ့ . . . နှစ်သစ်ရယ်”

သူမ အဖြစ်နိုင်ဆုံးနည်းလမ်းကို စဉ်းစားရင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

“ငါက ဆေးတက်ချင်လို့ တက်တာမဟုတ်ဘူး . . . ဦးရဲ့။ ငါမေမေ တက်ခိုင်းလို့”

“နင် ဝါသနာမပါဘဲ တက်မယ်ဆိုရင်တော့ နင် ပြန်စဉ်းစားသင့်တယ် ပိုင်ပိုင်။ ဒါ . . . ငါစေတနာ သန့်သန့်နဲ့ သတိပေးတာပါ”

သူမစကားဆုံးတော့ ချစ်သူပိုင် ပခုံးတွန့်လိုက်ပါသည်။

“မတတ်နိုင်ဘူး။ မေမေ့သဘောအတိုင်း ဆေးကျောင်းတက်မယ်လို့ ငါတော့ ဆုံးဖြတ်ပြီးပြီ”

“အင်းလေ . . . ဒါဆိုလည်း အကောင်းဆုံးဖြစ်အောင် လုပ်ပေါ့ဟာ”

ကိုယ်စီကိုယ်စီ ရှေ့ဆက်လျှောက်ရမည့်လမ်းကို ရွေးချယ်ပြီးကြောင်း အသိပေးပြီးသည့် နောက်ပိုင်းတွင်တော့ မိနစ်အတော်ကြာမျှ စားပွဲဝိုင်းလေး တိတ်ဆိတ်သွားပါတော့သည်။ သူမလည်း စားပွဲထိုးလေး လာချပေးသွားသော ကော်ဖီခွက်ကို ဇွန်းဖြင့်မွှေရင်း အတွေးနယ်ချဲ့နေမိပါ၏။

“မနက်ဖြန်အားလား . . . ပိုင်ပိုင်”

သူမ ကော်ဖီမွှေနေခိုက် နှစ်သစ်ဆီမှ ထွက်လာသော စကားသံဖြစ်သည်။

“မအားဘူး . . . သစ်၊ ဘာဖြစ်လို့လဲ”



“မနက်ဖြန် အကျီနည်းနည်းဝယ်မလို့။ အဲဒါ နင့်ကိုပါ ခေါ်သွားချင်လို့လေ”

“ဩော် . . . မနက်ဖြန် ငါက မေမေနဲ့ Shopping ထွက်ဖို့ ပြောပြီးပြီ . . . သစ်ရ”

“ဩော် . . . အေးလေ။ ဒါဆိုလည်း ငါတစ်ယောက်တည်းပဲ သွားလိုက်တော့မယ်”

“ဦးကို ခေါ်သွားလေ”

ချစ်သူပိုင် တမင်သက်သက်ကြီး သူမကို ဆွဲထည့်နေ၏။ မွှေနေသော ကော်ဖီဇွန်းလေးကို ကော်ဖီပန်းကန်ပြားပေါ်သို့ တင်လိုက်ချိန်တွင် နှစ်သစ်အကြည့်များ သူမထံသို့ ရောက်လာပါသည်။

“ငါ မအားဘူး . . . နှစ်သစ်။ မနက်ဖြန် အရေးကြီးကိစ္စတစ်ခုရှိတယ်”

ချက်ချင်းပင် နှစ်သစ်ကိုပြောလိုက်ပြီး သူမအကြည့်များ ချစ်သူပိုင့်ထံသို့ ရောက်ရှိသွားပါသည်။

“နှစ်သစ်နဲ့ မလိုက်ပေးနိုင်လို့ စိတ်မဆိုးပါနဲ့ . . . ပိုင်ပိုင်။ တကယ်ပဲ ငါ မအားလို့ပါ။ အခုတောင် ကိစ္စရှိတယ်ဆိုလို့ ငါလာခဲ့တာ။ တကယ်တော့ တခြားချိန်းထားတာလေးတွေ ရှိသေးတယ်ဟ။ ဒီတော့ နင်တို့နှစ်ယောက်စလုံး ငါ့ကို ခွင့်ပြုပါဦး”

“နင် ကော်ဖီလေးတော့ ကုန်အောင်သောက်သွားပါဦးဟာ”

နှစ်သစ်က သူမကို ခယသလိုလေး ပြောလိုက်သောကြောင့် သူမ သက်ပြင်းချလိုက်မိပါသည်။ ဘာ့ကြောင့်မှန်းမသိ၊ နှစ်သစ်တောင်းဆိုမှုတိုင်းကို သူမ တော်လှန်နိုင်စွမ်းမရှိချေ။

“ဦး . . . ငါနဲ့နင် နောက်နေ့နှစ်ယောက်တည်း တွေ့ရအောင်ဟာ။ ဖြစ်လား”

သူမ ကော်ဖီသောက်နေချိန် ချစ်သူပိုင်က သူမကို ငေးကြည့်ရင်း တောင်းဆိုလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါလည်း နင်နဲ့တွေ့ချင်ပါတယ် . . ပိုင်ပိုင်။ ဒါပေမဲ့ ငါမှ အချိန်မပေးနိုင်တာ"

"အချိန်ဆိုတာ မပေးချင်လို့ မပေးနိုင်တာပါ. . . ဦးရာ။ နင်သာပေးချင် ကြည့်ပါလား။ ၂၄ နာရီမှာ ၂၅ နာရီလုံးလုံး ငါ့အတွက်ချည်း ဖြစ်နေမှာ သေချာတယ်"

ချစ်သူပိုင့်စကားကြောင့် နှစ်သစ် ဖျော့ဖျော့ပြုံးရင်း သက်ပြင်းချလိုက်ပါသည်။

သူမကတော့ ချစ်သူပိုင်နှင့် နှစ်သစ်တို့ ဘာဖြစ်နေကြသည်ကို ကောင်းစွာ မရိပ်မိနိုင်ချေ။ ထို့ကြောင့် သောက်လက်စကော်ဖီကို ကုန်သွားအောင်သာ သူမဆက်သောက်နေမိပါတော့၏။ ကော်ဖီကုန်သွားမှ သူမ ဒီဝိုင်းမှ ထသွားနိုင်မည်ဖြစ်ပါသည်။

"ဖြည်းဖြည်းသောက်ပါ . . . ဦးရယ်။ တကယ်လို့ နင်မသောက်ချင်ဘူးဆိုလည်း ထားခဲ့လိုက်ပါတော့။ ဒါပေမဲ့ ပြန်ချင်ဇောနဲ့တော့ ကော်ဖီတွေ မော့သောက်မနေပါနဲ့ဟာ။ နင့်အစား ငါအသက်ရှုကျပ်လို့ပါ"

ချစ်သူပိုင်က သူမကို သက်သက် ထောက်ဖြတ်နေသည့်အလား။ သူမလုပ်ရပ်တိုင်းအတွက် ခေါင်းစဉ်အမျိုးမျိုး တပ်ပေးနေပါတော့သည်။

သို့သော် သူမ အားတင်းကာ အပြုံးနှင့်တုံ့ပြန်ရင်း ကော်ဖီကို ကုန်အောင် သောက်နိုင်ခဲ့ပါသည်။

"ငါ့ကို ခွင့်ပြုပါဦး . . . ပိုင်ပိုင်နဲ့နှစ်သစ်"

သူမ ခွင့်တောင်းပြီးသည်နှင့် ထိုစားပွဲဝိုင်းလေးမှ ကျောခိုင်းခဲ့မိပါတော့သည်။

ချစ်သူပိုင်နှင့် နှစ်သစ်ကို အတူတွဲမြင်လိုက်တိုင်း သူမရင်ထဲ တင်းကျပ်မှုကြီးတစ်ခု ဖြစ်ပေါ်တတ်မှန်း ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ သိခဲ့ပါ၏။



ဆရာမ ပို့ချခဲ့သော သင်ခန်းစာများတွင်ပါဝင်သည့် Camera Work များကို သူမသေချာစွာ လေ့လာမှတ်သားနေမိသောကြောင့် နေ့လယ်အတန်းအားချိန်တွင်တောင် သူမ Canteen သို့ မသွားဖြစ်ခဲ့ချေ။ မေမေပြင်ဆင်ပေးလိုက်သော ထမင်းဘူးထဲမှ ပေါင်မုန့်ကြက်ဥကြော်ကိုသာ နေ့လယ်စာအဖြစ် သူမ စားဖြစ်လိုက်ပါသည်။

"ဘယ်သူ့ကို ရှာတာလဲ မသိဘူး"

အတန်းဝမှ ကျောင်းသူတစ်ယောက်ရဲ့မေးခွန်း။

ကျောင်းသူနဲ့ အတူရှိနေတဲ့လူက . . . 'နှစ်သစ်'။

အဲဒီကျောင်းသူဆီမှာ နှစ်သစ်က မေးခွန်းတွေ မေးနေခြင်းဖြစ်၏။

"နာမည်က သမီးဦးလေဗျာ။ ဒီအတန်းဘက်မှာ ရှိတယ်ဆိုလို့"

ကြားရသောအသံကြောင့် နှစ်သစ် သူမကိုလာရှာတာမှန်း သေချာလို့နေပေပြီ။

"နှစ်သစ်"

ထိုင်ခုံမှ ထရပ်ရင်း လက်လှမ်းပြကာ သူမ နှစ်သစ်ကိုခေါ်လိုက်စဉ် နှစ်သစ် သူမကိုလှည့်ကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်ပါသည်။

"ဦး . . . ငါ နင့်ကိုလာရှာတာ"

ပြောရင်း နှစ်သစ် သူမအတန်းထဲသို့ ဝင်ခဲ့လေတော့သည်။

"ဘာကိစ္စရှိလို့လဲ"

"နင်မအားဘူးလား။ ငါနင့်ကို အအေးတိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းကိုမဖြေဘဲ နှစ်သစ်က သူမကို Canteen သို့ ဖိတ်ခေါ်နေလေသည်။ သူမကျောင်းသို့ ပထမဦးဆုံးအကြိမ်လာလည်သော နှစ်သစ်၏ဖိတ်ခေါ်မှုကို မငြင်းချင်ပါ။ ထို့ကြောင့် ဖတ်လက်စ စာအုပ်ကို သူမသိမ်းလိုက်ပြီး နှစ်သစ်နှင့်အတူ Canteen သို့ ထွက်ခဲ့လိုက်ပါတော့သည်။

"နင် အရင်ကအတိုင်းပဲမို့လား"

ထိုင်ခုံတွင် ထိုင်ပြီးသည်နှင့်မေးလိုက်သော နှစ်သစ်မေးခွန်းကို သူမခေါင်းညိတ်ရင်း ဖြေလိုက်ပါသည်။

"ညီလေးရေ . . . အစ်ကိုတို့ကို ဒိန်ချဉ် (၂)ခွက်ပေးပါကွာ။ တစ်ခွက်က ထန်းလျက်နဲ့၊ နောက်တစ်ခွက်က သကြားနဲ့"

စားပွဲထိုးလေးကို နှစ်သစ် ဒိန်ချဉ် (၂) ခွက် မှာလိုက်ပါသည်။

"ဘာကိစ္စရှိလို့လဲ . . . နှစ်သစ်"

စားပွဲထိုးလေး ထွက်သွားပြီးသည်နှင့် သူမ နှစ်သစ်ကို မေးလိုက်မိပါတော့သည်။

"ငါ . . . ဒီအတိုင်း လာလည်ခွင့်မရှိဘူးလား . . . ဦး။ ငါ နင့်ဆီလာလည်ဖို့အတွက် ဘယ်သူ့ဆီမှာ ပါမစ် (Permit) တောင်းရဦးမှာလဲ"

"ခွင့်တောင်းတာတော့ မဟုတ်ဘူးလေ။ ဒါပေမဲ့ နင်ဒီကိုလာလည်မယ်ဆိုရင် ပိုင်ပိုင့်ကိုတော့ အသိပေးသင့်တယ်"

"ငါခွင့်တောင်းလို့ သူက ခွင့်မပြုဘူးဆိုရင်ရော"

"ဒါဆို နင်မလာခဲ့နဲ့ပေါ့ . . . နှစ်သစ်ရယ်"

"ငါက လာချင်နေတယ်ဆိုရင်ရော၊ သူ မလာခိုင်းတိုင်း ငါက နင့်ဆီ မလာရတော့ဘူးလား . . . ဦး။ ငါ့အပေါ်မှာ သူ့သြဇာ အဲ့လောက်တောင် ငြိမ့်ညောင်းရမယ်ပေါ့ . . . ဟုတ်လား"

နှစ်သစ်ပြောလိုက်သော စကားများကို သူမ လုံးဝနားမလည်ပါ။ ထို့အပြင် သူမတစ်ခါမှ မကြားဖူးသောစကားများကို နှစ်သစ်ပြောလိုက်



ခြင်းပင်။ တစ်သက်နှင့်တစ်ကိုယ် နှစ်သစ်သည် ချစ်သူပိုင်ကို ဒေါကန်သလိုမျိုး စကားတစ်ခါဖူးမှ မပြောဖူးချေ။

"နင် ဘာဖြစ်လာတာလဲ . . . နှစ်သစ်"

သူမ အခြေအနေကို အနည်းငယ်ရိပ်မိပြီး မေးလိုက်သော နှစ်သစ်စိတ်ပျက်စွာ သက်ပြင်းတစ်ခု ချလိုက်ပါသည်။

"အခု ငါဒီကိုလာတာ နင့်အကြောင်း နားထောင်ချင်လို့။ ဒီတော့ နင့်အကြောင်းကိုပဲ ငါ့ကိုပြောပြပါ . . . ဦး။ နင် ငါ့အကြောင်းကိုလည်း မမေးနဲ့။ ပိုင်ပိုင့်အကြောင်းကိုလည်း မပြောနဲ့။ ဟုတ်ပြီလား"

တစ်ခုခုဖြစ်နေပြီဆိုတာ သေချာလွန်းနေပြီဖြစ်ကြောင်း သူမ ကောင်းစွာ ရိပ်မိလိုက်နိုင်ပါသည်။

"ငါ နင့်အကြောင်း နားထောင်ချင်တယ် . . . ဦးရယ်။ ဒီတော့ နင့်အကြောင်းကို ပြောပြစမ်းပါ"

စားပွဲထိုးလေးက နှစ်သစ်မှာထားသည့် ဒိန်ချဉ်နှစ်ခွက် ချပေးသွားပါသည်။

"ငါ့အကြောင်းတွေထဲမှာ နင် မသိတဲ့အကြောင်းမှ မရှိဘဲ နှစ်သစ်ရာ။ ငါက ဘာများ ထပ်ရှင်းပြရဦးမှာလဲ"

"နင့်မှာ တစ်ခါကရှိခဲ့ဖူးတဲ့ ရည်းစားအကြောင်းဖြစ်ဖြစ်ပေါ့"

သူမ ဘယ်လိုမှ နားမလည်နိုင်သည့်မေးခွန်းကို နှစ်သစ်မေးလိုက်ခြင်းဖြစ်ပါသည်။

"ငါ့မှာ တစ်ခါဖူးကမှ ရည်းစားမရှိခဲ့ဘူး . . . နှစ်သစ်။ နင် ဘာတွေလာမေးနေတာလဲ"

"သေချာလို့လား . . . ဦးရာ။ နင် ရှက်မနေပါနဲ့"

နှစ်သစ်မေးခွန်းကြောင့် သူမ ပြုံးလိုက်မိပါသည်။

"သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို နင့်ကို တစ်ခုလောက်မေးချင်သေးတယ်"

"မေးလေ"

"နင် ငါနဲ့သူငယ်ချင်းဖြစ်ရတာ ပျော်လား"

"ပျော်ပါတယ်"

"ဟုတ်လို့လား"

"ပျော်ပါတယ် . . . နှစ်သစ်ရယ်။ နင်မေးချင်တာ ဒါပဲလား"

သူမ ပြန်ဖြေရင်း ဒိန်ချဉ်သောက်မိပါသည်။

"ငါက ဘယ်လိုလူစားမျိုးလဲ . . . ဦး"

"ဘာကို မေးတာလဲ . . . နှစ်သစ်"

"ဥပမာဟာ . . . ငါက ကြောင်တောင်တောင်ကောင်လား။ ဒါမှ မဟုတ် ငါက ဘာလဲ၊ ဘယ်လိုကောင်လဲ၊ ပြောပြကြည့်ပါလား"

နှစ်သစ်မေးခွန်းကြောင့် သူမ ပြုံးကာ နှစ်သစ်မျက်နှာလေးကို ငေးစိုက်ကြည့်မိလိုက်ပါသည်။

တိကျပြတ်သားသည့် နှုတ်ခမ်းတစ်စုံ။ ပါးပြင်နှင့် နှုတ်ခမ်းအထက် အောက်တွင် နေရာယူထားသည့် ပါးမြိုင်းမွေးရေးရေးလေးများ ဖြော့စင်းနေသည့် နှာတံ၊ မျက်ကွင်းနက်နက်နှင့် မျက်ဆံဝိုင်းဝိုင်းအပေါ်တွင် ထူထဲလှသည့် မျက်ခုံးတစ်စုံ။

နှစ်သစ်ပိုင်ဆိုင်ထားသည်က တကယ်ပင် နှစ်လိုဖွယ်ကောင်းလှသည့် မျက်နှာလေးပင်။ ဒါကို သူမ ဘယ်လိုလုပ်ပြီး ကြောင်တောင်တောင်ပါဟု ပြောရပါမည်နည်း။

"နင်က ကြည့်ကောင်းပါတယ် . . . နှစ်သစ်ရယ်။ နောက်ပြီး နင်က ခင်ဖို့ကောင်းတယ်"

"ဒါပဲလား . . . ဦး"

"လောလောဆယ်တော့ ဒါပဲလေ"

"ထားပါတော့။ ဒါပဲဆိုတော့လည်း ဒါပဲပေါ့။ ကဲ . . . ဒိန်ချဉ်သောက်။ ပြီးရင် နင် အတန်းတက်ရဦးမယ်မို့လား"



"ဟုတ်တယ်"

"ငါလာတာ အနှောင့်ယှက်ဖြစ်လား . . . ဦး"

"ဖြစ်တာပေါ့။ အခုန ငါ ကျောင်းစာပြန်ကြည့်နေတာလေ။ နင်လာတော့ မကြည့်ဖြစ်တော့ဘူးပေါ့။ ဒါပေမဲ့ နင်က ဒိန်ချဉ်တိုက်တယ်ဆိုတော့လည်း ငါ ကျေနပ်လိုက်ပါတယ်"

သူမနှင့်နှစ်သစ် နှစ်ယောက်အတူ ဒိန်ချဉ်ခွက်များကို လက်စဖြတ်လိုက်ပြီး သူမ အတန်းသို့ ပြန်လာခဲ့လိုက်ပါသည်။

နှစ်သစ်ကတော့ သူမကို အတန်းထိ ပြန်လိုက်ပို့ပြီး ပြန်သွားလေသည်။

နှစ်သစ်ပြန်သွားပြီး သူမစိတ်ထဲတွင် တစ်ခုခုကို သတိထားလိုက်မိပါသည်။ ထိုအရာကတော့ နှစ်သစ်နှင့်ချစ်သူပိုင် သိပ်ပြီး အဆင်မပြေဖြစ်နေကြောင်းကိုပင် ဖြစ်ပါသည်။

နှစ်သစ် စိတ်ညစ်နေသောကြောင့် စိတ်ပြေလက်ပျောက် သူမထံသို့ ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သူမကောင်းစွာ သဘောပေါက်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီဆိုင်အတွင်း Air-con ကြောင့် အအေးဓာတ်များ ပျံ့လွင့်နေ၏။ Beyonce' ၏ Halo တေးသီချင်းသံကလည်း ကော်ဖီဆိုင်အတွင်း အေးငြိမ့်စွာ ပျံ့လွင့်နေပါသေးသည်။

အရှေ့တွင်ရှိနေသော ကော်ဖီကို သူမ မွှေနေသည်မှာလည်း အတော်ပင် ကြာနေပြီဖြစ်၏။ ချစ်သူပိုင်က သူမကို နားမလည်စွာ ငေးစိုက်ကြည့်နေပါသည်။ သို့သော် ချစ်သူပိုင်လည်း သူမကို ဘာမှပြောပေ။

ရုတ်တရက် သူမ လက်မှနာရီလေးကို ငုံ့ကြည့်လိုက်မိပါသည်။

ကော်ဖီဆိုင်တွင် သူမ ထိုင်နေသည်မှာ တစ်နာရီတင်းတင်း ပြည့်သွားပြီဖြစ်သည်။

"တစ်နာရီပြည့်သွားပြီ . . . ပိုင်ပိုင်"

"အေးလေ . . . ဒီတော့"

"ဒီတော့ နင့်မှာ ဘာမှပြောစရာမရှိဘူးလား"

"ဒီကိုချိန်းတာ နင်လေ။ ချိန်းတဲ့နင်က ပြောရမှာမဟုတ်ဘူးလား"

"ငါက နင့်မှာ ပြောစရာတစ်ခုခုများ ရှိနေမလားလို့ တွေးပြီးချိန်းလိုက်တာပါ"

သူမစကားရိုးရိုးလေးက ချစ်သူပိုင်ကို မျက်နှာပျက်သွားစေနိုင်ပါသည်။



"ငါ့မှာတော့ ဘာမှ ပြောစရာမရှိဘူး . . . ဦး"

"သေချာလို့လား . . . ပိုင်ပိုင်"

"သေချာတယ်။ လုံးဝကို ပြောစရာမရှိဘူး"

"ပြီးရောလေ။ မနေ့က ငါ့ဆီကို နှစ်သစ်လာသွားတယ်"

"သူက နင့်ဆီ ဘာလာလုပ်တာလဲ"

"ဒီအတိုင်း စကားလာပြောတာပါ။ ဒါပေမဲ့ နှစ်သစ်မှာ စိတ်ညစ်စရာတစ်ခုခုရှိနေမှန်း ငါရိပ်မိတယ် . . . ပိုင်ပိုင်။ အဲဒါ နင်နဲ့ မပတ်သက်ဘူးပေါ့ . . . ဟုတ်လား"

မျက်နှာတည်နှင့် စိုက်ကြည့်ရင်း မေးလိုက်သော် ချစ်သူပိုင် မျက်နှာချသွားပါသည်။

"နင့်ကို တစ်နာရီလုံးလုံး ဘာစကားမှမပြောဘဲ စောင့်နေတာ နင့်ဆီက အကြောင်းတစ်ခုခုများ ငါကြားရမလားဆိုပြီးတော့ပါ။ အခုတော့ ငါပဲ နင့်ကိုမှာတော့မယ်"

"ဘာမှာမလို့လဲ"

"နှစ်သစ်အကြောင်းပါ"

"ပြောလေ "

"နှစ်သစ်က ဖွဲ့ရှိတဲ့လူတစ်ယောက်နော်။ အဲဒါ နင်သိလား။ နောက်ပြီး နှစ်သစ်က ဆုံးဖြတ်ပြီးသားအလုပ်တစ်ခုကို တစိုက်မတ်မတ်လုပ်လေ့ရှိတယ်"

"နင်ပြောနေတာတွေက ငါသိပြီးသား အကြောင်းအရာတွေပါ . . ဦးရယ်။ နောက်ပြီး ငါတို့ ဒီကော်ဖီဆိုင်မှာ တစ်နာရီလုံးလည်း အချိန်ဖြုန်းပြီးပြီ။ ဒီတော့ နင်ဘာ မှာချင်တာလဲဆိုတာကိုသာ တိုက်ရိုက်ပြောလိုက်ပါ"

"နှစ်သစ်ကို စိတ်ညစ်အောင်မလုပ်ပါနဲ့ . . . ပိုင်ပိုင်"

"နှစ်သစ် စိတ်ညစ်တာ၊ ပျော်ရွှင်တာ နင်နဲ့ တိုက်ရိုက်ပတ်သတ်လို့လား . . . ဦး"



www.burmeseclassic.com

www.burmeseclassic.com

"ပတ်သက်ခွင့်မရှိဘူးဆိုတာ ငါ ကောင်းကောင်းနားလည်ပါတယ်။ ဒါပေမဲ့ ငါ နှစ်သစ်ကို စိတ်မညစ်စေချင်ဘူး"

"ဒါက နင့်တောင်းဆုလေ။ ပြည့်နိုင်၊ မပြည့်နိုင်ကို ငါဆုံးဖြတ်နိုင်တာမှ မဟုတ်ဘဲ"

"ပြည့်နိုင်၊ မပြည့်နိုင်ကို နင်မဆုံးဖြတ်နိုင်ပေမဲ့ နင့်လုပ်ရပ်ပေါ်မှာတော့ အများကြီး မှီခိုနေတယ် . . . ပိုင်ပိုင်"

ပြတ်သားစွာပြောလိုက်သည့် သူမစကားအဆုံး ချစ်သူပိုင် စိတ်မောစွာဖြင့် သက်ပြင်းတစ်ခု ချလိုက်ပါတော့သည်။

"ငါ ပြန်ရတော့မယ် . . . ဦး။ ငါ့ကို ခွင့်ပြုပါဦး"

ချစ်သူပိုင် စကားလုံးများကို ရင်မဆိုင်ရဲသည်နှင့်တစ်ပြိုင်နက် ထွက်ပြေးဖို့ စဉ်းစားလိုက်ပြီဖြစ်ကြောင်း ကောင်းစွာ ရိပ်မိလိုက်သောကြောင့် သူမ ချစ်သူပိုင်ကို မတားမြစ်ချင်တော့။ ထို့ကြောင့် ခေါင်းညိတ်ပြီးသာ ခွင့်ပေးလိုက်ပါတော့သည်။

သူမ ခေါင်းညိတ်ပြီး တစ်ပြိုင်နက်မှာပင် ချစ်သူပိုင် ကော်ဖီဆိုင်လေးကို ကျောခိုင်းထွက်သွားပါတော့သည်။



သမီးဦးကို ကျောခိုင်းထွက်ခဲ့သော်လည်း သူမ နောက်ကျောမလုံပါ။ သမီးဦးပြောသည့် စကားများအားလုံးကို သူမကောင်းစွာ နားလည်ပါသည်။ နှစ်သစ်နှင့်ပတ်သက်ပြီး သူမတွင် ပြောစရာ၊ ဝန်ခံစရာများ ရှိနေပါသော်လည်း သမီးဦးကို သူမ ဖြောင်ပင်ငြင်းဆန်ခဲ့လိုက်ခြင်း ဖြစ်ပါသည်။

"ငါ မလွန်ဘူးထင်တယ် . . . ဦး။ ငါနဲ့သစ်အကြားဖြစ်တဲ့ ကိစ္စတွေကို နင် ဝင်ရောက်မစွက်ဖက်ပါနဲ့"

ကျောခိုင်းရင်းနှင့်ပင် မကျေနပ်စွာ သူမ တီးတိုးရေရွတ်လိုက်မိပါသေးသည်။

သူမ ဒီတလော နှစ်သစ်နှင့် မတွေ့ဖြစ်နေသည်မှာ အတော်ပင်ကြာနေပြီဖြစ်ပါသည်။ ချိန်းလိုက်တိုင်း သူမဘက်က ပျက်ကွက်ခဲ့သည်ချည်းသာ။ သူမကိုယ်တိုင်က မပျက်ကွက်ချင်သော်လည်း လတ်တလော အခြေအနေကြီးကို သူမ မည်သို့မျှ မတော်လှန်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

“ဒီလိုတွေခိုင်းနေတာ သိပ်ပုံစံမကျဘူးထင်တယ် . . . မေမေ”

“ဘာကို ပုံစံမကျဘူးလို့ ပိုင်ပိုင်က စွပ်စွဲချင်တာလဲ”

“နွေမိုးယံနဲ့ သမီးကို အခုလိုအပြင်တွေခိုင်းနေတဲ့ ကိစ္စကိုပြောတာပါ မေမေ”

သားအမိနှစ်ယောက် ဧည့်ခန်းထဲတွင် ထိုင်နေပြီး တီးတိုးပြောနေကြသော်လည်း ပြောနေသည့် အကြောင်းရာကတော့ တဖြည်းဖြည်းသည်းထန်စပြုနေပြီဖြစ်သည်။

“နွေမိုးယံဆိုတာက မင်းနဲ့ အသက်အတူတူပဲလေ။ ဒီတော့ နွေမိုးယံ သွားချင်တဲ့နေရာကို မင်းလိုက်သွားပေးဖို့ သင့်တော်ပါတယ် ပိုင်ပိုင်ရာ”

“ဟုတ်ပါတယ် . . . မေမေ။ မေမေပြောသလို သင့်တော်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ သမီးမှာ ချစ်သူရှိတယ်လေ။ နွေမိုးယံနဲ့ တွဲနေတဲ့ကိစ္စအတွက် နှစ်သစ်ဘက်က ဖြေရှင်းချက်တောင်းရင် သမီး ဘယ်လိုဖြေရှင်းရမလဲ . . . မေမေ”

သူမ တိကျစွာ မေမေ့ကို မေးမြန်းလိုက်ပါသည်။

နွေမိုးယံဆိုတာ တခြားသူမဟုတ်။ သူမအစ်ကို ကိုပိုင်သူ သင်္ဘောတက်နိုင်အောင် ကူညီပေးသည့် ကုမ္ပဏီပိုင်ရှင်၏ တစ်ဦးတည်းသောသား။ အိမ်အသစ်ကိုပြောင်းပြီးကာမှ အိမ်သို့လာလည်ရင်းနှင့် သူမကို



တွေ့ပြီး ခင်မင်သွားကာ အိမ်ကို ချောင်းပေါက်မတတ်အောင် သွားလာနေသည့်လူ။ ချမ်းသာပြည့်ဝသည့်ဘဝကို လိုချင်နေသည့် ဒေါ်ချစ်ပိုင်၊ သူမမိခင်ကတော့ နွေမိုးယံ လာရောက်နေသည့်ကိစ္စကို အပြည့်အဝ ခွင့်ပြုထားပေးပါသည်။

ထို့အပြင် နွေမိုးယံတောင်းဆိုသော အပြင်သို့ ကော်ဖီလိုက်တိုက်ခြင်း၊ Shopping ထွက်ခြင်းများကိုလည်း သူမနှင့်အတူသွားရန် မေမေက လမ်းကြောင်းပေးလေ့ရှိပြီး သူမကလည်း မေမေ့အလိုကျ တစ်ခါဖူးမှ မငြင်းခဲ့ပေ။ သူမတို့ဘဝလေး အခုမှ လူတန်းစေ့ ဝတ်နိုင်၊ စားနိုင်ခဲ့သည့် အခွင့်အရေးမျိုးကို တခြားဘာမဟုတ်တဲ့ကိစ္စအတွက် သူမ အဖျက်မခံနိုင်ပေ။

သို့သော် တစ်နေ့ (၂၄) နာရီတွင် နွေမိုးယံနှင့် ဖြုန်းနေရသည့် သူမအချိန်မှာ (၁၅)နာရီခန့် ကျော်ပေသည်။ ကျောင်းပို့၊ ကျောင်းကြို့အပြင်၊ နေ့လယ်နေ့ခင်းလည်း နွေမိုးယံ သူမထံသို့ ရောက်လာတတ်ပါသေးသည်။ တဖြည်းဖြည်း နွေမိုးယံနှင့်နေရသည့်အချိန် များလာသည်နှင့်အမျှ နှစ်သစ်နှင့်နေရမည့်အချိန်မှာ သိသာစွာ လျော့နည်းနေကြောင်း သူမ သတိထားမိပြီး မိခင်နှင့် ညှိနှိုင်းနေခြင်းဖြစ်ပါသည်။

“ဒါဆို မေမေ မေးမယ်။ ပိုင်ပိုင် တိတိကျကျ ပြန်ဖြေပေး”

သူမ မေမေမေးမည့်မေးခွန်းကို နားစွင့်လိုက်မိပါသည်။

“နှစ်သစ်ကို သမီး တကယ်ချစ်တာလား”

“ဟုတ်ကဲ့”

“လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာလား”

ထိုမေးခွန်းကို ပြန်ဖြေရန် သူမ နှုတ်ခမ်းတို့ တွန့်ဆုတ်သွားရပါသည်။

“နောက်တစ်ခု မေမေ ထပ်မေးဦးမယ်။ နှစ်သစ်က သမီးဖြစ်ချင်နေချင်တဲ့ ဘဝမျိုးရအောင် ဖန်တီးပေးနိုင်တဲ့ လူတစ်ယောက်လို့ သမီး ယုံကြည်ထားလား”



www.burmeseclassic.com

www.burmeseclassic.com

တကယ်ပါ။ သူမ ဘာပြန်ဖြေရမှန်း မသိနိုင်တော့။

"ကဲပါ . . . ပိုင်ပိုင်ရယ်။ ဘာတွေများ အတွေးလွန်နေတာလဲ။ အခုလက်ရှိပစ္စုပ္ပန်ကို ရိုးရိုးလေးတွေးကြည့်ကြရအောင်ကွာ။ ဟုတ်ပြီလား"

"ဘယ်လို ရိုးရိုးလေး တွေးကြည့်ရမှာလဲ မေမေ"

"ဒါက ရှင်းပါတယ်။ သမီး နှစ်သစ်နဲ့ ရည်းစားဖြစ်တုန်းက မေမေ ကန့်ကွက်ခဲ့ဖူးလား"

"မကန့်ကွက်ခဲ့ဖူးပါဘူး မေမေ"

"နှစ်သစ်နဲ့ သွားတာ လာတာကိုရော မေမေ ကန့်ကွက်ဖူးလား"

"ဟင့်အင်း"

ဟုတ်ပါသည်။ ဒေါ်ချစ်ပိုင်သည် သူမ နှစ်သစ်နှင့် မည်သို့ပင် ပတ်သက်ပတ်သက်၊ ထိုပတ်သက်မှုကို တစ်စက်လေးမျှ မမေးသလို၊ ဝင်ရောက်စွက်ဖက်ခြင်းလည်း အရှင်းမရှိခဲ့ချေ။

"နောက်ပြီး သမီးကို မောင်နွေမိုးယံက ချစ်သူစကားတို့၊ ရည်းစားစကားတို့ ပြောသေးလား"

"မပြောပါဘူး မေမေ"

"အေးလေ . . . ရှင်းရှင်းလေးကို ဘာလို့ အတွေးတွေနဲ့ ရှုပ်ချင်နေတာလဲ . . . ပိုင်ပိုင်ရယ်"

အပြုံးနှင့်ပြောလိုက်သော မေမေ့စကားကို သူမ တကယ်နားမလည်နိုင်ပါ။

"မေမေ ဘာကိုဆိုလိုတာလဲ"

"ဒါကတော့ ရှင်းပါတယ်။ မေမေက သမီး ဘယ်သူနဲ့ချစ်တယ်၊ ကြိုက်တယ်ဆိုတာကို စိတ်မဝင်စားဘူး။ မမေးမြန်းဘူး၊ သမီးကို လွတ်လပ်ခွင့် အပြည့်ပေးထားတယ်၊ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"



"ဒီတော့ သမီးကလည်း မေမေ သဘောကျတဲ့လူနဲ့ အသွားအလာ လုပ်ပေးရမယ်။ မေမေလည်း သမီးကိစ္စကို မစွက်ဖက်သလို သမီးလည်း မေမေ့ Plan ကို မစွက်ဖက်နဲ့လေ။ နောက်ပြီး မေမေက သမီးကို မောင်နွေမိုးယံနဲ့ ကြိုက်ရမယ်၊ ချစ်ရမယ်၊ လက်ထပ်ရမယ်လို့လည်း မတိုက်တွန်းနေဘူးလေ။ ဒီအတိုင်း သွားရုံလာရုံပဲ ဥစ္စာ"

"ဒါပေမဲ့ အဲ့ဒါ သစ်အပေါ်မှာ . . ."

"နှစ်သစ်အပေါ်မှာ သစ္စာဖောက်သလို လုံးဝမဖြစ်ပါဘူး . . . ပိုင်ပိုင်ရယ်။ မေမေ ပြောပြီးပြီလေ။ ရှင်းရှင်းလေးပဲ တွေးပါလို့။ နှစ်သစ်က သမီးရဲ့ ချစ်သူ၊ ရည်းစား၊ နွေမိုးယံကတော့ မိဘသဘောကျ တွဲသွားတွဲလာလုပ်နေရတဲ့ လူတစ်ယောက်။ ဒါပဲလေ"

မေမေနှင့်သူမတို့ ညှိနှိုင်းပွဲလေး အေးဆေးစွာ အဆုံးသတ်သွားလေပြီ။ ညှိနှိုင်းပွဲလေးတွင် ဖြစ်သွားသော သဘောတူညီမှုအတိုင်း သူမ လိုက်နာရန်လည်း ဆုံးဖြတ်လိုက်ပါသည်။

သူမအဖို့ကတော့ မေမေပြောသလို ရှင်းရှင်းလေး တွေးလိုက်ခြင်းသက်သက်သာ။ နှစ်သစ်နှင့် သူမက ချစ်သူတွေ။ နွေမိုးယံနှင့်က အလုပ်သဘောအရ ဆက်ဆံတာ။ ဒါပါပဲ။ ဒီတော့ မေမေ့တောင်းဆိုမှုကို လိုက်လျောလိုက်ခြင်းကလည်း မည်သူ့ကိုမှ မထိခိုက်နိုင်။ ပြဿနာမဖြစ်နိုင်ပါ။

သို့သော် နွေမိုးယံနှင့် သူမ အချိန်တွေကို ဖြုန်းနေသောကြောင့် နှစ်သစ်ကိုပေးဖို့ အချိန်တွေကတော့ သိသိသာသာ လျော့နည်းသွားရပါ၏။ ကိုယ်ဝါသနာပါတာကိုတောင် စွန့်ပြီး မိခင်သဘောကျ ဆောင်ကျဉ်းကို တက်ခဲ့သော သူမအဖို့ နွေမိုးယံနှင့်ပတ်သက်ပြီးလည်း မိခင်ကို အတိုက်အခံ မလုပ်ဝံ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီဆိုင်လေးအတွင်းသို့ သမီးဦး ခြေလှမ်းချလိုက်သည်နှင့် ထူးခြားသည့် ရင်ခုန်မှုလေးတစ်ခု ဖြစ်ပေါ်သွားပါသည်။

"ဦး . . . လာလေ၊ ဒီမှာ ငါတို့ကျောင်းစာ ဆွေးနွေးလို့ အသင့်တော်ဆုံးပဲ"

ကျောင်းထဲတွင် ကျောင်းစာကိစ္စဆွေးနွေးမိပါမှ ကိုယ့် Idea များ သူများ ခိုးချသွားမည်ကို စိုးရိမ်သောကြောင့် အတန်းထဲမှ ပိုးအိနှင့်အတူ သူမ ကော်ဖီဆိုင်သို့ ထွက်ခဲ့ခြင်းဖြစ်ပါသည်။

"ကော်ဖီဆိုင်ထဲမှာ လူတစ်ယောက်ယောက် ရောက်နေတယ် . . . ပိုးအိ၊ အဲ့ဒါ ဦး သိနေတယ်"

ကော်ဖီဆိုင်အတွင်း သူမ ဝေ့ကြည့်မိသော်လည်း မည်သို့မျှ မထူးခြား။ ဆိုင်အတွင်းရှိ ထိုင်ခုံများက နောက်မှီအမြင့်ကြီးများနှင့် တန်ဆာဆင်ထားပြီး ကော်ဖီတစ်ဝိုင်းနှင့် တစ်ဝိုင်းအကြားတွင်လည်း ထရံလိုလို အရာများနှင့် ကာထားပါသေး၏။

"ကဲပါ . . . ဦးရယ်၊ နောက်တော့မှပဲ ရှာလိုက်ပါနော်။ လောလောဆယ် ငါတို့ ကျောင်းစာဆွေးနွေးရအောင်။ စာမေးပွဲတစ်ခု ဖြေရဦးမယ်လေ"

ပိုးအိ ပြောပြောဆိုဆိုနှင့် သူမ လက်ဖဝါးလေးတစ်ဖက်ကို ဆွဲကိုင်သွားရင်း စားပွဲလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ကြပါသည်။



ထိုင်ခုံတွင် ထိုင်လိုက်ပြီးသည်နှင့် သူမတို့စားပွဲသို့ စားပွဲထိုးလေးတစ်ယောက် ရောက်လာပါသည်။

"ဘာသောက်မလဲ . . . ဦး?"

"ဒိန်ချဉ်၊ ထန်းလျက်နဲ့"

"အစ်ကိုရေ . . . ကျွန်မတို့ကို သူမှာသလို ဒိန်ချဉ်တစ်ခွက်၊ ကျွန်မကို Orange Juice တစ်ခွက်ပေးပါနော်"

Offer ကို မှတ်သားပြီး စားပွဲထိုးထွက်သွားသည့်တစ်ခဏ ထိုစားပွဲထိုးလေးကိုယ်နှင့် ကွယ်နေသည့် အနောက်ဘက်စားပွဲဝိုင်းသို့ သူမအကြည့်များ ရောက်ရှိသွားရပါ၏။

"နှစ်သစ်"

စားပွဲတွင် နှစ်သစ်တစ်ယောက်တည်း ထိုင်နေ၏။ စားပွဲပေါ်တွင်ရှိနေသော ကော်ဖီခွက်ကို တစ်စိုက်မတ်မတ် ငေးကြည့်နေရင်း ငြိမ်သက်နေသော နှစ်သစ်သည် တစ်ယောက်ယောက်ကိုစောင့်နေမှန်း သူမ မြင်လိုက်သည်နှင့် ရိပ်မိလိုက်နိုင်ပါသည်။

"ဦး . . . ငါတို့ လာမဲ့အပတ် Presentation အတွက် နင် ဘယ်လိုစဉ်းစားထားလဲ?"

နှစ်သစ်ကို ငေးကြည့်နေသည့် သူမကို ပိုးအိမေးမြန်းလိုက်ပါသည်။

ထိုစဉ် သူမ တွေးနေသည်က သူမ နှစ်သစ်ကို ခေါ်လိုက်သင့်သည်လားပေါ့။ ခေါ်လိုက်လျှင် နှစ်သစ် အနှောင့်အယှက်ဖြစ်မည်ကိုလည်း စိုးရိမ်ပါသည်။

နှစ်သစ်တစ်ယောက်တည်း ထိုသို့ ငေးငိုင်နေသည်ကိုလည်း သူမ မလိုလားပြန်။ သို့သော် သူမ ကြိုးစားပြီး စိတ်ကို စာထဲတွင်သာ နှစ်ထားရန် ဆုံးဖြတ်လိုက်ပါတော့သည်။

"လာမဲ့အပတ် Presentation အတွက် ဦး စဉ်းစားထားတာတစ်ခုတော့ရှိတယ် . . . ပိုးအိ"



www.burmeseclassic.com

www.burmeseclassic.com

စားပွဲထိုးက သူမတို့ မှာထားသည်များကို လာရောက်ချပေးသွားပါသည်။

"ဘာများလဲ ?"

"Natural Sign ကို တင်ပြရမှာဆိုတော့ အတွေများကတော့ ပန်းပင်တွေအကြောင်း ကျေးငှက်တွေအကြောင်း တင်ပြဖို့ စဉ်းစားမိကြလိမ့်မယ်"

သူမ ပိုးအိကို ပြောနေသော်လည်း အကြည့်များကတော့ နှစ်သစ်ထံသို့ ရောက်ရောက်သွားတတ်ပါသည်။

"နောက်ပြီး သူတို့က ရှားပါးတာတွေ ပိုပြီး စဉ်းစားလိမ့်မယ်လို့ ဦး ထင်တယ်"

"ဖြစ်နိုင်တယ် . . . ဦး၊ နင်တွေးတာ ဖြစ်နိုင်တယ်။ ငါတော့ Presentation ကို ပိုပြီး ဆန်းသစ်ချင်တာပဲ သိတယ်ဟာ"

"ငါတို့ Presentation ကို လူတွေအဆုံးအထိ ကြည့်အောင် ဆွဲဆောင်ဖို့က ပိုအရေးကြီးတယ်လေ၊ ဒီတော့ ငါတို့ အများက မြင်ဖူးနေပေမဲ့ သတိမထားတတ်တဲ့အရာတွေကို တွေးကြည့်ရလိမ့်မယ် ပိုးအိ"

ပိုးအိ စိတ်ဝင်စားစွာ သူမစကားများကို နားစိုက်ထောင်နေလေသည်။

"နောက်ပြီး ငါ ရိုးရိုးလေးပဲ ဖန်တီးချင်တယ်ဟာ။ ဒီတော့ ငါတို့ လမ်းထိပ်မှာ ခွေးမကြီးက ခွေးလေးတွေ သားပေါက်ထားတာ တစ်လလောက်ပဲရှိသေးတယ်။ ခွေးလေးတွေ တစ်ကောင်နဲ့တစ်ကောင် စ,နောက်၊ ပြီးရင် စိတ်ဆိုး၊ စိတ်ဆိုးပြီး တစ်ကောင်နဲ့တစ်ကောင် ထကိုက်ကြ၊ ဒီတော့ ခွေးမကြီးက ကြားထဲကနေ ခွေးပေါက်လေးနှစ်ကောင်ကို ကိုက်။ ပြီးတော့ အားလုံး ခွေးမကြီးနို့ကို ပြန်ဆို့။ ပြီးတော့ အခုနလိုပဲ ပြန်ကိုက်ကြ။ အဲ့ဒီသံသရာကို



ထိုင်ကြည့်နေရင် အချိန်ကုန်လို့ ကုန်သွားမှန်းတောင် မသိလိုက်ဘူး . . . ပိုးအိ"

သူမစကားကို ပိုးအိသဘောကျစွာ လက်ဖျောက်တီးလိုက်ပါတော့သည်။

"ဟုတ်တယ် . . . ဦးရာ၊ ငါ နင့်လို မတွေးမိဘူး"

"အင်း . . . ဒီတော့ ငါတို့ Presentation ကို အဲ့ဒီခွေးမိသားစုလေးနဲ့ ဖန်တီးလိုက်ရင် တော်တော်လှမယ်လို့ ငါထင်တယ်"

"ဘာတွေများ လှနေတာလဲ ဦး"

သူမတို့စကားဝိုင်းထဲသို့ဝင်လာသော ယောကျ်ားသံကြောင့် သူမလှည့်ကြည့်လိုက်သော် နှစ်သစ်ဖြစ်နေပါတော့သည်။ အတွေးထဲတွင် နှစ်မျောနေသော နှစ်သစ်က သူမရောက်နေကြောင်း ဘယ်လိုလုပ်သိသွားတာပါလိမ့်။

"အခုနနင်တို့ဝိုင်းက ကြားလိုက်ရတဲ့ လက်ဖျောက်တီးသံကြောင့် ငါ ဒီဝိုင်းကို လှမ်းတွေ့ပြီး ကူးလာတာ"

သူမအတွေးမှ မေးခွန်းကို နှစ်သစ်က ပြုံးလျက်ဖြေလိုက်ပါသည်။

"ငါလာတာ အနှောင့်အယှက်ဖြစ်သွားလား . . . ဦး"

"မဖြစ်သေးပါဘူး၊ နင် တိတ်တိတ်လေး ထိုင်နေပေးမယ်ဆိုရင်တော့ အနှောင့်အယှက်ဖြစ်မယ် မထင်ပါဘူး"

"ငါ တိတ်တိတ်လေး ထိုင်နေပေးပါ့မယ်"

နှစ်သစ် သူမစားပွဲဝိုင်းတွင် ပြောင်းထိုင်လိုက်ပါသည်။ ထို့နောက် သူမနှင့် ပိုးအိ Presentation ကိစ္စအတွက် ဆက်လက်ဆွေးနွေးကြပါသည်။

"Lighting ကောင်းတဲ့ နေသာတဲ့နေ့ နင် ငါ့အိမ်လာခဲ့ . . . ပိုးအိ၊ ဒါဆို ငါတို့ အလုပ်ဖြစ်ပြီ။ သူတို့ကို တစ်နေ့လုံး စောင့်ရိုက်မယ်။ ပြီးရင် အကောင်းဆုံးပြကွက်တွေကို Editing ပြန်လုပ်မယ်၊ ဘယ့်နှယ်လဲ ?"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ဒါဆို ငါတို့ Presentation လေး ပြည့်စုံသွားမှာ သေချာတယ်"

သူမတို့ Presentation လေးအတွက် ဆွေးနွေးမှုလေး အောင်မြင်စွာ ပြီးဆုံးသွားပါတော့သည်။

"ကဲ . . . နှစ်ယောက်လုံး ဆွေးနွေးပြီးသွားပြီဆိုရင်တော့ မှာထားတာလေးတွေ သုံးဆောင်လိုက်ကြပါဦး"

နှစ်သစ်က သူမတို့နှစ်ယောက်ကို ဧည့်ခံလိုက်သောကြောင့် သူမတို့ ပြုံးမိကြပြီး ကိုယ်စီမှာထားသည့် အအေးများကို သောက်ဖြစ်လိုက်ကြ၏။

"နှင် ဒီကို ဘာလာလုပ်တာလဲ . . . နှစ်သစ်၊ အဲ့ဒါ ငါ မေးခွင့်ရှိလား?"

သူမ မေးခွန်းဆုံးသော် နှစ်သစ် စိတ်မောစွာ သက်ပြင်းချလိုက်ပါတော့သည်။

"အင်း . . . ငါ ပိုင်ပိုင်နဲ့ ချိန်းထားလို့လေ"

"ဪ . . . နှင် စောရောက်နေတယ်ပေါ့ . . . ဟုတ်လား"

နှစ်သစ် လေးလံစွာ ခေါင်းခါယမ်းရင်းနှင့် . . .

"စောရောက်နေတာ မဟုတ်ပါဘူး . . . ဦးရာ၊ ငါရောက်နေတာက အချိန်မှန်ပါ။ ဒါပေမဲ့ . . . ပိုင်ပိုင် မလာတော့ပြန်ဘူးနဲ့ တူတယ်"

နှစ်သစ်စကားအရ ပိုင်ပိုင်သည် အရင်အခါတွေတုန်းကလည်း ချိန်းသည့်နေရာကို မရောက်ဖြစ်ခဲ့မှန်း သူမ နားလည်လိုက်နိုင်ပါသည်။

"ထားလိုက်ပါတော့။ သူက အလုပ်များတယ်လေဟာ၊ နှင်လည်း သိတဲ့အတိုင်းပဲ။ ကဲ . . . ဒီတော့ နှင်တို့နှစ်ယောက် အအေးသောက်။ ပြီးရင် ငါ ဘယ်လိုက်ပို့ပေးရမလဲ?"

"ငါတို့က ကျောင်းပြန်သွားဦးမှာ . . . နှစ်သစ်ရဲ့"



ချိန်းလိုက်တိုင်း ချစ်သူပိုင် ရောက်မလာခဲ့သည်မှာ ဒီတစ်ခါ ဘယ်နှကြိမ်မြောက်မှန်း သူမ မသိပါ။ သို့သော် နှစ်သစ်အဖို့တော့ အကျင့်လိုလိုဖြစ်နေသည့် ပုံစံပင်။ နှစ်သစ် မူမပျက် စကားပြောနေသော်လည်း စိတ်ထဲ အတော်ပင် ခံစားနေရသည်ဟု သူမ ထင်မှတ်မိပါသည်။

နှစ်သစ်ခံစားရတိုင်း သူမလည်း ဝမ်းနည်းရသည်ချည်းသာ။ သို့သော် သူမ ဝမ်းနည်းပြနေလို့ မသင့်တော်ပါ။ နှစ်သစ်ခံစားချက်များ ပျောက်သွားအောင် သူမ ကုစားပေးချင်သော်လည်း သူမကိုယ်တိုင် နှစ်သစ်အတွက် အချိန်မပေးနိုင်သေးချေ။

"ဒါဆိုလည်း ငါ ပြန်တော့မယ် . . . ဦး၊ နှင်တို့လည်း ငါ့ကြောင့် အနှောင့်အယှက် မဖြစ်စေချင်ဘူး"

သူမ ခေါင်းသာညိတ်ပြလိုက်သော် နှစ်သစ်ပြုံးလျက် သူမကို နှုတ်ဆက်ကာ ကော်ဖီဆိုင်ထဲမှ ထွက်သွားခဲ့လေပြီ။

နှစ်သစ်ကျောပြင်ကိုကြည့်ပြီး သူမ သက်ပြင်းမောကြီးတစ်ခု ချလိုက်မိပါသည်။

"နှင်နဲ့ အတော်ရင်းနှီးတဲ့ သူငယ်ချင်းလား . . . ဦး"

ပိုးအိက သူမနှင့် နှစ်သစ်တို့ အပြုအမူများကို စောင့်ကြည့်နေပြီး နှစ်သစ်ဆိုင်အပြင်သို့ ရောက်သွားကာမှ သူမအနားသို့ တိုးကပ်မေးလိုက်သည်။

"နှင်သိလား . . . ပိုးအိ၊ အခု ငါ ဘယ်လောက် နှစ်သစ်အနားမှာ နေချင်နေလဲဆိုတာ"

"ငါ တိတိကျကျမသိပေမဲ့ အဲ့ဒီတစ်ယောက်ကို ငေးကြည့်နေတဲ့ နှင့်မျက်ဝန်းတွေကို ကြည့်ပြီး ငါ အရိပ်အမြွက်လောက်တော့ ရိပ်မိပါတယ်"

"သူ အရမ်းစိတ်ညစ်ပြီး ခံစားနေရတယ်ဆိုတာ ငါ ကောင်းကောင်းကြီး သိနေတယ်။ သူ့အစား ဝင်ခံစားပေးလို့ရမယ်ဆိုရင် ကောင်းမယ်ပါ . . . ပိုးအိရယ်၊ ငါ သူ့အစား ဝင်ပြီး ငိုပေးနေမိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"နင် တကယ်ပြောနေမှန်း ငါသိပါတယ် . . . ဦးရယ်၊ နောက်ပြီး နင့်စိတ်ကူးလေး အကောင်အထည်ပေါ်ပါစေလို့ ငါ ဆုတောင်းပေးပါတယ်"

ထိုနေ့က သူမ အိမ်ပြန်လာပြီး အိမ်ရှေ့ပြတင်းပေါက်မှ နှစ်သစ်ကို တစ်ညလုံး ငေးကြည့်နေဖြစ်ပါသည်။ ခြံဝန်းထဲတွင် နှစ်သစ်တစ်ယောက်တည်း ထိုင်ကာ တွေဝေငေးမောနေသည်ကိုကြည့်ရင်း သူမ ရင်ထဲ ပူလောင်လာပါသည်။ ပူလောင်လာသည့် ခံစားချက်ကြီးက သူမကို မျက်ရည်ပါ ဝေ့စေနိုင်ပါ၏။

ᨏ ᨏ ᨏ



မိုးစက်ပေါက်လေးများ တံစက်မြိတ်မှတစ်ဆင့် အိမ်ရှေ့သို့ တဖျောက်ဖျောက် ကြွေကျနေသည်ကို သူမ စိတ်ပြေနပြေ ထိုင်ငေးကြည့်နေမိသည်။ မိုးစက်လေးတစ်စက် မြေပြင်သို့ ကျသွားသည်ကို တွေ့လိုက်တိုင်း သူမ နှစ်သစ်ဆိုသော နာမည်လေးကို တစ်ခါ ရေရွတ်လိုက်ရင်းက မိုးစက်ပေါက်များ စုစည်းကာ တဖြည်းဖြည်းများပြီး ရေအိုင်သေးလေး တစ်ခုပင် ဖြစ်ပေါ်နေသောကြောင့် သူမ ရွတ်နေသော နာမည်အခေါက်ရေမှာလည်း အတော်ပင် များနေပြီဖြစ်ကြောင်း သတိထားလိုက်မိပါသည်။

"ဦး . . ."

ခေါ်လိုက်သော အသံကြောင့် သူမ လှည့်ကြည့်လိုက်သော မေမေ ခေါ်ဦးကို တွေ့လိုက်ရပါသည်။

"မေမေ . . ."

"ဦးအတွက် လက်ဆောင်တစ်ခုရှိတယ် သိလား?"

"ဘာများလဲ မေမေ"

"ဒီမှာကြည့်"

မေမေပြောရင်း ထောင်ပြလိုက်သည့် အရာလေးက သူမတကယ် လိုအပ်နေသည့် အရာလေးတစ်ခုပင်။ Sony တံဆိပ် Cyber-Shot Camera လေးက သူမကို ကောင်းစွာ ဆွဲဆောင်နိုင်လိုက်ပြီဖြစ်ပါသည်။

"မေမေ . . . Camera လေးလား?"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့။ ဦးအတွက် အရမ်းလိုအပ်နေတယ်လို့ မေမေတွက်ပြီး ဝယ်လာခဲ့ပေးတာ"

သူမ Camera လေးကို ကျေနပ်စွာ လှမ်းယူလိုက်ပါသည်။ လတ်တလော သင်ခန်းစာများအတွက် အတော်ပင် အဆင်ပြေနိုင်သွားပြီဖြစ်ပါ၏။

"ဦးလိုအပ်နေမှန်း မေမေ ဘယ်လိုလုပ် သိလဲဟင် . . ."

"နှစ်သစ် စိတ်ညစ်နေမှန်း ဦး ဘယ်လိုလုပ်သိလဲ ?"

မဆိုင်စွာ မေးလိုက်သော မေမေ့မေးခွန်းကြောင့် သူမ မျက်ခုံးလေး ကုတ်မိလိုက်ပါသည်။

"ကိုယ်တကယ် အရမ်းချစ်တဲ့လူတစ်ယောက် ဘာဖြစ်နေတယ်ဆိုတာ အဲ့ဒီလူမပြောဘဲနဲ့ အလိုလိုသိနိုင်တာက စွမ်းအားတစ်ခုဆိုရင် အဲ့ဒီစွမ်းအားက မေမေ့မှာလည်းရှိသလို၊ ဦးမှာလည်းရှိတယ်"

မေမေ့စကားများကို သူမ ဆက်နားမထောင်ချင်တော့ပါ။ နှစ်သစ်အတွက် အချိန်တိုင်းလိုလို ခံစားနေရခြင်း၊ စောင့်မျှော်နေမိခြင်းကို မေမေက အချစ်ဟု ခေါင်းစဉ်တပ်နေသော်လည်း သူမကတော့ ဘာမှန်းမသိသေး။ သူမ သိနေသည်က သူမ မြင်ကွင်းအတွင်း နှစ်သစ်ကို ရှိနေစေချင်သည်သာ။ ထို့ထက်တော့ ဘာမှ မထူးခြားနိုင်ပါဟု တွေးရင်းဖြင့် သက်ပြင်းမောတစ်ခု ချလိုက်ရပြန်သေးသည်။

"ဒီနေ့ကစပြီး ဦး မှတ်တမ်းတင်ချင်တာ မှန်သမျှ စိတ်ကြိုက်သာ မှတ်တမ်းတင်ပေတော့။ အထဲမှာ Memory ကိုလည်း ဂစ်အများကြီး မေမေ ထည့်ပေးထားတယ်"

"ကျေးဇူးပါပဲ . . . မေမေရယ်၊ ဦး အရမ်းကျေးဇူးတင်ပါတယ်"

သူမ ဘဝကို မေမေက ထိန်းချုပ်ခြင်း မလုပ်ဖူးချေ။ ထိန်းကျောင်းပေးရုံသက်သက်သာ။ ထို့ကြောင့် သူမသည် ဘဝအတွက် ရသင့်ရထိုက်သည့် လွတ်လပ်ခွင့်များအားလုံးကို ရနေပါတော့သည်။



တကယ်ပါ။ ထိုကဲ့သို့သော မြင်ကွင်းမျိုးကို သူမ တစ်ခါဖူးမှ မမျှော်လင့်ဖူးပါ။ မြင့်လိုက်သည့်တစ်ခဏ သူမ ခြေလှမ်းများ ရပ်တန့်သွားသလို အာရုံများလည်း ပြောင်းဆန်ကုန်ပါသည်။

"ဘာဖြစ်လို့လဲ . . . ဦး"

ဘေးတွင်ပါလာသော ပိုးအိက သူမကို နားမလည်စွာ မေးလိုက်ပါသည်။

"Market အဝကြီးမှာ . . . ဦးရယ်၊ လာ . . . အထဲဝင်ရအောင်"

ပိုးအိ ခေါ်သော်လည်း သူမ ခြေလှမ်းများ အရှေ့သို့ တစ်ဖဝါးမျှ မရွေ့သေးချေ။ မြင်လိုက်ရသည့် မြင်ကွင်းကို ငေးကြည့်ရင်း ဖြစ်ပေါ်လာသော ဝမ်းနည်းမှုကြောင့် သူမ မျက်ရည်ပင် ဝေ့လာရပါတော့၏။

"ဦး . . ."

သူမ မြင်ကွင်းထဲမှ ကောင်မလေးလေးကလည်း သူမကို ပြန်ခေါ်လိုက်ပါသည်။ ထိုကောင်မလေး၏ လက်ဖဝါးတစ်ဖက် တခြားယောကျ်ားတစ်ယောက်၏ လက်အတွင်း ရှိနေ၏။

"နင် ဈေးလာဝယ်တာလား ?"

မမှိတ်မသုန်စိုက်ကြည့်နေသော သူမကို ချစ်သူပိုင်က ဟန်မပျက် နှုတ်ဆက်လိုက်သော်လည်း ချစ်သူပိုင် လွန်စွာ စိတ်ကျဉ်းကျပ်နေပြီဆိုတာ သူမ ကောင်းစွာသိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ငါ ဘာပဲလာလုပ်၊ လာလုပ်ပါ၊ အဲ့ဒါ နင်မေးစရာမလိုဘူး။ တကယ်လိုအပ်တာက နင်နဲ့ငါ စကားပြောဖို့ပါ . . . ချစ်သူပိုင်"

ချစ်သူပိုင့်လက်ဖဝါးတစ်ဖက် နွေမိုးယံ၏လက်အတွင်း ရှိနေသေးသော်လည်း ချစ်သူပိုင် ရှက်ကိုးရှက်ကမ်းဖြင့် ထိုလက်ကို မရုန်းလိုတ်ချေ။ သူမကလည်း အလိုက်မသိ ထိုလက်နှစ်ဖက်ကို ငေးစိုက်ကြည့်နေမိပါ၏။ ရင်ထဲတွင် ခံစားရလွန်းလို့ အသည်းနှလုံးများ တဆတ်ဆတ်နာကျင်နေကြပေပြီ။ နှစ်သစ်နောက်ကွယ်တွင် ချစ်သူပိုင် တခြားယောကျ်ားတစ်ယောက်နှင့်တွဲနေကြောင်း သူမ ယနေ့မှ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရခြင်းဖြစ်ပါ၏။ ချစ်သူပိုင် ထိုသို့လုပ်လိမ့်မည်ဟု သူမ တစ်ခါဖူးမှ မတွေးထားဖူးပါ။

"ငါ မိတ်ဆက်ပေးရဦးမယ်၊ ဒါက နွေမိုးယံတဲ့။ ငါ့သူငယ်ချင်း"

"နင့်သူငယ်ချင်း အသစ်ပေါ့၊ ဟုတ်လား . . . ပိုင်ပိုင်"

"ဟုတ်တယ် . . . မိတ်ဖြစ်ဆွေဖြစ် ငါတို့သုံးယောက် ဆိုင်တစ်ဆိုင်ဆိုင်ထိုင်ကြရင် မကောင်းဘူးလား?"

"ကောင်းတယ် . . . ပိုင်ပိုင်၊ ဒီတော့ ဒီတစ်ယောက်နဲ့လည်း ကိုယ်ရင်းနီးသွားတာပေါ့"

"သူ့နာမည်က သမီးဦးပါ။ ပိုင်ပိုင်တို့မှာတော့ သူ့ကို ဦးလို့ပဲခေါ်"

ချစ်သူပိုင် ဟန်မပျက် သူမနှင့် နွေမိုးယံကိုပင် မိတ်ဆက်ပေးနေသေးသည်။

"ငါ သွားစရာရှိသေးတယ် . . . ပိုင်ပိုင်။ ကဲ . . . ကိုနွေမိုးယံ ကျွန်မကို ခွင့်ပြုပါဦး"

ကိုယ့်ဘက်အလွန်မရှိအောင် နွေမိုးယံကို သူမနှုတ်ဆက်ပြီး Market ထဲ ဝင်လာချိန်တွင်တော့ သူမ အသည်းနှလုံးများ ငိုကြွေးနေကြပြီဖြစ်ပါ၏။ နှစ်သစ်အချစ်များကို မျက်ကွယ်ပြုပြီး ချစ်သူပိုင် တစ်ကိုယ်ကောင်းဆန်ရက်သည်ကိုတွေးလိုက်တိုင်း ရင်ထဲကို အပ်နှင့်ထိုးခံရသလို တဆစ်ဆစ်နာကျင်ရပါ၏။ ချစ်သူပိုင် ထိုသို့ နောက်တစ်ယောက်နဲ့တွဲနေကြောင်း



နှစ်သစ် မသိဘူးလား။ နှစ်သစ်ကို အသိမပေးဘဲ ချစ်သူပိုင် နောက်ကွယ်တွင် လုပ်ချင်ရာ၊ လုပ်နေသည်လား? ဒါဆို ချစ်သူပိုင်က နှစ်သစ်အချစ်များကို တန်ဖိုးမထားဘူးလား။

မေးခွန်းများ များလာလေလေ သူမ ချစ်သူပိုင်နှင့် နှစ်ယောက်တည်းလွတ်လပ်စွာ စကားပြောချင်လေလေ ဖြစ်ပါသည်။

ဒီတစ်ခါ ချစ်သူပိုင်နှင့် နှစ်သစ်အကြား သူမဝင်ပါခြင်းက သူငယ်ချင်းနှစ်ယောက်အကြား ဝင်ညှိပေးခြင်းသက်သက်သာဖြစ်ပါသည်။

တစ်ယောက်ရဲ့အချစ်ကို တစ်ယောက်က တန်ဖိုးထားရကောင်းမှန်းမသိသောကြောင့် မီးမောင်းထိုးပြချင်ခြင်းသက်သက်ဖြစ်ပြီး ထို့ထက်လည်း သူမ ဘာကိုမှ မရည်ရွယ်မိခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com

လေပြည်ညင်းကြောင့် ဖြစ်ပေါ်လာသော လှိုင်းသေးသေးလေးများက ကမ်းစပ်သို့ လာရောက်ရိုက်ခတ်သည့်တစ်ခဏ ထွက်ပေါ်လာသော သာယာသည့် လှိုင်းပုတ်သံသေးသေးလေးသည် သူမတို့နှစ်ယောက်၏ နားစည်အတွင်းသို့ ခုန်ကူးကာ ဝင်ရောက်နေပါတော့သည်။

ခုံတန်းရှည်တွင် ထိုင်နေသော မိန်းကလေးနှစ်ယောက်လုံး ဘာစကားမှ မပြောဖြစ်သေးဘဲ ရေလှိုင်းလေးများကို ငေးစိုက်ကာ ကြည့်နေကြစဉ် ပတ်ဝန်းကျင်တစ်ခုလုံးတွင် လှိုင်းပုတ်သံမှအပ တခြား ဘာသံမှ မရှိချေ။

"နင် မလုပ်သင့်ဘူး . . . ပိုင်ပိုင်"

လှိုင်းပုတ်သံနှင့်အတူ ထွက်ပေါ်လာသော သူမစကားသံကြောင့် ချစ်သူပိုင့်အကြည့်များ သူမ ထံသို့ ရောက်သွားပါတော့သည်။

"ဒါက ငါဆုံးဖြတ်ရမှာပါ . . . ဦး။ နင် ဆုံးဖြတ်စရာမလိုပါဘူး။ နောက်ပြီး ငါ လုပ်သင့်လို့ လုပ်တာ။ နင် မကျေနပ်လည်း မတတ်နိုင်ဘူး။ ကျေနပ်တဲ့လူကတောင် အသံတိတ်ခံနေသေးတာပဲ . . . ဦးရာ။ နင်ဘာအတွက် အမုန်းဝင်ခံနေမှာလဲ"

"နင့်ကိုချစ်တဲ့ နှစ်သစ်ရဲ့ အချစ်တွေကို နင် အားမနာဘူးလား"

"ငါ အားမနာတတ်ဘူး . . . ဦး"

"ငါကတော့ နှစ်သစ်ကို အားနာတယ်"



"နင် အားနာမနေပါနဲ့ . . . ဦးရယ်။ ငါက နွေမိုးယံနဲ့ အလုပ်သဘောအရ တွဲတာပါ။ နောက်ပြီး ဒါတွေက ထူးဆန်းတာတွေလည်း မဟုတ်ဘူး။ ပေါ့ပေါ့ပါးပါးပဲ တွေးစမ်းပါ . . . ဦးရာ"

"ဒါပေမဲ့ နင့်အနားမှာ အချိန်ပြည့်ရှိနေတာက အဲဒီတစ်ယောက်မို့လား . . . ပိုင်ပိုင်။ ဒါဆို နင့်ရဲ့ဘယ်အချိန်က နှစ်သစ်အတွက် ဖြစ်မှာလဲ"

သူမ မေးခွန်းဆုံးသော် ချစ်သူပိုင် အားရပါးရ ရယ်လိုက်သံက သူမတို့ထိုင်နေသည့် ခုံတန်းရှည်လေးတစ်ဝိုက်တွင် ဆူညံသွားပါတော့သည်။

"တကယ်လို့ ငါက နှစ်သစ်ကို အချိန်မပေးနိုင်ဘူး။ ဒီအတွက် ငါတို့ မတွေ့ဖြစ်ဘူးပဲ ထားပါတော့။ နင်က သူ့အနားမှာ နေချင်နေတဲ့လူပဲ ဦးရယ်။ နင် ကျေနပ်နေမှာပါ"

ချစ်သူပိုင် ရယ်မောခြင်းကိုရပ်ပြီး သူမနှင့် မျက်နှာချင်းဆိုင်လိုက်ရင်း ခနဲ့သလိုလို ပြောလိုက်ပြန်သည်။

"နင် မဆိုင်တာတွေ ဆွဲမထည့်နဲ့ ပိုင်ပိုင်။ ငါမေးတာကိုသာ ဖြေ။ နောက်ပြီး ငါက အခု သူငယ်ချင်းတစ်ယောက်အနေနဲ့ မေးသင့်လို့ မေးတာ "

"ဒါဆိုလည်း ငါပြောမယ်။ ငါက နှစ်သစ်ရဲ့ တစ်သက်လုံးအတွက် ချစ်သူ။ အဲဒါ ဘယ်တော့မှ မပြောင်းလဲဘူး"

"ဒါဆို နွေမိုးယံနဲ့ကရော"

"အဲ့ဒါက ငါ့အပိုင်း။ နင် ငါ့အစား ခေါင်းစားမခံပါနဲ့။ ဒီနေ့ နင်နဲ့ ငါ တွေ့တာ ဒါပြောဖို့အတွက်ပဲပေါ့ . . . ဟုတ်လား"

ချစ်သူပိုင် မေးရင်းနှင့်ထိုင်ရာမှ ထရပ်လိုက်ပါတော့သည်။

"နင် ငါတို့နှစ်ယောက်အတွက် အမောမခံပါနဲ့ ဦးရယ်။ စိတ်လွှတ်ကိုယ်လွတ် အေးအေးဆေးဆေးသာ နေပါ။ ကဲ . . . ငါ့ကို ပြန်ပို့ဦး"



www.burmeseclassic.com

www.burmeseclassic.com

သူမကို နှုတ်ဆက်သလို လက်ကာရမ်းပြရင်း ချစ်သူပိုင်ထွက်သွားလေပြီ။ ချစ်သူပိုင့် ကျောပြင်ကိုကြည့်ပြီး သူမ သက်ပြင်းမောကို ချလိုက်မိပါတော့သည်။ သူမ အပိုသက်သက် စိတ်ညစ်ခံနေတာမဟုတ်ပါဘူး။ မဟုတ်ရပါဘူး။ နှစ်သစ် စိတ်ညစ်နေခြင်းအတွက် သူမ ဘယ်လိုလုပ်နေသာသလို နေလို့ရမည်လဲ။

ရှုးနေတာပါဆိုလည်း သူမ ခေါင်းညိတ်မိမည်ပင်။ ဟုတ်ပါတယ်။ သူမ ရှုးနေပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ရှုးရှုးပါ။ နှစ်သစ်ကို အချိန်ပြည့် မျှော်လင့်နေဖို့တော့ တစ်စက္ကန့်လေးမျှ မေ့လျော့မသွားသေးချေ။



"ဦး . . . နင်ဘာလုပ်နေတာလဲ"

ခြံထဲတွင်မြေကြီးများကို သပ်သပ်ရပ်ရပ်ပုံပြီး Camera နှင့် Zoom ဆွဲကြည့်နေစဉ်တွင် နှစ်သစ် သူမအနားသို့ ရောက်လာပြန်သည်။

"သြော် . . . ငါတောင်တစ်ခုပုံစံ လုပ်ကြည့်နေတာ"

သူမအဖြေကို နှစ်သစ် သဘောကျစွာ ပြုံးရယ်လိုက်ပါသည်။

"လုပ်တော့မယ် . . . ဦးရာ။ တစ်ထွာလောက်တောင် မရှိတဲ့ မြေကြီးပုံလေးကို နင်က တောင်လို့ပြောနေသေးတယ် . . . အံ့ရော"

"နင် Camera View ထဲမှ ကြည့်ကြည့်လေ . . . ရော့"

သူမ ပေးလိုက်သော Camera ကိုယူပြီး နှစ်သစ်သဘောကျစွာ ကြည့်ရင်း ခေါင်းညိတ်လိုက်ပါသည်။

"ဟုတ်ပါ့။ သူ့အရပ်နဲ့ သူ့ဓာတ်နဲ့ကတော့ ဟုတ်နေတာပဲ ဦးရာ"

နှစ်သစ် အပြုံးနှင့် သူမကို ဆက်ဆံနေသော်လည်း ရင်ထဲတွင် စိတ်ညစ်စရာများရှိနေကြောင်းကို သူမ ကောင်းစွာရိပ်မိနေပါသည်။ သို့သော် သူမ မသိချင်ဟန်ဆောင်နေပေးလိုက်ပါသည်။ ထိုသို့ မသိချင်ဟန်ဆောင်နေပေးခြင်းက နှစ်သစ်အတွက် ပိုပြီး နေသာရာရစေပါ၏။

"နင် ဒီနေ့ ညနေအားလား"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ ကော်ဖီဆိုင်ဖြစ်ဖြစ်၊ အအေးဆိုင်ဖြစ်ဖြစ်သွားကြတာပေါ့။ ငါ တကာခံမယ်လေ"

နှစ်သစ် စိတ်ပြေလက်ပျောက် သူမနှင့် အချိန်ဖြုန်းချင်နေမှန်း သိနေသော်လည်း သူမ ခွင့်မပေးချင်ပါ။ နှစ်သစ် စိတ်ဖြေသာရာရအောင် ကုသပေးချင်သော်လည်း စိတ်ညစ်နေသည့် နှစ်သစ်ကို သူမ အပြုအမူ စကားလုံးများကြောင့် ပိုပြီး စိတ်ညစ်စေရမည့် အနေအထားမျိုးဖြစ်မည်ကို သူမ စိုးရိမ်မိနေပါ၏။

"ငါ မအားဘူး . . . နှစ်သစ်။ နောက်တစ်ပတ်ဆိုရင် ငါတို့ကျောင်းမှာ ကိုယ်ပိုင် Story တစ်ပုဒ်ကို အသက်သွင်းရလိမ့်မယ်။ အဲ့ဒီအတွက် ငါ ကုန်ကြမ်းရှာနေရတယ်"

"Story တစ်ပုဒ်ပဲ . . . ဦးရယ်။ နင့်အဖို့ လွယ်ပါတယ်။ နောက်ပြီး အရင်လိုပဲ ၁၀ မိနစ်စာပဲမို့လား"

"၁၀ မိနစ်စာပဲဖြစ်ပေမဲ့ Silence ပဲပြရမှာမို့လို့ Dialouge လည်း မပါဘူး။ နောက်ပြီး အဓိပ္ပာယ်လည်း ပြည့်စုံရမယ်တဲ့လေ။ သိပ်တော့ မလွယ်ဘူး . . . နှစ်သစ်ရဲ့"

"ဒါဆို နင်အခု ငါ့ဖိတ်ခေါ်မှုကို ငြင်းတယ်ပေါ့။ ဟုတ်လား"

"အားနာပါတယ် . . . နှစ်သစ်ရယ်"

"ရပါတယ် . . . တစ်ခါတလေပဲ နင့်ဘက်က ငါ့ကို ငြင်းပယ်မှုလေးတစ်ခုတော့ လုပ်ပေးသင့်ပါတယ်။ ဒါမှ သမီးဦးဆိုတဲ့ ညည်းက ကျုပ်တောင်းဆိုမှု ငြင်းဖူးတယ် ရှိသွားတာပေါ့"

နှစ်သစ် အပြုံးနှင့် သူမ ခေါင်းကို ပုသွားအောင် လက်ဖဝါးနှင့် ဖိလိုက်ရင်း . . .

"ကဲ . . . ငါ ပြန်တော့မယ် ဦး"

"အင်း"

နှစ်သစ် သူမခြံဝန်းလေးထဲမှ ပြန်ထွက်သွားလေပြီ။ သူမ နှစ်သစ်ကျောပြင်ကိုငေးကြည့်ရင်း သက်ပြင်းမြဲ့မြဲ့ ချလိုက်ရပြန်သေးသည်။



အချစ်ဆိုတာ ဘာလဲတော့ သူမ မသိ။ သို့သော် နှစ်သစ်ခံစားနေရသည်ကိုမြင်ရတိုင်း သူမ အရှုံးတစ်ပိုင်း ခံစားရပါ၏။

ထိုခံစားချက်များကို နှစ်သစ် တစ်ခေါက်လောက်ဖြစ်ဖြစ်တော့ သိမြင်လာနိုင်ကောင်းပါ၏။ တကယ်လို့ နှစ်သစ် မသိမြင်လာလျှင်လည်း သူမ စိတ်မကောင်းဖြစ်မည်မဟုတ်ပါ။ အရင်ကတည်းက နှစ်သစ်ဘယ်ဘက်အေးက ထိုင်ခုံတွင် နေရာလွတ်မရှိတော့မှန်း သိသိကြီးနဲ့ ထိုထိုင်ခုံလေးကို ထိုင်ခွင့်ရရန် သူမစောင့်မျှော်ခဲ့ခြင်းပင် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့တွင် သူမထိုင်နေရင်း မိုးပေါက်ဖွားလေးများ ကျဆင်းလာပါသည်။ ထိုစဉ် နှစ်သစ် ခြံထဲမှထွက်လာသည်ကို တွေ့လိုက်ရပါသည်။ အပေါ်မှ အကျီအဖြူရောင်နှင့် ဂျင်းဘောင်းဘီကို ပုံစံကျကျဝတ်ဆင်ထားသော နှစ်သစ်မျက်နှာတွင် ချိုလွင်လွင် အပြုံးတစ်ခုကိုလည်း သူမတွေ့လိုက်ရပါသေးသည်။ စီးနေကျ Crocodile စက်ဘီးလေးကို သွက်လက်စွာ နင်းရင်းထွက်သွားသော နှစ်သစ်ကို သူမ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည့်တိုင်အောင် ငေးကြည့်မိနေတုန်းပင် ဖြစ်ပါသည်။

သွက်လက်နေသည့် နှစ်သစ် ခြေလှမ်းများက ချစ်သူပိုင့်ထံသို့ ဦးတည်နေမှန်း သူမ ကောင်းစွာ ရိပ်မိလိုက်ပါသည်။

ᨕ ᨕ ᨕ



"ဦး . . . မေမေ့ကို ဒီကြာဆံချက်လေး ပိုင်ပိုင့်အိမ်ကို သွားပို့ပေးပါကွယ်"

"မေမေရယ် . . . မိုးတွေက ရွာနေတယ်မို့လား။ ဦး မသွားချင်ဘူး"

"သွားလိုက်ပါ ဦးရယ်။ မေမေ တက္ကစီခေါ်ထားပေးပြီးပါပြီ။ နော် သွားပို့ပေးပါကွယ်"

မေမေ့တောင်းဆိုမှုကြောင့် သူမ မေမေပေးသော လေးဆင့်ချိုင့်ကိုယူပြီး မေမေခေါ်ပေးထားသော တက္ကစီဖြင့် ချစ်သူပိုင်အိမ်သို့ ထွက်ခဲ့လိုက်ပါသည်။ မိုး၏ သည်းကြီးစွာ ရွာသွန်းမှုကြောင့် ကားလမ်းတွင် ရေများပင် ပြည့်လျှံနေပါတော့သည်။

"မိုးကလည်း သည်းလိုက်တာ . . . ကလေးမရယ်"

တက္ကစီဒရိုင်ဘာကြီးစကားကို သူမ ခေါင်းညိတ်အသိမှတ်ပြုရင်း အသင့်ပါလာသော Camera နှင့် မိုးရွာနေသည့် View အချို့ကို မှတ်တမ်းတင်နေမိပါသည်။

ဒီလိုနှင့် သူမ စီးလာသော တက္ကစီ ကားလေး ချစ်သူပိုင်လမ်းထဲသို့ ကွေ့ဝင်ခဲ့ပါတော့သည်။

သူမ Camera နှင့်ချိန်ထားသောကြောင့် လမ်းထဲသို့ အရင်ဦးဆုံး လှမ်းမြင်လိုက်ရပါသည်။ ပထမတော့ ရေးရေးသာမြင်ရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ ချစ်သူပိုင်ခြံ၀၊ မိုးရေထဲတွင် တစ်ယောက်တည်းရပ်နေသော နှစ်သစ်ကို သူမ လှမ်းမြင်လိုက်ရပါသည်။

မိုးရေများ ရွှဲရွှဲစိုနေသော နှစ်သစ်မျက်ဝန်းတွင် မျက်ရည်များလည်း ရှိနေကြောင်း သူမ ချက်ချင်းပင် ရိပ်စားမိပါသည်။

"ဦးလေး . . . ခဏ . . . ကားခဏ ရပ်ပါနော်"

မိုးရေထဲတွင် ရပ်ရင်း ချစ်သူပိုင့်အိမ်ကို မျှော်ကြည့်နေသည့် နှစ်သစ်ကိုငေးကြည့်ရင်း သူမ အသည်းများ တဆတ်ဆတ်တုန် နာကျင်ရပါတော့သည်။ နှစ်သစ်ထွက်သွားချိန်မှာ မနက်ပိုင်းလောက်ကတည်းကဖြစ်ပြီး အခု ညနေပင်စောင်းတော့မည်။ နှစ်သစ်က ခြံ၀မှာ ချစ်သူပိုင်ကို စောင့်မျှော်နေတုန်းပဲလား။ သည်းထန်စွာ ရွာသွန်းနေသော မိုးရေအောက်တွင် အမိုးမဲ့အကာမဲ့ဖြင့် ရပ်စောင့်နေသော နှစ်သစ်တစ်ယောက် မည်မျှတောင် ခံစားနေရပါသနည်း။

တစ်ယောက်တည်း တွေတွေရပ်ကာ ချစ်သူပိုင့်အိမ်ကို မော့ကြည့်နေသော နှစ်သစ်ကို Camera ထဲမှတစ်ဆင့် ငေးကြည့်ရင်း သူမ မျက်ဝန်းမှ မျက်ရည်များ စီးကျလာရပါတော့သည်။

တကယ်ပါ . . . နှစ်သစ်ရယ်။ ငါက အမိုးအကာအောက်မှာရှိနေပေမဲ့လည်း နင်နဲ့ထပ်တူ မိုးရေတွေရဲ့ အေးစိမ့်တဲ့ခံစားမှုကို ခံစားနေရပါတယ်။ ငါ့ကိုယ်တွေ့ခြောက်သွေ့နေပေမဲ့လည်း နင့်လိုပဲ ငါ စိုရွှဲနေပါတယ် . . . နှစ်သစ်ရယ်။ ငါလေ နင်နဲ့ထပ်တူ ခံစားနေရပါတယ်။ အခုဆို နင့်လိုပဲ ငါ ငိုနေမိပါပြီ။

သူမ ထိုနေ့က ကြာဆံချက်ကိုလည်း ဝင်မပို့ဖြစ်ခဲ့ပါ။ တက္ကစီဒရိုင်ဘာကြီးကို ငိုယိုတောင်းဆိုပြီး သူမ အိမ်သို့ ပြန်ခဲ့မိပါတော့သည်။

မိုးရေများကြောင့် စိုရွှဲကာ ခိုက်ခိုက်တုန်အောင် ချမ်းနေသော နှစ်သစ်ကို သူမ ထိုနေရာမှ ဆွဲထုတ်ခဲ့ချင်သော်လည်း သူမ ကိုယ်ထင်ပြလိုက်လျှင် နှစ်သစ် ရှက်သွားမည်စိုးသောကြောင့် သူမ နှစ်သစ်ကို ဒီအတိုင်းသာ ထားခဲ့လိုက်ခြင်း ဖြစ်ပါသည်။



သို့သော် မိုးရေထဲမှ နှစ်သစ်ခံစားချက်နှင့် ထပ်တူ သူမလည်း ခံစားနေရပြီဖြစ်ပါသည်။

အိမ်သို့ရောက်သော် သူမ အိပ်ရာထက်တွင် နှစ်သစ်အတွက် မျက်ရည်ကျရင်း Camera ထဲတွင်ပါလာသော နှစ်သစ်ကို ကြည့်နေမိပါသည်။

"နင် အရမ်းခံစားပြီး ပင်ပန်းနေမှန်း ငါကောင်းကောင်းသိပါတယ် နှစ်သစ်ရယ်။ နင် ပိုင်ပိုင့်ကို စောင့်မျှော်နေတာမို့လား။ အဲ့လို စောင့်မျှော်ရတာ တကယ်ပင်ပန်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

မခြင်မှန်းသိလည်း ပေးနေမိတယ်၊
မတောမှန်းသိလည်း မျှော်နေမိတယ်၊
အပြန်မရှိမှန်းသိလည်း ပေးနေမိတယ်။
တကယ်တော့ "Give" and "Take" ဆိုတဲ့စကားက
ငါ့အတွက် မှားတယ်။
ငါက "Give" and "Give" တယ်သတ်အတွက်သာ
အသက်ရှင်နေခြင်းပဲပါ။



"ငါတို့ပြိုင်ရမယ့် ခေါင်းစဉ်က 'ထပ်တူထပ်မျှ' တဲ့ ဦးရဲ့။ နင့်ဖန်တီးမှုတွေထဲမှာ အဲ့ဒီခေါင်းစဉ်နဲ့လိုက်တဲ့ Presentation ပါလား"

ပိုးအိထံမှ ကြားလိုက်ရတဲ့စကားကြောင့် သူမရင်ထဲသို့ အတွေးတစ်ခု ပြေးဝင်လာပါသည်။

သူမ ကျောင်းကိစ္စတွင် နှစ်သစ်ကို အသုံးမချချင်ပါ။ သို့သော် ထပ်တူထပ်မျှဆိုသည့် ခေါင်းစဉ်နှင့် လိုက်ဖက်သည့် Presentation တစ်ခုအတွက် သူမ နှစ်သစ်ကို ရိုက်ထားသည့် Vedio လေးကို အသုံးပြုရန် စဉ်းစားလိုက်မိပါသည်။

"ငါ့မှာ အဲဒီ Presentation နဲ့ပတ်သက်ပြီး Idea တော့ ရှိတယ် ပိုးအိ။ ဒါပေမဲ့နင် နည်းနည်းတော့ ကူညီပေးရလိမ့်မယ်။ နောက်ပြီး ကျောင်းက Studio ကိုလည်း အသုံးပြုရလိမ့်မယ်။ နင် ကူညီပေးနိုင်မလား"

"အဲ့ဒီခေါင်းစဉ်နဲ့ လိုက်မယ်ဆိုရင် ငါကူညီပေးမယ်"

"ဒီတစ်ခါပေးမယ့်ဆုက ငါ့အတွက်ပဲ ဖြစ်ရမယ် . . . ပိုးအိ"

ပိုင်နိုင်လှသော သူမ စကားကြောင့် ပိုးအိ ခေါင်းညိတ်လိုက်ပါသည်။

"ငါ နင့်ကို ကူညီပေးမယ် . . . ဦး"



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သူမ Presentation လေးအသက်ဝင်ရန်အတွက် သူမနှင့် ပိုးအိတို့ တစ်ယောက်တစ်လှည့်ဖြင့် ကြိုးစားလိုက်ကြပါသည်။

သူမတွင် ခံစားချက်များ ရှိနှင့်ပြီးသားပင်။ ထို့ကြောင့် Presentation လေးကို သူမ ရင်တွင်းခံစားချက်များနှင့် အသက်သွင်းနိုင်ခဲ့ပါသည်။

ရင်နှင့်ထပ်တူ ကြိုးစားပြီးသည့်အခါတွင်တော့ သူမ၏ Presentation လေးသည် အဖက်ဖက်မှ ပြည့်စုံပြီး ခေါင်းစဉ်နှင့်လည်း လိုက်ဖက်သည့် Presentation တစ်ခု ဖြစ်သွားပါတော့သည်။

"နှင့် တင်ပြမှုလေးကိုကြည့်ပြီး ငါတောင် ငိုချင်တယ် . . . ဦးရယ်။ တကယ်ပါ"

"ငါ ယုံပါတယ် . . . ပိုးအိရယ်။ အခု နင်မြင်နေရတာတွေက ခံစားချက် စစ်စစ်တွေလေ။ နင် ငိုချင်တယ်ဆိုတာ ငါယုံပါတယ်"

Presentation လေးကို ပထမဦးဆုံး စကြည့်လိုက်သော သူမနှင့် ပိုးအိနှစ်ယောက်လုံး ကြည့်ရင်းဖြင့် မျက်ရည်ဝေခဲ့ရပါသည်။



မနက်စောစော အိပ်ရာထပြီး သူမ တစ်ကိုယ်ရည်သန့်ရှင်းရေးကို လုပ်လိုက်ပါသည်။

ထို့နောက် မေမေပြင်ဆင်ပေးထားသော မနက်စာ ပေါင်မုန့်ကြက်ဥကြော်ကို သွက်သွက်ပင် စားနေသောကြောင့် အံ့သြသည့်အကြည့်များနှင့် မေမေက သူမကို ကြည့်နေ၏။

"ဘာတွေ အလျင်လိုနေတာလဲ . . . ဦးရဲ့။ ဒီနေ့ သမီးရဲ့မွေးနေ့ဆိုတာကိုရော သတိမှ ရရဲ့လား"

ဟုတ်ပါရဲ့။ ဒီနေ့ သူမမွေးနေ့ဆိုတာကို သူမ မေ့နေမိပါ၏။ သူမ မပျက်မကွက် သတိရနေသည့် မွေးနေ့ နှစ်နေ့တော့ရှိပါသည်။ ထိုမွေးနေ့ နှစ်နေ့က တစ်နေ့သည် သူမမေမေ ဒေါ်ဦးမွေးနေ့ဖြစ်ပြီး နောက်တစ်နေ့က နှစ်သစ်မွေးနေ့ပင်ဖြစ်ပါသည်။

သူမသည် ကိုယ်ပိုင်မွေးနေ့ကို မေ့နေတတ်သော်လည်း ထိုမွေးနေ့ နှစ်နေ့တွင်တော့ တရားထိုင်၊ ဘုရားကန်တော့၊ ပန်း၊ ဆီမီး၊ ဆွမ်းကပ်ခြင်းများကို မပျက်မကွက် ဆောင်ရွက်လေ့ရှိသည့်အပြင် ဘုရားသို့သွားပြီး ငှက်လေးများကိုလည်း လွှတ်ပေးတတ်ပါသေးသည်။

"ဒီနေ့ ကျောင်းနားလိုက်ပါလား . . . ဦးရယ်။ မေမေနဲ့အတူ ဘုရားသွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

“မဖြစ်ဘူး . . . မေမေ။ ဒီနေ့ ကျောင်းမှာ ဦးရဲ့ Presentation ကို ဆရာမတွေဆီပြပြီး အဆင့်မီ Video ဟုတ်၊ မဟုတ်ဆိုတာ အကဲဖြတ်ခံရမှာ၊ ဒီနေ့ ကျောင်းပျက်လို့မရဘူး”

သူမ မနက်စာကို သွက်သွက်လေးစားနေရင်း မေမေ့ကို ပြန်ဖြေလိုက်မိပါသည်။

“ဟုတ်လား . . . ဒါဆိုလည်း နောက်နေ့သွားကြတာပေါ့နော်”

“ဟုတ်ကဲ့”

“ကဲ . . . ကဲ ဒါဆိုလည်း မြန်မြန်စား . . . ဦးရေ။ မေမေ တက္ကစီခေါ်ပေးထားမယ်”

“ဟုတ်ကဲ့ မေမေ”

သူမ မနက်စာစားပြီး နေ့လယ်ထမင်းချိုင့်အတွက် ပြင်ဆင်ပြီးချိန်တွင်တော့ သူမကို ကျောင်းပို့ပေးရန် တက္ကစီကားက အိမ်ရှေ့သို့ရောက်နှင့်နေပြီဖြစ်ပါသည်။ ထို့ကြောင့် သူမ မေမေ့ကို အနမ်းဖြင့် နှုတ်ဆက်ရင်း တက္ကစီကားလေးပေါ်သို့ တက်ခဲ့လိုက်ပါသည်။

သူမ အိမ်ကမထွက်ခင်ကတည်းက နှစ်သစ်အိမ်သို့ တာဝန်အတိုင်း တစ်ချက် လှမ်းမျှော်ကြည့်ဖြစ်ခဲ့ပါသေးသည်။



အရင်နေ့များနှင့် လုံးဝမတူပါ။ ယခုတစ်ခါ အရည်အချင်းအကဲဖြတ်ခံရမှာက ကျောင်းအလယ်တည့်တည့်တွင်ဖြစ်ပါ၏။

Projector စက်ဖြင့် ပိတ်ကားကြီးထောင်ထားသောကြောင့် မည်သူ့ Presentation မှ မတင်ပြခင်ကတည်းက ကျောင်းသားအချို့နှင့် စည်ကားနေပါတော့သည်။

“နင်ပဲ အနိုင်ရမှာ . . . ဦး။ ဘာမှမပူနဲ့။ နင့်တင်ပြချက်က ကြည့်တဲ့လူတိုင်း နားလည်ပြီး ထပ်တူခံစားလို့ရတယ်”

Projector ကြီးကို ကြည့်ရင်း စိတ်လှုပ်ရှားနေသော သူမကို မိုးအိက အားပေးစကား ပြောပေးရှာပါသည်။

“အေးပါ . . . ငါ အားတင်းထားပါတယ်”

သက်ပြင်းမွဲမွဲချရင်း သူမ တကယ်ပင် အားတင်းကာ ပြောလိုက်မိပါ၏။

“ဦး . . . ”

ကြားလိုက်ရသော ရင်းနှီးလှသည့်အသံကြောင့် သူမ လှည့်ကြည့်လိုက်စဉ် နှစ်သစ်ကို တွေ့လိုက်ရပါသည်။

“နှစ်သစ်”

“ငါ မနက်က နိုးနိုးချင်း နင့်အိမ်ကိုသွားပေမဲ့ အန်တီက နင် ကျောင်းထွက်သွားပြီလို့ပြောလို့ ကျောင်းကိုလိုက်လာတာ”

www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်ရောက်လာသောကြောင့် ဖိုးအိက သူမတို့အနားမှ ခပ်လှမ်းလှမ်းသို့ အလိုက်သိစွာ ရှောင်ထွက်သွားပေးပါသည်။

"ဘာကိစ္စရှိလို့လဲ . . . နှစ်သစ်"

"ဘာကိစ္စရှိရမှာလဲ . . . ဦးရဲ့။ ဒီနေ့ နှင့်မွေးနေ့လေ။ နှင့်အတွက် ငါ ဒိန်ချဉ်လာပို့ပေးတာ"

သူမ လွန်စွာ အံ့အားသင့်သွားရပါ၏။ နှစ်သစ်က သူမမွေးနေ့ကို အလွတ်သိနေသည်မှာ သူမအတွက် ပျော်ရွှင်မှုလား။ အံ့ဩမှုလား၊ သို့သော် နှစ်သစ်ကမ်းပေးလိုက်သော ဒိန်ချဉ်ခွက်လေးကိုတော့ သူမ ဟန်မပျက် လှမ်းယူလိုက်နိုင်ပါသည်။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ နင် မွေးနေ့အထိမ်းအမှတ်နဲ့ ငါ့ကို တစ်ခုခု ပြန်ကျွေးဦးနော် "

"ကျွေးမယ်လေ၊ နင် အိမ်ပြန်နှင့်။ ငါ ညနေကျောင်းစောစော ဆင်းခဲ့မယ်"

တကယ်တော့ သူမဖန်တီးထားသည့် Presentation ကို နှစ်သစ် ကြည့်မည်ကို မလိုလားပါ။ ထို Presentation ကြောင့် မလိုလားအပ်သည့် ပြဿနာများကိုလည်း သူမ မဖိတ်ခေါ်ချင်ပါ။

"နေပါဦး . . . ဦးရယ်။ ငါ့ကို အတင်းကြီး မောင်းမထုတ်နေပါနဲ့။ ခဏနေ နင့် Presentation ပြတော့မှာမို့လား။ ငါ့သူငယ်ချင်း ဘယ်လောက် တော်၊ မတော်သိချင်လို့ စောင့်ကြည့်သွားပါရစေဦး"

သူမ ငြင်းမည်ပြုလိုက်စဉ် ကျောင်းဘုတ်အဖွဲ့မှ Presentation များကို အစဉ်လိုက်ပြတော့မည်ဖြစ်ကြောင်း ကြေညာလိုက်ပါတော့သည်။

"ငါ့အလှည့်က တော်တော်နောက်ကျမှ နှစ်သစ်ရဲ့။ နင့်အချိန်တွေကို ငါဖြုန်းသလိုဖြစ်မှာ စိုးတယ်"

"ရပါတယ်။ နင့်မွေးနေ့အတွက် ငါ အပင်ပန်းခံလိုက်ပါ့မယ်"



သူမ မည်သို့ပင်ပြောပြော နှစ်သစ် လက်မခံ။ ထို့ကြောင့် သူမ လက်လျှော့ရတော့မလိုပင် ဖြစ်နေပါ၏။ ထိုစဉ်တွင်တော့ ကျောင်းတွင် တင်ဆက်ထားသည့် Presentation များကို အစဉ်လိုက် ပြသနေပါတော့သည်။

"အခု အလှည့်ကျတဲ့ Presentation ဖန်တီးသူကတော့ သမီးဦး ဖြစ်ပါတယ်။ သမီးဦးဝင်ပြိုင်တဲ့ Presentation ခေါင်းစဉ်က ထပ်တူထပ်မျှဖြစ်ပါတယ်"

သူမ အခက်တွေ့နေတုန်းမှာပင် သူမ Presentation ပြရန် အလှည့်ရောက်လာပါတော့သည်။

"ဟော . . . ကြားလား။ နင့်အလှည့် ရောက်ပြီတဲ့။ ကဲ . . . ငါ့သူငယ်ချင်း ဘယ်လောက် လက်စွမ်းထက်လဲဆိုတာ မျက်ဝါးထင်ထင် တွေ့ရတော့မယ်ခင်ဗျ"

နှစ်သစ် အပြုံးလေးနှင့် Projector ကို လှမ်းကြည့်လိုက်စဉ် သူမ၏ Presentation လေး စတင်ပြသနေပြီဖြစ်ပါသည်။

Presentation က သူမဖန်တီးထားသည့်အတိုင်း အစတွင် လျှပ်လက်သံများ၊ လျှပ်စီးသည့် အလင်းတန်းများကို စတင်တွေ့လိုက်ရပါသည်။

ထို့နောက် ကောင်းကင်မည်းမည်းကြီးမှ အသည်းအသန်ရွာသွန်းနေသော မိုးစက်မိုးပေါက်များ။

ထိုမိုးစက်မိုးပေါက်များအောက်တွင်တော့ ဇွဲကြီးစွာ စောင့်မျှော်နေသည့် နှစ်သစ်၊ နှစ်သစ်တစ်ကိုယ်လုံး မိုးရေများဖြင့် စိုရွှဲလို့နေပါ၏။

နှစ်သစ်က Projector ပေါ်တွင် သူ့ရုပ်ပုံကို တွေ့လိုက်ရ၍ လွန်စွာ အံ့ဩပြီး သူမကို လှည့်ကြည့်လိုက်စဉ် သူမ ခေါင်းငုံ့ကာ အကြည့်လွှဲ ရှောင်လိုက်မိပါသည်။ နှစ်သစ် Projector ကို နောက်ထပ်တစ်ဖန် လှမ်းကြည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးရွာထဲတွင် ရပ်နေသည့် နှစ်သစ်မျက်ဝန်းတွင် မျက်ရည်များရှိနေပါ၏။

သူမ ချစ်သူပိုင့်အိမ်သို့ ကြာဆံချက်သွားပို့တုန်းက တွေ့ခဲ့ရသည့် မြင်ကွင်းကို ပြန်ပြီး အသက်သွင်းထားခြင်းဖြစ်ပါသည်။

မိုးရွာထဲတွင်ရပ်နေသည့် နှစ်သစ် အခန်းပြီးသော် အိပ်ခန်းအတွင်း တစ်ယောက်တည်း ခုတင်ပေါ်တွင် စောင်ခြုံကာ ထိုင်ငိုနေသည့် သူမကို ထပ်မံတွေ့လိုက်ရပါသည်။ လွန်စွာ ထူးခြားသည်က သူမသည် လုံခြုံလှသည့် အိပ်ခန်းအတွင်းရှိနေသော်လည်း သူမ ခုတင်ရော၊ စောင်သာမက သူမတစ်ကိုယ်လုံးပါ မိုးရေများနှင့် ရွှဲရွှဲစိုနေပါ၏။ သူမ၏ အိပ်ခန်းထက် မျက်နှာကြက်မှ မိုးများ သဲကြီးမဲကြီး ရွာချနေပါသေးသည်။

တစ်ဖက်တွင် နှစ်သစ်မိုးရေထဲတွင် ရပ်နေသလို သူမလည်း ခုတင်ပေါ်တွင် ရှိနေရက်နှင့် မိုးရေအောက်ရောက်နေသည်ကို ပြသထားခြင်းဖြစ်၏။ လွန်စွာလုံခြုံနေသော နေရာတွင်ရှိသော်လည်း မိုးရွာထဲက နှစ်သစ်နှင့် ထပ်တူထပ်မျှ ခံစားနေရကြောင်းကို သရုပ်ပေါ်စေရန် အသက်သွင်းထားခြင်းဖြစ်ပါသည်။

Presentation ပြီးသွားသော် ကြည့်နေကြသော ဆရာ/ဆရာမများသာမက ကျောင်းသားကျောင်းသူများအားလုံး ငေးငိုင်ပြီး တိတ်ဆိတ်နေကြပါတော့သည်။ ထိုစဉ် သူမ၏ လက်ဖဝါးလေးတစ်ဖက်ကို ယုယစွာ လှမ်းကိုင်လိုက်သည်က နှစ်သစ်။ သူမ အကြည့်များ နှစ်သစ်ထံသို့ ရောက်သွားချိန်တွင်တော့ နှစ်သစ်ပါးပြင်တွင်ရှိနေသော မျက်ရည်စများကို သူမ တွေ့မြင်လိုက်ရပါသည်။

"ငါ တစ်ခါမှ မမြင်ခဲ့မိဘူး . . . ဦးရယ်၊ တကယ်ပါ။ ငါလေ နင့်ကို တစ်ခါမှ မြင်အောင် မကြည့်ခဲ့မိဘူး"

တောင်းပန်စကားပြောနေသော နှစ်သစ်ကိုကြည့်ရင်း သူမ ခံစားချက်များကို နှစ်သစ်နားလည်သွားမှန်း သူမ နားလည်လိုက်ပါသည်။



လမိုက်ညတွင် လမင်းကြီးက သူမကို သနားသောအားဖြင့် ကောင်းကင်တွင် ထိန်ထိန်သာပေးတော့မည်ထင်ပါ၏။

"မဟုတ်တာ . . . နှစ်သစ်ရယ်၊ ဒါက ငါဖန်တီးထားတဲ့ Presentation သက်သက်ပါ"

သူမ နှုတ်ခမ်းလေးများ ပိတ်သွားစေရန် နှစ်သစ်က လက်ဖဝါးတစ်ဖက်ဖြင့် လှမ်းကာလိုက်ပါသည်။

"နင် မဖုံးကွယ်ပါနဲ့တော့နော်။ ငါ တောင်းပန်ပါတယ်။ ဖုံးကွယ်နေရတာ နင့်အတွက် မခက်ခဲဘဲ မနေပါဘူး"

နှစ်သစ်ကိုင်ထားသော လက်ဖဝါးတစ်ဖက်ကို သူမ မရုန်းထွက်ချင်ပါ။ ဒီအတိုင်း ငြိမ်သက်နေမိ၏။

"ငါ လူညံ့တစ်ယောက်ပါ . . . ဦးရယ်၊ ငါ့အပေါ်မှာ ဒီလိုခံစားချက်တွေရှိနေတဲ့ နင့်ကို ငါ ဘာလို့ မမြင်နိုင်ခဲ့တာလဲဟာ . . . ဟင်?"

မခံမရပ်နိုင်ဖြစ်ကာ မျက်ရည်များကျရင်း နှစ်သစ် သူမကို တီးတိုးမေးလိုက်ပါသည်။

"နင်မှ မြင်အောင် မကြည့်ခဲ့ဘဲ"

"ဒါပေမဲ့ ငါအခု မြင်သွားပြီ . . . ဦး"

"နင် တစ်နေ့နေ့ မြင်သွားမယ်ဆိုတာ ငါ ယုံကြည်နေခဲ့ပါတယ်။ နောက်ပြီး အဲ့လိုမြင်သွားမဲ့နေ့ကိုလည်း ငါ အချိန်တိုင်း မျှော်လင့်နေခဲ့ရတာပါ"

"ငါ အခုကိုင်ထားတဲ့ နင့်လက်ဖဝါးလေးကို ဘယ်တော့မှ လွှတ်လိုက်တော့မှာ မဟုတ်ဘူး . . . ဦး၊ အဲ့ဒါ သေချာတယ်"

ပြောလိုက်ရင်း နှစ်သစ်သည် သူမ၏ လက်ဖဝါးလေးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပါတော့သည်။

"ငါ့အနားမှာ နင် အမြဲရှိနေပေးပါနော်"

"ငါ အချိန်တိုင်း နင့်အနားမှာရှိနေတာပဲ . . . နှစ်သစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါ . . . အရင်က ငါ မမြင်ခဲ့ဘူး။ ဒါပေမဲ့ အခုတော့ ငါ အားလုံး နားလည်သွားပြီ။ ဒီတော့ ငါ့အနားက နင် မထွက်သွားပါနဲ့နော်"

နှစ်သစ်၏တောင်းဆိုမှုကို သူမ ချစ်သူပိုင်ကိုပင် အားမနာနိုင်တော့ဘဲ ခေါင်းညိတ်ကာ အဖြေပြန်ပေးခဲ့မိပါတော့သည်။

"ငါ အရမ်းမှားခဲ့တယ် . . . ဦးရယ်"

"ဒါဆို ပြန်ပြင်လိုက်လေ"

"ငါ အရမ်း တစ်ကိုယ်ကောင်းဆန်ရာ ကျသွားမှာ စိုးတယ်"

"ဒါပေမဲ့ အခု နင့်လက်ထဲမှာ ရှိနေတာ ငါလက်ဖဝါးတစ်ဖက်ပါ နှစ်သစ်ရယ်၊ နင့်ကို တစ်ကိုယ်ကောင်းဆန်တယ်လို့ စွပ်စွဲပြီး ငါ ရန်းမိ လို့လား?"

"နင် ရန်းသင့်တာပေါ့"

"ငါမှ မရန်းချင်ဘဲ"

တကယ်ပါ။ အချိန် ၁၀ မိနစ်လေးက သူမဘဝကြီး တစ်ခုလုံးရင်းကာ မျှော်လင့်စောင့်စားနေသော နှစ်သစ်၏ ခံစားချက်များကို တုံ့ပြန်ပေးနိုင်ခဲ့ပါသည်။ ထိုနေ့က သူမ၏ Presentation လေးသည် အဆင့်မီ ၁၅ မိနစ်စာ Video အဖြစ် အသိအမှတ်ပြုခံခဲ့ရပါသည်။

ထို့အတူ သူမ၏ ခံစားချက်များအားလုံးကိုလည်း နှစ်သစ်၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရပါ၏။



## အခန်း (၃)

နေမင်းကြီးက ကောင်းကင်တွင်ရှိနေပြီး အလင်းရောင်က မြေပြင်သို့ တိုက်ရိုက်ကျရောက်နေသော်လည်း တိမ်ဖြူဖြူများက ကာကွယ်ထားသောကြောင့် အပူရှိန်ကတော့ သိပ်မပြင်းချေ။

လွဲကာလွဲကာ လျှောက်နေသော နှစ်သစ်၏ လက်ဖဝါးနွေးနွေးထဲတွင် သူမ၏ လက်ဖဝါးလေးတစ်ဖက် ခိုတွဲကာ ကပ်ပါနေပါသည်။

ထိုလက်ဖဝါးလေးနှစ်ဖက်ကို သူမ ကြည့်လိုက်မိတိုင်း ရင်ထဲတွင် အတိုင်းမသိသော ပျော်ရွှင်မှုများ ဖူးပွင့်သွားရပါ၏။

သူမလက်ကိုကိုင်ထားသော နှစ်သစ်၏လက်ဖဝါးလေးကို သူမ မက်မောစွာ ငေးကြည့်နေမိပါသည်။

"တကယ်လို့ ငါ နင့်အနားကို ပြေးလာခဲ့မယ်ဆိုရင် ငါ့ကို ကြိုနေမှာလား ဦး"

တောင်းဆိုမှုများတွင် နှစ်သစ်၏ မျက်ရည်စလေးများလည်း ရှိနေပါသေးသည်။

"ငါက နင့်အတွက်ဆို အမြဲစောင့်မျှော်နေတဲ့ လူတစ်ယောက်ပါ နှစ်သစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ . . . ။ နင့်ကို ဒီ့ထက်ပိုပြီး မစောင့်ခိုင်းတော့ဘူး။ ငါ နင့်အနားကို အမြန်ဆုံး ပြေးလာခဲ့တော့မယ်။ နောက်ပြီး ငါ နင့်အနားကလည်း တစ်ဖဝါးမှ ပြန်ထွက်မသွားတော့ဘူး"

နှစ်သစ်စကားကို သူမ အကြွင်းမဲ့ယုံကြည်ပြီး နှောင်တကင်းကင်းဖြင့် ခေါင်းညိတ်လိုက်မိပါသည်။

"ငါ ပြောပြီးပြီနော်။ ငါကိုင်ထားတဲ့ နင့်လက်ဖဝါးလေးကို ဘာအကြောင်းကြောင့်နဲ့မှ ပြန်မလွှတ်တော့ဘူး"

သူမ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။

ထိုစဉ် သူမတို့ လျှောက်လာနေသည့် လမ်းချိုးကလေးက မိုးရေများနှင့် ပြည့်လျှံနေသောကြောင့် လူတစ်ယောက်သွားနိုင်ရန် အုတ်နီခဲများ စီတန်းထားသော လမ်းကျဉ်းလေးကို တွေ့လိုက်ရပါသည်။ သူမနှင့် နှစ်သစ် ထိုအုတ်နီခဲ လမ်းလေးကိုကြည့်ရင်း ခြေလှမ်းများ ရပ်တန့်သွားရပါသည်။

ဘယ်လိုနိမိတ်မျိုးပါလိမ့်။ နှစ်သစ်က အခုလေးတင် ဘယ်တော့မှ လက်တွဲမဖြုတ်ဘူးလို့ ပြောလိုက်သည့် တစ်ခဏအတွင်း လက်တွဲမဖြုတ်လို့မဖြစ်သည့် လမ်းတစ်ခုက သူမတို့ အရှေ့တွင် ဝုန်းခနဲလိုလိုကြီး ပေါ်ပေါက်လာရ၏။

နှစ်သစ် ထိုအုတ်နီခဲ လမ်းကျဉ်းလေးကိုကြည့်ရင်း စိတ်မကောင်းဖြစ်လွန်းပြီး မျက်ရည်ဝဲ့ရသလို သူမလည်း သက်ပြင်းမောတစ်ခု ချလိုက်ရပါသည်။ လမ်းလေးက ကျဉ်းလွန်းသောကြောင့် နှစ်ယောက်ယှဉ်ပြီး သွားလို့မရနိုင်။ လက်တွဲမဖြုတ်ဘဲ သွားလို့က ဘယ်နည်းနဲ့မှမဖြစ်။

"နောက်ထပ် လမ်းတစ်ခုရှိပါတယ် နှစ်သစ်ရယ်၊ လာ . . . ငါတို့ နောက်လမ်းတစ်ခုက သွားကြမယ်လေ၊ နော်"

စိတ်ကျဉ်းကျပ်နေသော နှစ်သစ်ခံစားချက်များကို သူမ အလိုက်သိစွာဖြင့် ပြောလိုက်သော်လည်း နှစ်သစ်က မျက်ရည်ကို လက်မောင်းနှင့် ဖိသုတ်ပြီး ခေါင်းခါလိုက်ပါသည်။



"မဟုတ်ပါဘူး။ ငါတို့နှစ်ယောက်လုံး ဒီလမ်းကိုလျှောက်ဖို့ ရွေးချယ်ပြီးပြီပဲ . . . ဦးရယ်၊ ရှေ့ဆက်တိုးကြတာပေါ့"

"ဒါဆို ငါတို့ ခဏဖြစ်ဖြစ်တော့ လက်တွဲဖြုတ်ရလိမ့်မယ် နှစ်သစ်"

"စိတ်ချ၊ ခဏလည်း မဖြုတ်ဘူး"

နှစ်သစ်စကားကို သူမ နားမလည်နိုင်ဖြစ်နေတုန်းမှာပင် နှစ်သစ်က သူ့ညာဘက်လက်ဖဝါးနှင့် သူမ ညာဘက်လက်ဖဝါးကို ဆုပ်ကိုင်ရင်း တစ်ချိန်တည်းမှာပင် သူမကိုယ်ခန္ဓာလေးကို ဇွေ့ခနဲ ပွေ့ချီလိုက်ပါတော့သည်။

"ကဲ . . . အခု ဘာအတွက် လက်တွဲဖြုတ်ရတော့မှာလဲ။ လာ . . လုံးဝ မဖြုတ်ဘူး"

သူမ အံ့သြနေတုန်းမှာပင် နှစ်သစ်ကို ကျောင်းသားအချို့ မြင်သွားပြီး ကြည်နူးစွာ လှမ်းကြည့်ကာ တချို့က လက်ခုပ်များပင် တီးပေးကြပါသည်။

"တွေ့လား . . . ဦး၊ ငါတို့ကို သူများတွေတောင် အားကျနေပြီ။ နောက်ပြီး ငါတို့ကို အားပေးနေတဲ့ လက်ခုပ်သံတွေ နင် ကြားရပါတယ်နော်"

သူမ အပြုံးနှင့် နှစ်သစ်ကို တုံ့ပြန်လိုက်သော်လည်း အာရုံတွင်တော့ ချစ်သူပိုင့်ပုံက သူမကို ခြောက်လှန့်လို့နေပေပြီ။ နင့်မှာ ဒီလောက်တောင် ယောကျ်ားရှားလားဆိုသည့် မေးခွန်းမျိုး ချစ်သူပိုင်မေးလာလျှင် သူမ မည်သို့ဖြေရမည်နည်း။

ချစ်သူပိုင်မေးလာသော မေးခွန်းများကို အားမာန်တင်းပြီး ဖြေရန်သာ သူမ ဆုံးဖြတ်လိုက်ရပါသည်။

ချစ်မိခဲ့သည်က အပြစ်ဆိုရင် သူမ ထိုပြစ်ဒဏ်ကို အပြုံးနှင့်သာ ပေးဆပ်လိုက်တော့မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ မျှော်လင့်ချက်တဲ ရှင်သန်နေသေးတယ်ဆိုရင် . . .
သေချာပါတယ်။
အထင် အသက်ရှင်ဦးမှာပါ။
မျှော်လင့်ချက်မပျောက်ခင်အချိန်ထိ လူတိုင်းအသက်ရှင်သေ့ရှိကြ၏။



ဟင်းလင်းပြင်တစ်ခုကို ရင်ထဲ မျှိုချထားရသလိုလိုပင်။ မြင်ရသည့် အရာတိုင်းက သူမအတွက် ကြည်နူးဖွယ်ဖြစ်နေပါ၏။

ဘာအဖြစ်အပျက်ကိုပဲ မြင်ရမြင်ရ သူမ အနည်းဆုံးတော့ ပြုံးလိုက်မိသည်ချည်းသား။

“အခုတလော . . . ဦးပုံစံက တစ်မျိုးဖြစ်နေတယ်နော်”

ဗီဒီယိုကြည့်နေစဉ် မေမေက ဘေးတွင် ဝင်ထိုင်ပြီး သူမကို စေ့စေ့ကြည့်ကာ ပြောလိုက်၏။

“ဘာများပြောင်းနေလို့လဲ မေမေ”

“အခုတလော ဦး အရမ်းဆန်းသစ်နေသလိုပဲ။ နောက်ပြီး ဖျတ်လတ်နေတယ်။ ဦးကိုကြည့်ရတာ အရမ်းလတ်ဆတ်နေတယ်”

သူမ ပြုံးရင်း ဗီဒီယိုကို ခဏရပ်ထားလိုက်ပြီး မေမေ့ကို လှည့်ကြည့်လိုက်ပါသည်။

“အဲ့လောက်တောင် သိသာနေပြီလား မေမေ”

“အဲ့ဒီထက် သိသာနေတယ်။ အရင်က မိုးရွာတဲ့အချိန်ဆို ဦး ပြတင်းပေါက်နားမှာထိုင်ပြီး မိုးရေစက်တွေကို ငေးနေတတ်တယ်။ နှင်းတွေဝေ နေရင်လည်း ပြတင်းပေါက်က လက်ဖဝါးလေးထုတ်ပြီး နှင်းတွေနဲ့ ဆော့နေတတ်တယ်။ ဒါပေမဲ့ ဦးပုံစံက မလန်းဆတ်ဘူး”

www.burmeseclassic.com

မေမေက ပြောရင်း သူမခေါင်းမှ ဆံစလေးများကို ညင်သာစွာ သပ်ပေးနေပါသည်။

"ကဲ . . .ပြောပါဦး ဦး၊ ဘာကြောင့်များ ဒီလောက် လတ်ဆတ်နေရတာလဲ?"

"အင်း . . ."

သူမ Remove ကို မေးနှင့်ထောက်ကာ စဉ်းစားသလိုပြုတော့ မေမေက စိတ်မရှည်သလိုလေး မျက်မှောင်ကုတ်လိုက်ပါသည်။

"သားအမိချင်း မလျှို့နဲ့နော်"

သူမ ပြောသင့်သည်လား? ပြောသင့်သည်/မပြောသင့်သည်ထက် သူမ မပြောရဲ။ လတ်တလော နှစ်သစ်တွင် ချစ်သူပိုင်ရှိနေကြောင်း မေမေသိနေသည်ပဲ။ တကယ်လို့ သူမရဲ့အချစ်တွေကို နှစ်သစ်နားလည်သွားကြောင်း ဝန်ခံလိုက်သော် မိန်းကလေးဂုဏ်သိက္ခာကို လွန်စွာ ထိခိုက်နိုင်သည့်အပြင် သူမကိုလည်း မေမေ အထင်သေးသွားနိုင်ပါသည်။

"ဦး သွက်လက်နေတာကို မေမေ ဆက်မြင်ချင်သေးတယ်မို့လား?"

"အင်းပေါ့ . . . မေမေ့ သမီးလေး ပျော်နေတာကိုပဲ မေမေက မြင်ချင်တာပေါ့"

"ဒါဆို အကြောင်းအရင်းကို မမေးပါနဲ့လား မေမေ၊ အချိန်တန်ရင်တော့ ဦးပြောပြမှာပါ"

သူမ စကားဆုံးတော့ မေမေက သက်ပြင်းချလိုက်၏။

"ပြောရခက်နေတဲ့ ကိစ္စကိုတော့ မေမေ မမေးတော့ပါဘူး။ ဒါပေမဲ့ မေမေ စိတ်တော့ပူတယ် ဦး"

"မေမေက ဘာအတွက် စိတ်ပူတာလဲ?"

"တစ်ခုခု မှားများနေမလားဆိုပြီးတော့ပေါ့"

သူမ သက်ပြင်းမောတစ်ခု ချလိုက်မိပါသည်။

"ဦးကြောင့် မေမေ စိတ်ပူနေရပြီနော်"



"ပူသင့်ပါတယ်။ ဦးက မေမေ့သမီးလေးပဲ။ ဒါပေမဲ့ ဦး သိထားရမှာတစ်ခုက ဘယ်တော့မှ ကိုယ့်ဘက်က အလွန်မဖြစ်စေနဲ့။ ငါးပါးသီလနဲ့ အနန္တဂိုဏ်းဝင်တွေကို မမေ့နဲ့"

သူမ ပြုံးလိုက်ရင်း မေမေ့ကို ခေါင်းညိတ်ကာ အဖြေပြန်ပေးလိုက်ပါသည်။

"စိတ်ချပါ မေမေ၊ ဦး အမြဲသတိရနေမှာပါ"

သူမ မေမေ့ကို ကတိတစ်ခုပေးလိုက်သော် မေမေ သူမကို ဖက်လိုက်ပါသည်။ ဖက်လိုက်သည်က အားပေးသည်လား၊ နှစ်သိမ့်သည်လား၊ သို့သော် နှစ်သစ်နှင့်ပတ်သက်ပြီး သူမ ရှေ့ဆက်တိုးဖို့ အဆင်သင့်ဖြစ်လို့နေပေပြီ။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

မထိတွေ့ဖူးဖေမဲ့ ထင်ယောင်ယောင်အတွင်း
ချစ်မိခြင်းက အရမ်းပျော်ရွှင်ရပါတယ်။
အားမာန်အပြည့်နဲ့ ပြေးလာပြီး
ရင်ထဲဝင်ဆောင့်လိုက်တဲ့ သူ့အပြုံးက
ခေ့မိုခတ်၏။



သူမရောက်လာတုန်းက ဒီနေရာတွင် လူများ ပြည့်နှက်နေ၏။ ရုပ်ရှင်ပြချိန်လည်းရောက်ရော ရုံရှေ့တွင်ရှိနေသည့် လူတိုင်းလိုလို ရုံထဲသို့ ဝင်သွားသောကြောင့် သူမတစ်ယောက်တည်းသာလျှင် ရုံအရှေ့၌ ကျန်ရစ်ခဲ့လေသည်။

လက်ထဲတွင်ရှိနေသော လက်မှတ်နှစ်စောင်ကိုကြည့်ကာ သူမ သက်ပြင်းချလိုက်မိပါသည်။

ယခု ချိန်းထားပြီး ရောက်မလာသေးသော ပိုးအိကို သူမ အလိုလို ဒေါသထွက်ချင်နေပေပြီ။ မဖြစ်ဖြစ်အောင် လာခဲ့မည်ပြောသောကြောင့် သူမ လက်မှတ်နှစ်စောင် ဖြတ်ခဲ့ခြင်းဖြစ်၏။

ယနေ့ ရုံတွင်ပြမည့်ကားက သူမ ကြည့်ပြီးသား ဒါရိုက်တာ Baz LUHRMANN ရိုက်သည့် Romeo & Juliet ဖြစ်သည်။

သို့သော် ပိုးအိက ကြည့်ချင်သည်ဟု ပူဆာနေသောကြောင့် ကျောင်းပိတ်ရက်ဖြစ်ပြီး သူ့ အိမ်တွင် မနားတော့ဘဲ ပိုးအိနှင့် ရုပ်ရှင်ကြည့်ရန် အဖော်လိုက်ခဲ့ပေးခြင်းဖြစ်ပါသည်။

"နင်က ဆန်းသစ်တဲ့အတွေးတွေ တွေးတတ်တယ် . . . ဦးရဲ ဒီတော့ Franco Jeffirelli ရိုက်တဲ့ Romeo & Juliet နဲ့ Baz LUHRMANN ရိုက်တဲ့ Romeo & Juliet ဘာကွာခြားလဲဆိုတာ

www.burmeseclassic.com

လေ့လာကြမယ်လေဟာ။ နင်လည်း အကြံဉာဏ်သစ်တွေ ရတာပေါ့"

ပိုးအိအဆွယ်ကောင်းသောကြောင့် အခု သူမ ရုပ်ရှင်ရုံတွင် ရောက်နေပြီဖြစ်သော်လည်း ပိုးအိကတော့ မရောက်သေးချေ။ လက်မှ နာရီကို ကြည့်လိုက်သော် ရုပ်ရှင်ပြချိန်က ဆယ်မိနစ်ပင် ကျော်နေပေပြီဖြစ်ပါသည်။

ပိုးအိမပါဘဲနှင့်တော့ သူမတစ်ယောက်တည်း ရုပ်ရှင် ဝင်မကြည့်ချင်ပါ။ စောင့်နေသည်မှာလည်း နာရီဝက်ကျော်နေပြီဖြစ်သည်။ ထို့အပြင် ရုပ်ရှင်လည်း ပြနေပြီဖြစ်သောကြောင့် သူမ အိမ်သို့ပြန်ရန်သာ စိတ်ပိုင်းဖြတ်လိုက်ပြီး ရုပ်ရှင်ရုံထဲမှ ထွက်ခဲ့လိုက်ပါသည်။

"ဦး"

ချိန်းထားလျှင် လွဲချင်လွဲလိမ့်မည်။ အခုတော့ မချိန်းထားပါဘဲနှင့် နှစ်သစ်ကို သူမ တွေ့လိုက်ရသောကြောင့် ခြေလှမ်းများရပ်တန့်ပြီး နှစ်သစ်ကို သူမ အံ့အားသင့်စွာ ငေးကြည့်နေမိပါသည်။

"ဘယ်ကိုလာတာလဲ . . . ဦး?"

နှစ်သစ်အမေးကို ပြန်မဖြေခင်မှာပင် နှစ်သစ်က သူမလက်ထဲတွင်ရှိနေသော ရုပ်ရှင်လက်မှတ်များကို တွေ့သွားလေသည်။

"နင် ရုပ်ရှင်လာကြည့်တာလား?"

မေးရင်းဖြင့် သူမလက်ထဲတွင်ရှိနေသော လက်မှတ်နှစ်စောင်ကို လှမ်းယူကြည့်လိုက်ပါသည်။

"လက်မှတ်က ၂ စောင်တောင်ဆိုတော့ နင် နောက်တစ်ယောက်နဲ့ ချိန်းထားတာပေါ့။ ဟုတ်လား?"

ဒီတစ်ခါမေးလိုက်သော နှစ်သစ်မျက်ဝန်းတွင် ဝမ်းနည်းသည့်အရိပ်အယောင်များကို သူမ တွေ့လိုက်ရပါသည်။

"ငါ ပိုးအိနဲ့ ချိန်းထားတာ"

"ဪ . . ."



တော်ပါသေးရဲ့ဆိုသည့် ခံစားချက်ဖြစ်သွားသည့် နှစ်သစ်မျက်နှာ သိသာလှ၏။

"အခု ရုပ်ရှင်မကြည့်ဘဲ နင် ဘယ်သွားမလို့လဲ?"

"ရုပ်ရှင်ပြနေတာပဲ ၁၀ မိနစ်လောက် ရှိတော့မယ်။ ဒါပေမဲ့ ပိုးအိက အခုထက်ထိ ရောက်မလာသေးဘူးလေ။ ဒီတော့ ငါ ပြန်တော့မလို့"

"ဒါဆို လက်မှတ်တွေက နှမြောစရာပဲနော်"

နှစ်သစ်စကားနှင့် အကြည့်များကို သူမ ချက်ချင်းပင် သဘောပေါက်လိုက်ပါသည်။ ငါတို့နှစ်ယောက် ကြည့်လိုက်ကြမယ်လေဆိုသည့် အကြည့်များ။ အရင်ကတည်းက မငြင်းနိုင်သော သူမ နှစ်သစ်စကားအဆုံးတွင် ကျေနပ်စွာပြုံးပြီး ခေါင်းညိတ်လိုက်မိပါ၏။

ထို့ကြောင့် ပေါက်ပေါက်၊ မုန့်အချို့နှင့် ရေတစ်ဘူးဝယ်ပြီး သူမနှင့် နှစ်သစ် ရုံထဲသို့ ဝင်ခဲ့လိုက်ပါသည်။

ရုံထဲတွင် ရုပ်ရှင်ကြည့်သည့်လူ သိပ်မများပါ။ အတွဲအချို့နှင့် အားလုံးပေါင်းမှ လူအရေတွက် နှစ်ဆယ်ကျော်ကျော်ခန့်ပင် ရှိပါသည်။

"နင် Romeo & Juliet (ရိုမီယိုနဲ့ ဂျူးလီယက်) ကို မကြည့်ဖူးဘူးလား?"

"ကြည့်ဖူးပါတယ်၊ ဒါပေမဲ့ Franco Jeffirelli ရိုက်တဲ့ ရိုမီယို၊ ဂျူးလီယက်နဲ့ Baz LUHRMANN ရိုက်တဲ့ ရိုမီယို၊ ဂျူးလီယက် ဘာများ ကွာလဲဆိုတာ သေသေချာချာသိချင်လို့ ထပ်ကြည့်တာ"

"ဪ . . ."

သူမတို့ ရုံထဲသို့ရောက်ပြီး ခဏလေးပင် စကားပြောဖြစ်ကြပါသည်။ ထို့နောက် ပြသနေသည့် ဇာတ်လမ်းထဲ အာရုံရောက်သွားပြီး ဇာတ်လမ်းကို စိတ်ဝင်စားစွာ ကြည့်နေမိကြပါသည်။ သူမကလည်း မှတ်သားစရာရှိသည်များကို လိုက်လံမှတ်သားနေမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"တောင်းပန်ပါတယ်ကွာ . . . ငါ နောက်တစ်ခါမင်းနဲ့ပတ်သက်ပြီး သတိထားပါ့မယ်။ နောက်ပြီး အလေးနက်ထားပါ့မယ်ကွာ . . နော်"

ထွက်ပေါ်လာသောအသံကြောင့် သူမနှင့် နစ်သစ်တို့၏ အကြည့်များ ထိုအသံထွက်ပေါ်ရာသို့ လှမ်းကြည့်လိုက်မိပါသည်။

မြင်လိုက်ရသည်က အတွဲတစ်တွဲ၊ ထိုအတွဲတစ်တွဲ၏ ဘေးတွင် ယောကျ်ားတစ်ယောက်ရှိနေပြီး ထိုယောကျ်ားက အတွဲထဲမှ မိန်းကလေးကို တောင်းပန်နေခြင်းဖြစ်ကြောင်း တွေ့လိုက်ရပါသည်။

"မတောင်းပန်ပါနဲ့။ ငါနင်နဲ့ မပတ်သက်ချင်တော့ဘူး။ နောက်ပြီး နင် အခုတွေ့တယ်နော်။ ငါ့ဘေးမှာ ငါ့ချစ်သူရှိနေတာ"

အတွဲထဲမှ မိန်းကလေးကထိုယောကျ်ားကို ပြန်ပြောလိုက်ပါသည်။

"နင် ချစ်သူထားလည်း ငါ ခွင့်လွှတ်တယ်။ နောက်ဆုံးဟာ . . . နင် ယောကျ်ားယူလိုက်သည် ထားဦး။ ငါ ခွင့်လွှတ်နိုင်ပါတယ်။ နင်သိပါတယ် . . . မေရယ်၊ ငါ့အဖို့ နင် မရှိလို့ မဖြစ်ဘူးလေ"

ဘေးနားတွင် ချစ်သူတစ်ယောက်လုံး ရှိနေတာတောင် ထိုယောကျ်ားပြောနေသမျှကို ကောင်မလေး၏ ချစ်သူအသစ်က ဘာမှဝင်မပြော။ မသိသလိုသာနေပြီး ရုပ်ရှင်ကြည့်နေ၏။

"နင် တော်သင့်ပြီ . . . မုန်း၊ နင့်စကားတွေကြောင့် ငါတို့ကို လူတွေ ဝိုင်းကြည့်ကုန်ပြီ။ ငါတို့ကြောင့်လူတွေကို အနှောင့်အယှက် မဖြစ်စေချင်ဘူး"

"ကောင်းပြီလေ . . . ဒါဆို နင် သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ ဟိုဘက်က အစ်ကို့ကိုလည်း ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ၊ မေက ကျွန်တော့်ကို သိပ်ချစ်တာပါ။ သူ့ဘဝမှာ ကျွန်တော့်ကိုပဲ ချစ်ဖူးတာပါ။ အခု ကျွန်တော်တို့ရန်ဖြစ်ထားလို့ အစ်ကို့ကို အပျော်အဖြစ် တွဲနေတာပါ"

"တော်တော့ . . . မုန်း . . . နင် တော်တော့"



"မတော်ဘူး။ ငါ ဆက်ပြောမယ်။ နင် ငါ့ကိုသာလျှင် အချစ်ဆုံးဆို ငါသိတယ် မေ၊ နင် မလိမ်နဲ့"

"ငါ နင်နဲ့ ရုပ်ရှင်ရုံထဲမှာ ရန်မဖြစ်ချင်ဘူး မုန်း၊ ဒီတော့ နင့်ပါးစပ်ပိတ်ပါတော့"

မုန်းဆိုသည့်လူနှင့် မေဆိုသည့် မိန်းကလေးက ချစ်သူများဖြစ်ကြပေလိမ့်မယ်။ တစ်ဖက်ကလူက မေ့ရဲ့ရည်းစားအသစ် ဖြစ်ဟန်တူ၏။ သူမလည်း ထိုအဖြစ်အပျက်ကို သေချာစွာ နားစွင့်နေမိပါ၏။

"ကောင်းပြီ။ ဒါဆို ငါ ဒီနားမှာပဲ ထိုင်ပြီး စောင့်နေမယ်။ ဒီရုပ်ရှင်ပြီးတာနဲ့ နင် ဘယ်သူနဲ့ဆက်ပြီး လက်တွဲမယ်ဆိုတာ ဆုံးဖြတ်ပေးပါ။ နောက်ပြီး ဟိုဘက်က အစ်ကိုကလည်း မေဆုံးဖြတ်တဲ့ အတိုင်း လိုက်နာပေးပါနော်"

မုန်းဆိုသည့်လူက မေ့ရဲ့ရည်းစားအသစ်ကို လှမ်းပြီး တိုင်ပင်လိုက်ပါသည်။

"ရပါတယ်၊ မေဆုံးဖြတ်တဲ့အတိုင်းပဲပေါ့"

တစ်ဖက်လူကလည်း မုန်းဆိုသည့်လူကို အေးဆေးပင် တုံ့ပြန်လိုက်ပါသည်။

ထိုသုံးယောက် အသံတိတ်သွားသောကြောင့် သူမနှင့် နစ်သစ်တို့ ရုပ်ရှင်ဇာတ်လမ်းကို စိတ်ဝင်စားစွာ ပြန်ကြည့်ဖြစ်လိုက်ကြပါသည်။

သို့နှင့် ဇာတ်လမ်းက ဇာတ်သိမ်းခန်းသို့ပင် ရောက်လာပြီဖြစ်ပါသည်။

ရိုမီယို့ထံသို့ ပို့လိုက်သည့်စာကို ရိုမီယိုမတွေ့ဘဲ ရဲများဝိုင်းထားသည့်ကြားက အဆိပ်ကိုသွားဝယ်၊ ပြီးတော့ အခက်အခဲကြားက ဂျူးလီယက်ခန္ဓာကိုယ်ကို ပြင်ဆင်ထားသောနေရာသို့ အပြေးအလွှားသွားပြီး ဂျူးလီယက်အတွက် ကဗျာများကို စိတ်လွတ်ကိုယ်လွတ် စပ်ဆိုနေသည့် အခန်းသို့ရောက်သော် သူမရင်ထဲ အချစ်၏ လေးနက်သော၊ စစ်မှန်သော ခံစားချက်များကို အရင်ထက်ပိုပြီး နားလည်သွားသလို ခံစားလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရပါသည်။ တစ်ပြိုင်နက်လိုလိုပင် နှစ်သစ်ကလည်း သူမ လက်ဖဝါးလေးတစ်ဖက်ကို ယုယစွာ ဆုပ်ကိုင်လိုက်ပါ၏။

"ငါတို့နှစ်ယောက် အဲ့လိုမဝေးရအောင် ကြိုးစားကြမယ်နော် ဦး"

တောင်းဆိုသလိုလေးပြောလိုက်သော နှစ်သစ်စကားအဆုံး သူမ ခေါင်းညိတ်လိုက်မိပါသည် ။

ထိုစဉ် မိန်းကလေးတစ်ယောက်၏ ငိုရှိုက်သံတစ်ခုကို သူမ ကြားလိုက်ရပါသည်။ အခုန ရန်ဖြစ်နေသည့် မေဆိုသော မိန်းကလေး ငိုနေခြင်းဖြစ်ပါသည်။

"ငါ တောင်းပန်ပါတယ် . . . မုန်းရယ်၊ ငါ နင့်ဆီပဲ ပြန်လာချင်တယ်။ ငါ့အတွက် နင်ကလည်း မရှိမဖြစ်ပါ"

"ငါလည်း တောင်းပန်ပါတယ် . . . မေရယ်၊ နောက်ဆို နင်မကြိုက်တဲ့ ဘယ်အရာကိုမှ ငါ မလုပ်တော့ပါဘူး။ နင့်ကိုပဲ အလေးနက်ထားမယ်။ နင့်စကားပဲ နားထောင်ပါ့မယ်ဟာ၊ နော် . . ."

မုန်းဆိုသည့် လူကလည်း မေ့ကို ကတိများ ပြန်ပေးနေလိုက်ပါသည်။

"မင်းတို့နှစ်ယောက်က အချစ်စစ်တွေပါကွာ။ ငါ အေးအေးချမ်းချမ်း နောက်ဆုတ်ပေးပါတယ်။ နောက်ပြီး ရှင်းရှင်းပြောရင် မေဆိုတဲ့ မင်းချစ်သူကိုလည်း ငါ့ဘက်က ခံစားချက် သိပ်မရှိပါဘူး။ ခဏတာ အပျော်တွဲတာလောက်ပါပဲ"

"ရပါတယ်၊ အခုလို နောက်ဆုတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် . . . အစ်ကိုရယ်"

မုန်းက တစ်ဖက်လူကို ကျေးဇူးတင်စကားပြောပြီး သူ့ချစ်သူမေ့ကို ဖက်လိုက်ပါသည်။ ထို့နောက် မုန်းနှင့်မေ လက်ချင်း မြဲမြဲစွာ ကိုင်ပြီး ရုပ်ရှင်ရုံထဲမှ ထွက်သွားကြလေသည်။

ထူးဆန်းလှသည့် ထိုသုံးယောက်ကို ငေးကြည့်နေမိသည်မှာ နှစ်သစ်နှင့် သမီးဦးနှစ်ယောက်တည်း မဟုတ်ပါ။ ဒေါ်ချစ်ပိုင်၏ခိုင်းစေမှုကြောင့် နွေမိုးယံနှင့်အတူ ရုပ်ရှင်လာကြည့်နေသော ချစ်သူပိုင်သည်လည်း ထိုလူသုံးယောက်အဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်လိုက်ရပါသည်။ တစ်ဆက်တည်းကဲ့သို့ပင် ချစ်သူပိုင့်ထံသို့ နောင်တလိုလို အရာကြီးက အပြေးအလွှားရောက်ရှိလာပါတော့၏။



ဘာပဲဖြစ်ဖြစ်ပါ။ နှစ်သစ်က ချစ်သူပိုင်၏ တရားဝင်ချစ်သူ၊ ကိုယ့်တရားဝင်ချစ်သူရှိလျက်နှင့် သူစိမ်းယောကျ်ား နွေမိုးယံနှင့် နှစ်သစ်မသိအောင် ရုပ်ရှင်လာကြည့်သည့် ချစ်သူပိုင့်လုပ်ရပ်က မှားယွင်းကြောင်း အခုလေးတင် ချစ်သူပိုင် နားလည်လိုက်ပါသည်။

နားလည်လိုက်သည့် တစ်ခဏအတွင်းမှာပင် ချစ်သူနောက်တွင် လုပ်ချင်တိုင်းလုပ်နေသည့် သူမ လုပ်ရပ်များကို ရပ်တံ့လိုက်တော့မည်ဟုလည်း ဆုံးဖြတ်ချက် ချလိုက်မိပါတော့သည်။

"နွေမိုးယံ"

အတွေးများနှင့် ခေါ်လိုက်သော် နွေမိုးယံက သူမကို လှည့်ကြည့်လိုက်ပါသည်။

"ကျွန်မမှာ ချစ်သူရှိတယ် . . . နွေမိုးယံ"

နွေမိုးယံက နားမလည်နိုင်စွာဖြင့် မျက်မှောင်ကုတ်ကြည့်လိုက်၏။

"အဲ့ဒီလူက နှစ်သစ်ပါ"

"နှစ်သစ်က မင်း သူငယ်ချင်းဆို"

"ချစ်သူပါ။ နှစ်သစ်က ကျွန်မရဲ့ ချစ်သူပါ"

"ဒါဆို သူငယ်ချင်းလို့ ဘာလို့ ပြောခဲ့တာလဲ?"

"အချစ်ဆိုတာကို သိပ်နားမလည်ခဲ့လို့ လွယ်လွယ်ပဲ ပြောခဲ့မိတာပါ။ ဒီတော့ ကျွန်မကို နှစ်သစ်ဆီ သွားခွင့်ပြုပါ . . . နွေမိုးယံ"

"ရုပ်ရှင်ပြီးရင် မင်းကို ကိုယ်လိုက်ပို့ပါ့မယ်"

"မဟုတ်ဘူး၊ အခုသွားချင်တာ။ အခု နှစ်သစ်ဆီသွားပြီး ကျွန်မရှင်နဲ့တွဲခဲ့ကြောင်း၊ နောက်နောင် နှစ်သစ်မသိပါဘဲနဲ့ ရှင်နဲ့ မတွေ့တော့ဘူးဆိုတဲ့အကြောင်း သွားပြောပြီး တောင်းပန်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူပိုင် ပြောလည်းပြော၊ ထိုင်ခုံမှလည်း ထရပ်လိုက်မိပါသည်။

ထိုစဉ် နှစ်သစ်နှင့် သမီးဦးသည်လည်း ရုပ်ရှင်အပြီး ပြန်ရန်အတွက် ထရပ်လိုက်သောကြောင့် သုံးယောက်သား အကြည့်ချင်း ဆုံးသွားကြပါတော့သည်။

"သစ် . . ."

ချစ်သူပိုင်ထိုင်နေသည့်နေရာက နှစ်သစ်ထိုင်နေသည့် ထိုင်ခုံနှင့် သိပ်မလှမ်း၊ ရုတ်တရက်ကြီး နှစ်သစ်ကို တွေ့လိုက်ရသောကြောင့် ချစ်သူပိုင် လွန်စွာပျော်သွားပြီး နှစ်သစ်ရှိရာသို့ လှမ်းလာခဲ့ပါတော့သည်။

"ပိုင်ပိုင် . . ."

"သစ် . . . သစ်ရယ်၊ ငါ နင့်ဆီကို အခုလာတော့မလို့"

ပြောရင်းနှင့် တစ်ဆက်တည်း နှစ်သစ်ကို ချစ်သူပိုင် သိုင်း၍ဖက်လိုက်ပါတော့သည်။

ထိုစဉ် ရုပ်ရှင်လည်း ပြီးသွားပြီဖြစ်သောကြောင့် ကြည့်နေသည့်သူများ ကိုယ်စီကိုယ်စီ ရုံအပြင်သို့ ထွက်သွားကြပြီဖြစ်ပါသည်။

ထိုစဉ် သမီးဦး နားလည်လိုက်သည်က သူမသည် ရှောင်ပေးရမည့်လူဖြစ်နေသောကြောင်းကိုပင်။

အခု နှစ်သစ်ရင်ခွင်ထဲတွင် ချစ်သူပိုင် ရှိနေပြီမဟုတ်ပါလား။ နှစ်သစ်ကိုင်ထားသည့် လက်လေးကို ရင်နာနာနှင့်ပင် ရုန်းထွက်ပြီး ရုံအပြင်သို့ ထွက်သွားရန် သမီးဦး ဆုံးဖြတ်လိုက်ပြီး နှစ်သစ်ကိုင်ထားသည့် လက်လေးကို သူမ ရုန်းရန် ကြိုးစားလိုက်ပါသည်။

သို့သော် နှစ်သစ်က သူမလက်ဖဝါးလေးကို မလွှတ်ပေးချေ။ ထို့ကြောင့် လွှတ်ပေးပါဟူသော အကြည့်ဖြင့် နှစ်သစ်ကို ကြည့်လိုက်စဉ် ချစ်သူပိုင်ကိုဖက်ထားသော နှစ်သစ်က သူမကို ခေါင်းခါယမ်းပြပါသည်။

သူမတို့သုံးယောက်ကို ကြည့်နေသူက နွေမိုးယံ။

အခုတော့ ရုပ်ရှင်ရုံထဲတွင် နှစ်သစ်၊ ချစ်သူပိုင်၊ သမီးဦး၊ နွေမိုးယံမှအပ တခြားမည်သူမျှ ရှိမနေတော့ချေ။



"ငါ တောင်းပန်ပါတယ် . . . သစ်ရယ်၊ နင့်ကို အသိပေးဘဲ ငါ နွေမိုးယံနဲ့ ရုပ်ရှင်လာကြည့်မိတယ်"

ချစ်သူပိုင်က နှစ်သစ်ကိုဖက်ထားရင်း တောင်းပန်၏။

"ငါကတော့ မတောင်းပန်ဘူး . . . ပိုင်ပိုင်၊ ဒါပေမဲ့ ငါလည်း ဦးနဲ့အတူ ရုပ်ရှင်ကြည့်နေတာပါပဲ"

ပွင့်လင်းလှသည့် နှစ်သစ်ဝန်ခံမှုကြောင့် ချစ်သူပိုင် နှစ်သစ်နှင့် ကိုယ်ချင်းခွာလိုက်ပြီးနောက် သမီးဦးနှင့် ချစ်သူပိုင်အကြည့်တို့ နှစ်သစ်ဆီကို စုပုံကုန်၏။ ထို့နောက်မှ ချစ်သူပိုင်က နှစ်သစ်လက်ထဲတွင် သမီးဦး၏ လက်ဖဝါးလေးရှိနေကြောင်း သတိထားလိုက်မိပါ၏။

"နင်က ဦးနဲ့အတူ ဒီကိုရောက်နေတာကိုး"

"ဟုတ်တယ်။ ငါ ဦးနဲ့အတူ ရုပ်ရှင်လာကြည့်တာ"

သမီးဦးနဲ့နှစ်သစ်ကို တွဲကာမြင်သွားသည့် ချစ်သူပိုင်သည် အလိုမကျစွာ မျက်ခုံးတွန့်လိုက်ပြီဖြစ်သည်။

ရပါတယ်၊ ဖြစ်ချင်ရာဖြစ်ပေါ့။ သေချာသည်က နှစ်သစ်သည် သမီးဦး၏ လက်ဖဝါးလေးကို လုံးဝလွှတ်ပေးတော့မည် မဟုတ်ချေ။

"ဟုတ်သားပဲ၊ ငါက နင့်ကိုပဲမြင်ပြီး နင်ကိုင်ထားတဲ့ လက်ဖဝါးပိုင်ရှင် ဦးကို မမြင်လိုက်မိဘူး"

ချစ်သူပိုင့်စကားကြောင့် သမီးဦးက လက်ကို ရုန်းလိုက်သော်လည်း နှစ်သစ်က ထိုလက်ဖဝါးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်ပါသည်။

သို့သော် ထိုခဏတွင်းမှာပင် ချစ်သူပိုင်က သူမမျက်နှာကို ပြင်ဆင်လိုက်ပြီး ချက်ချင်းပင် အပြုံးတစ်ခုကို ပန်ဆင်လိုက်ပါသည်။

"ရပါတယ်။ ငါ နင့်အနားမှာမရှိတုန်း နင့်ကို အဖော်လုပ်ပေးနေတဲ့ ဦးကို ငါ ကျေးဇူးတင်စကား ပြောဖြစ်အောင် ပြောလိုက်ပါ့မယ်"

နှစ်သစ်ထင်ထားသည်က ပြဿနာဖြစ်လျှင် ပွင့်လင်းစွာ ဖြေရှင်းလိုက်မည်ပေါ့။ သို့သော် ချစ်သူပိုင်တုံ့ပြန်လိုက်သည်က လွန်စွာ သွေးအေးလှ၏။



www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ် လုံးဝမထင်ထားသည့် လုပ်ကွက်ကို ချစ်သူပိုင် ဖန်တီးလိုက်သောကြောင့် နှစ်သစ်ရော၊ သမီးဦးပါ လွန်စွာ အံ့အားသင့်သွားရပါသည်။

"ကဲ . . . လေးယောက်ဆုံတုန်း ကော်ဖီဖြစ်ဖြစ် သွားသောက်ကြတာပေါ့။ ကိုယ် တကာခံပါ့မယ်"

ဖိတ်ခေါ်လိုက်သူက နွေမိုးယံ၊ ထိုခဏအတွင်း ၄ ယောက်လုံး ပြိုင်တူလိုလိုပင် သက်ပြင်းချလိုက်မိပါတော့သည်။

✂ ✂ ✂



မှာထားသည့်ကော်ဖီများ စားပွဲသို့ လာချပြီးသည့်တိုင်အောင် လေးယောက်လုံး စကားတစ်ခွန်းမှ မဟသေးချေ။

စားပွဲထိုးလေး လာချသွားသော ကော်ဖီခွက်များကိုကြည့်ပြီး ကိုယ်စီကိုယ်စီ အတွေးများ နယ်ချဲ့နေမိကြပါ၏။

သမီးဦးအဖို့ကတော့ အရင်ကတည်းက ခြံမပိုင်ဘဲ ပန်းပင်စိုက်ခဲ့ခြင်းဖြစ်၏။ နှစ်သစ်တွင် တရားဝင်ချစ်သူ ပိုင်ပိုင်ရှိနေလျက် သူမက လက်ခံခဲ့ခြင်း မဟုတ်ပါလား။ ထို့အပြင် နှစ်သစ်ဘက်ကလည်း သူမကို ခိုင်မာသည့် ကမ်းလှမ်းမှုမျိုးလည်း တစ်ခါဖူးမှ မပြောဖူး။ ကိုယ့်အချစ်များကို နှစ်သစ်မြင်သွားအောင် တမင် ဖန်တီးပြခဲ့ခြင်း မဟုတ်တာတော့ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလုံပါသည်။ ဘာပဲဖြစ်ဖြစ် ရဲရဲဝံ့ဝံ့နှင့် အမှန်တရား လက်ကိုင်ထားပြီး ရင်ဆိုင်ရန် ဆုံးဖြတ်ရင်း သူမ သက်ပြင်းမော တစ်ခု ချလိုက်မိပါသည်။

နှစ်သစ်ကတော့ ချစ်သူပိုင်ဘက်က ပြင်းထန်သည့် စွပ်စွဲမှုတစ်ခုခု ပြုလုပ်ခဲ့သည်ရှိသော် အားလုံး အမြင်ရှင်း၊ အပြီးသတ်သွားအောင် ရင်ထဲမှ ခံစားချက်များကို ပွင့်လင်းစွာ ဝန်ခံလိုက်မည်ဟု လွယ်လွယ်ပင် ဆုံးဖြတ်ထားပါ၏။

ချစ်သူပိုင်အဖို့ကတော့ သူမ တင်းလိုက်လျှင် ပြတ်သွားမည်ကို ရိုးရိမ်နေမိပြီဖြစ်သည်။ သူမ ဘယ်လိုပဲ ခြေလှမ်းမှားမှားပါ၊ နှစ်သစ်ထို



www.burmeseclassic.com

www.burmeseclassic.com

တော့ လက်မလွှတ်ချင်ပါ။ သူမ နှစ်သစ်ကို အချစ်စစ်နဲ့ ချစ်ခဲ့မိသည်ပဲလေ။ ဒါဆို ဘာပဲဖြစ်ဖြစ် နောက်ကွယ်မှာ တစ်ဖက်လှည့်ဖြင့် နှစ်သစ်ကို ကိုယ့်ဆီပြန်ရောက်အောင် ခေါ်မည်ဟု ဆုံးဖြတ်မိ၏။ ထို့အပြင် ချစ်သူပိုင်က အတုံးတစ်ယောက်မဟုတ်။ သမီးဦးနှင့် နှစ်သစ်အကြားတွင် ရှိနေသော ပတ်သက်မှု အတိမ်အနက်ကိုတော့ သူမ ရိပ်မိပါ၏။ ပေါ်တ်သည့်နဖူး မထူးတော့ပြီ။ အကောင်းဆုံးဖြစ်အောင် ပညာသားပါပါနှင့် ဒီဇာတ်ကို နိုင်အောင်ကမည်ဟုသာ စဉ်းစားလိုက်ပါသည်။ ထိုသို့ စဉ်းစားမိသည်နှင့်တစ်ပြိုင်နက် ချစ်သူပိုင် အားတင်းကာ ပြုံးလိုက်မိပါသေး၏။

နွေမိုးယံအဖို့ကတော့ ချစ်သူပိုင်နှင့် တွဲမိကြောင်း ဝန်ခံမည်။ တစ်ဆက်တည်း ချစ်သူပိုင်ကိုပါ စိတ်ဝင်စားကြောင်း ဖွင့်ပြောမည်။ သို့သော် ချစ်သူပိုင်တွင် ပိုင်ရှင်ရှိနှင့်ပြီးသား သိလိုက်ရသောကြောင့် ခပ်လှမ်းလှမ်းသို့ နောက်ဆုတ်ပြီး ပွဲစဉ်ကို စောင့်ကြည့်ရန်သာ။

"ကဲ . . . ကော်ဖီတွေ အေးတော့မယ်နော်၊ သောက်လိုက်ကြပါဦး"

တိတ်ဆိတ်နေသော စားပွဲဝိုင်းလေးကို အပြုံးနှင့် ပိုင်ပိုင် အသက်သွင်းလိုက်ပါသည်။

ဦးက သက်ပြင်းတစ်ခု ထပ်ချရင်း ကော်ဖီခွက်ကို ယူသောက်လိုက်၏။

"ကိုယ် ဝန်ခံစရာတစ်ခုရှိပါတယ် . . . နှစ်သစ်"

နွေမိုးယံက မျက်နှာပူပူနှင့် နှစ်သစ်ကို ပြောလိုက်သောကြောင့် နှစ်သစ် ခေါင်းဆတ်ကာ အသိအမှတ်ပြုလိုက်ရ၏။

"ကိုယ် ပိုင်ပိုင့်ကို စိတ်ဝင်စားခဲ့မိပါတယ်။ ဒါကြောင့်လည်း သူနဲ့တွဲခဲ့မိတာပါ။ ဒါပေမဲ့ နှစ်သစ်နဲ့ ပိုင်ပိုင်ချစ်သူတွေဆိုတာ ကိုယ်မသိခဲ့ပါဘူး"

"ဒါပေမဲ့ အခု ကျွန်မ ပြောပြလိုက်ပြီလေ . . . နွေမိုးယံ"

ပိုင်ပိုင်က နွေမိုးယံကို ကြားထဲမှ ဝင်ဖြေလိုက်ပါသည်။



"ဟုတ်ပါတယ်။ ဒီတော့ ကိုယ် နောက်ဆုတ်လိုက်ပါ့မယ်။ ဒါပေမဲ့ အပေးဆုံးကို နောက်ဆုတ်သွားမှာတော့ မဟုတ်ဘူးနော်"

နွေမိုးယံစကားကြောင့် ပိုင်ပိုင်အံ့အားသင့်စွာ နွေမိုးယံကို ငေးကြည့်လိုက်မိပါသည်။

"ဘာဖြစ်လို့လဲဆိုတော့ အန်တီချစ်ပိုင်က မင်းနဲ့ငါ့ကို သဘောတူနေတယ်လေ။ ကိုယ့်ဘက်က အလွန်မရှိအောင် မိဘတွေသဘောကိုတော့ ကိုယ်က ဦးဆောင်ပြီး ငြင်းမှာမဟုတ်ဘူး။ ဒါပါပဲ၊ ဒီစကားဝိုင်းမှာ ကိုယ်ပြောချင်တဲ့ စကားတွေက ဒါပါပဲ။ ဒီတော့ ကိုယ့်ကိုခွင့်ပြုပါဦး"

နွေမိုးယံ ပြောချင်တဲ့စကားဆုံးအောင် ပြောပြီး သွေးအေးအေးနှင့် ပင် စားပွဲဝိုင်းလေးမှ ထွက်သွားလေသည်။

နွေမိုးယံ၏ ကော်ဖီခွက်လေးကတော့ အရာပင် မယွင်းလိုက်ဘဲ အငွေ့တစိမ့်စိမ့် ထွက်နေတုန်းဖြစ်ပါသည်။

"ကဲ . . . ငါ့ပြဿနာတော့ ရှင်းသွားပြီ . . . သစ်၊ ဒီတော့ ဒီနေ့ကစပြီး ငါ့အချိန်တွေကို နင့်တစ်ယောက်တည်းကိုပဲ ပေးလို့ရသွားပြီ"

ပြောပြီး ပိုင်ပိုင်က နှစ်သစ်လက်ဖဝါးလေးကို လှမ်းကိုင်ကာ အားပေးသလို ဖျစ်ညှစ်လိုက်ပါသည်။ ထိုစဉ် နှစ်သစ်က ဦးကို အားနာစွာ လှမ်းကြည့်လိုက်မိသော် ဦးက အားတင်းထားပါတယ်ဆိုသည့် သဘောဖြင့် ပြုံးလိုက်မိပါသည်။

"ငါနဲ့ဦး ရုပ်ရှင်အတူကြည့်တဲ့ကိစ္စကိုရော . . . နင်ဘယ်လို ဆုံးဖြတ်ချင်လဲ . . . ပိုင်ပိုင်"

ပြဿနာကို သွေးအေးစွာ ဆုံးဖြတ်နေသည့် ပိုင်ပိုင့်စိတ်တွေ ရှုပ်ရှားလို့၊ လှုပ်ရှားငြား နှစ်သစ် ဆွပေးလိုက်မိသော်လည်း ပိုင်ပိုင်က သွေးအေးစွာ ပြုံးရယ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ နင့်အနား မရှိနေတဲ့အခိုက်အတန့်မှာ နင့်အနားမှာ ဦးမတ လို့ တခြားမိန်းကလေးတစ်ယောက်ယောက် ရှိနေဦးတော့ အဲ့ဒီ အတွက် ဘာဖြေရှင်းချက်မှ တောင်းမှာမဟုတ်ဘူး . . သစ်။ အဲ့ဒါ သေချာတယ်"

"နင် ဖြေရှင်းချက်မတောင်းပေမဲ့ ငါက ဖြေရှင်းချင်တယ် ပိုင်ပိုင်"

"ငါ နင့်ဖြေရှင်းချက်ကို စိတ်မဝင်စားဘူး။ သေချာတာက နှစ်သစ် ဆိုတဲ့ယောက်ျားက ချစ်သူပိုင်ဆိုတဲ့မိန်းမရဲ့ တစ်သက်တာ ချစ်သူ ပဲ။ ချစ်သူပိုင်က နှစ်သစ်ရဲ့ အချစ်ဦးဖြစ်သလို၊ နှစ်သစ်ကလည်း ချစ်သူပိုင်ရဲ့အချစ်ဦး။ အဲ့ဒါ အမြဲတမ်း မှတ်တမ်းဝင်နေတဲ့ အမှန် တရား"

သွေးအေးအေးနဲ့ အပြုံးမပျက်ပြောလိုက်သော ပိုင်ပိုင့်စကားကြောင့် ပြဿနာကိုဖြေရှင်းရန် နှစ်သစ် အခက်တွေ့သွားရပါ၏။

"ကျေးဇူးပါပဲ . . . ဦးရယ်၊ ငါမရှိတုန်း ငါ့ချစ်သူသစ် မပျင်းအောင် နင် အဖော်ပြုပေးနေတဲ့အတွက် ငါ အရမ်းကျေးဇူးတင်ပါတယ်"

မထင်မှတ်စွာ ပိုင်ပိုင် အလွန်သွေးအေးလွန်းနေ၏။ ပိုင်ပိုင့်ကျေးဇူး တင်မှုကို အသိမှတ်ပြုသည့်အနေနှင့် ခေါင်းညိတ်ပြရုံမှအပ ဦး ဘာဆက် ပြောနိုင်တော့မည်နည်း။

"နောက်ပြီး ငါ့ကို တစ်ခုလောက်ကူညီပေးပါဦး . . ဦးရယ်။ အခု ငါ သစ်ကို နှစ်ကိုယ်ကြား၊ တီးတိုးတောင်းပန်ချင်လို့ နင် ရှောင် ပေးပါနော်"

ခံစားမှုဖြင့် ဝေ့နေသော ဦး၏ မျက်ရည်စအချို့ကိုပင် ပိုင်ပိုင် လစ် လျူရှုပြီး နှစ်သစ်အနားမှ ဦးကို နှင်ထုတ်လိုက်ပါတော့သည်။

ဒါဆို နှစ်သစ်ကရော . . . ပိုင်ပိုင်တောင်းဆိုမှုကို ဘယ်လိုငြင်းရ မည်နည်း။ စားပွဲဝိုင်းလေးမှ ထွက်သွားရန်တာဆူနေသည့် ဦးကို ငါ့အနား က မထွက်သွားပါနဲ့ ဦးရယ်ဆိုပြီး ဘယ်လို ဘာသာမျိုးသုံးပြီး နှစ်သစ် ပြောရတော့မည်နည်း။



ထို့ကြောင့် ရင်နာနာနှင့်ပင် စားပွဲဝိုင်းမှ ဟန်ဆောင်အပြုံးနှင့် နှုတ် ဆက်ထွက်ခွာသွားသော ဦးကို သူ ငေးကြည့်နေရပါတော့သည်။

ထိုစဉ် သူ့မျက်ဝန်းတွင် မျက်ရည်စများ တွဲခိုနေပြီဖြစ်သည်။

"ငါ တောင်းပန်ပါတယ် . . . ပိုင်ပိုင်ရယ်။ ဦးကို မနှင်ထုတ်ပါနဲ့"

ဦးရဲ့သိက္ခာကို ထောက်ထားပြီး ထိုစကားက သူ့နှုတ်မှ ထွက်မလာ ခဲ့သော်လည်း သူ့ အကြည့်များက ထိုသို့တောင်းဆိုနေမှန်း ပိုင်ပိုင်သေ ချာစွာ သိနေပါ၏။ သို့သော် ပိုင်ပိုင်က ထိုအကြည့်များကို မမြင်ချင်ဟန် ဆောင်လျှက် နှစ်သစ် လက်ဖဝါးတစ်ဖက်ကို ယုယစွာ လှမ်းကိုင်လိုက် ပါသည်။

"ငါတောင်းပန်ပါတယ် . . . သစ်။ နောက်ဘယ်တော့မှ နင့်အဝေး မှာ မနေတော့ပါဘူး။ ဒီအချိန်ကစပြီး ငါ့အချိန်တိုင်းက နင့်အတွက် ဖြစ်သွားပါပြီ . . . သစ်ရယ်"

ပိုင်ပိုင့်စကားအဆုံး စားပွဲဝိုင်းလေးတွင် နှစ်သစ်၏ သက်ပြင်းချသံ တစ်ခု ထွက်ပေါ်လာပါတော့သည်။

ထိုစားပွဲဝိုင်းလေးတွင် ပိုင်ရှင်မဲ့နေသည့် ကော်ဖီနှစ်ခွက်ရှိသလို ရင် ထဲတွင် ဗလောင်ဆူနေလွန်းသော်လည်း အသက်မဲ့သူများပမာ ထိုင်နေ သည့် လူနှစ်ယောက်လည်း ရှိနေပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com

**သေပြည်ထိုက်ခဲ့ကြတာပဲ မအေးတော့ပြီ။**
**မသိတွေ့ ခင်အောင် ပျောက်ဆုံးသွားတာ**
**လွှမ်းအဖြစ်တော့ မထုတ်နိုင်ပါ။**



ခြံတံခါးပိတ်ထားသော်လည်း ဂျက်ကို ခြံပြင်မှဖွင့်ပြီး အိမ်ထဲသို့ ဝင်လာသော နှစ်သစ်ကို သူမတွေ့လိုက်သည်နှင့် အိမ်ထဲသို့ သွက်သွက်လေး ဝင်လိုက်မိပါသည်။

"မေမေ . . . နှစ်သစ်လာရင် ဦးမရှိဘူးလို့ ပြောပေးပါနော်"

ဧည့်ခန်းတွင် စာအုပ်ဖတ်နေသည့် မေ့မေ့ကို သွက်သွက်ပြောပြီး သူမ အိပ်ခန်းထဲသို့ ဝင်ခဲ့မိပါသည်။

သူမ ထပ်မငိုရဲတော့ပါ။ ထပ်ငိုလျှင် သူမ မျက်ရည်များ ခမ်းသွားနိုင်ပါ၏။ မျှော်လင့်ရင်း လုံလောက်သောငိုကြွေးမှုက သူမကို နှိပ်စက်ခဲ့ပြီးလေပြီ။ ဒါပေမဲ့ သူမ ဆက်ကာစောင့်မျှော်မိနေတုန်းပင်။ သို့သော် ပိုင်ပိုင့်ကို သစ္စာမစောင့်သလိုဖြစ်မည်ကိုတော့ သူမ စိုးရိမ်မိနေပါပြီ။

ထိုစဉ် အိမ်ရှေ့တံခါးခေါက်သံကို သူမ ကြားလိုက်ရပါသည်။

"အန်တီ . . . ဦး ရှိလား"

"မရှိဘူး . . . သားရဲ့"

မေမေက ဘုမသိ၊ ဘမသိဖြင့် သူမတောင်းဆိုထားသည့်အတိုင်း ပြောပေးသော်လည်း နှစ်သစ်ကတော့ အိမ်ရှေ့တံခါးကိုတွန်းဖွင့်ပြီး အိမ်ထဲသို့ ဝင်ခဲ့လိုက်ပြီဖြစ်ပါသည်။

"ဦးမရှိဘူးဆိုရင်လည်း ဦးပြန်လာတဲ့အထိ ကျွန်တော် ထိုင်စောင့်မယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး နှစ်သစ် ဧည့်ခန်းတွင် ဝင်ထိုင်လိုက်ပါသည်။

"မင်းတို့ ရန်ဖြစ်ထားလို့လား"

"တစ်ခါတစ်ခါ ကျွန်တော် တွေးမိတယ်။ ငယ်ငယ်တုန်းကလို ဆော့ကြ၊ ပြေးကြ၊ လွှားကြနဲ့ အသက်တွေ မကြီးလာရင် ကောင်းမယ် အန်တီ"

မဆီမဆိုင် ညည်းညူသလိုပြောလိုက်သော နှစ်သစ်စကားကြောင့် ဒေါ်ဦး ခေါင်းရှုပ်သွားရပါသည်။

"ဦးပြန်လာတဲ့အထိ စောင့်မယ်ဆိုရင် တော်တော်စောင့်ရလိမ့်မယ် သားရဲ့"

"ဒါဆိုလည်း မစောင့်တော့ပါဘူး။ ဒါပေမဲ့ ဦးပြန်လာရင် ပြောပေးပါနော်။ နှစ်ယောက်တိုင်ပင်ပြီး ဆုံးဖြတ်မှသာ အခက်ခဲတွေ ကျော်နိုင်မှာပါလို့။ နောက်ပြီး ရှေ့ဆက်တိုးဖို့ ကျွန်တော့်ဆီမှာ အားအင်အပြည့်ရှိနေပါတယ်ဆိုတာလည်း ပြောပေးပါနော် အန်တီ"

"ဟုတ်ပြီလေ။ အန်တီ ပြောလိုက်ပါ့မယ်"

နှစ်သစ် သက်ပြင်းတစ်ခုချပြီး အိမ်ထဲမှ သွက်လက်စွာ ထွက်သွားပါတော့သည်။

"ကြားတယ်နော် . . . ဦး။ နှစ်သစ်ပြောသွားတဲ့ စကားတွေကို"

နှစ်သစ်ထွက်သွားပြီး ခဏကြာသော် ပြောလိုက်သော မေမေ့စကားကြောင့် သူမ အိပ်ခန်းထဲမှ ထွက်ခဲ့လိုက်ရပါတော့သည်။

"ဘာတွေလဲ . . . ဦး။ အခုထက်ထိ မေမေ့ကိုဖွင့်ပြောဖို့ အချိန်မတန်သေးဘူးလား"

သူမ သက်ပြင်းချလိုက်မိပါသည်။

"ပြောလေ . . . ဦးရယ်။ မေမေတို့မိသားစုမှာ ဦးနဲ့မေမေ နှစ်ယောက်ပဲရှိတာလေ။ ဒီတော့ ဘာ့ကြောင့် ဦးရှိနေလျက်နဲ့ မရှိဘူးလို့ မေမေ့ကို လိမ်ခိုင်းလဲဆိုတာကိုတော့ မေမေသိသင့်တယ်လို့ ဦး မထင်ဘူးလား"



သူမ ခေါင်းညိတ်လိုက်မိပါသည်။

"ဦးရဲ့ စောင့်မျှော်မှုတွေ၊ ခံစားချက်တွေကို ဦးမဖော်ကျူးလိုက်ဘဲနဲ့ နှစ်သစ်သိသွားတယ် မေမေ"

ဒေါ်ဦး အံ့အားသင့်စွာ မျက်လုံးများ ဝိုင်းစက်သွားပါသည်။

"ဒါဆို သူက ဦးကို ဘယ်လိုတုံ့ပြန်လိုက်လဲ"

"သူ ဦးဆီကို လာခဲ့မယ်တဲ့။ ဦးကို အသင့်စောင့်နေပေးပါတဲ့"

"ဒါဆို ပိုင်ပိုင်ကရော"

သူမကို မေမေ့မေးခွန်းများက တဖြည်းဖြည်း ချောင်ပိတ်လာပါတော့သည်။

"ဦး မသိဘူး မေမေ"

"ပိုင်ပိုင်က ဦးနဲ့နှစ်သစ်ကို ဘယ်လိုတုံ့ပြန်လဲ"

"ပိုင်ပိုင်က ဘာမှမပြောဘူးမေမေ။ သိနေရင်တောင် မသိချင်ပုံစံမျိုးပဲ"

သူမ စကားဆုံးသော် ဒေါ်ဦး သက်ပြင်းချလိုက်ပါတော့သည်။

"အရမ်းခက်ခဲတဲ့ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်ဖို့ ကြိုးစားနေသလိုပဲ . . . ဦးရယ်။ အခု မေမေ ဘာပြောရမလဲ။ ဦးခံစားချက်တွေကို မျက်ကွယ်ပြုပြီး မိဘအတ္တနဲ့ မေမေ တားမြစ်သင့်လား၊ တားမြစ်သင့်ဦးတော့ မေမေ မတားရက်ဘူး။ အခု မေမေ ဦးကို သစ္စာမစောင့်တဲ့လူတစ်ယောက် ဖြစ်မှာကိုလည်း စိုးရိမ်တယ်။ ဒါပေမဲ့ ဦးကိုလည်း မငိုစေချင်တော့ဘူး"

ဒေါ်ဦး စိတ်ကျဉ်းကျပ်စွာ ပြောလိုက်ရင်း ဦးကို ဖက်လိုက်ပါတော့သည်။

"ဦးရယ် အားလုံး ပြေလည်သွားစေချင်လိုက်တာကွယ်"

မေမေ့ အသံတွင် ငိုသံများ ရောယှက်နေသလို ဦးမျက်ဝန်းတွင်လည်း မျက်ရည်ပူများ ပြည့်နေပြီဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးက မျှော်လင့်စောင့်စားသူတစ်ယောက်အဖြစ် မွေးဖွားလာတဲ့လူပါ . . . မေမေရယ်။ ဦးကို သနားရင် မတားမြစ်ပါနဲ့နော်"

ယုယစွာ တောင်းပန်သည့် သူမတောင်းပန်သံလေး အဆုံးသတ်သော် မေမေ့သက်ပြင်းချသံတစ်ခု ထွက်ပေါ်လာပါသည်။

ထိုစဉ် ညှော်ခန်းလေးအတွင်း သားအမိနှစ်ယောက်တို့၏ ငိုသံမဲ့ ရှိုက်သံများ ပြည့်နှက်နေပါတော့သည်။

ᚷ ᚷ ᚷ



"ဦး . . ."

လက်မောင်းတစ်ဖက်ကို ကိုင်လှုပ်ရင်း ခေါ်လိုက်သည့်အသံကြောင့် သူမ အကြည့်တို့ ခေါ်သူ့ထံသို့ ရောက်သွားရပါသည်။

"အခွန်းငါးဆယ်လောက်ခေါ်နေတာတောင် မကြားလို့ လက်မောင်းကိုင်လှုပ်ပြီး ခေါ်လိုက်တာ"

ပိုးအိက စိတ်မရှည်စွာပြောပြီး သူမအားတွင် ဝင်ထိုင်လိုက်ပါ သည်။

"နင် ဘာတွေ ငေးငိုင်နေတာလဲ"

သူမ ပြန်မဖြေ။ သက်ပြင်းငွေ့ငွေ့သာ ချလိုက်မိပါသည်။

"Sorry ဟာ။ ငါ စပ်စုသလို ဖြစ်သွားတယ်"

"ရပါတယ်။ နင်မေးတာကို ငါစိတ်မဆိုးပါဘူး ပိုးအိရယ်။ ဒါပေမဲ့ ငါ မဖြေချင်ဘူး"

"အေးလေ . . . နင်မဖြေချင်တာ မဖြေပါနဲ့"

"ဒါပေမဲ့ တစ်ခုတော့ မေးချင်တယ်"

"မေးလေ . . ."

"လမိုက်ညမှာ လမင်းအလင်းရောင်ကို တမ်းတနေတဲ့လူကို နင် ဘယ်လိုသတ်မှတ်လဲ"

"ယုံကြည်စွာ စောင့်နေတဲ့သူဖြစ်ဖြစ်၊ ဒါမှမဟုတ် မိုက်မှုးရဲတဲ့လူဖြစ်ဖြစ်၊ ဒါမှမဟုတ် အချိန်တွေကို သက်သက်ထိုင်ဖြုန်းတဲ့လူဖြစ် ဖြစ်မြင်မိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါက တိတိကျကျလေး သိချင်တာ"

"ငါက အကောင်းမြင်သမားဆိုတော့ ယုံကြည်စွာ စောင့်နေတဲ့သူ ပဲ သတ်မှတ်မိလိမ့်မယ်"

"ဒါဆို အဆိုးမြင်သမားတစ်ယောက်အနေနဲ့ ဖြေကြည့်ပါလား"

"မိုက်ရူးရဲစွာ အချိန်တွေ ထိုင်ဖြုန်းနေတဲ့လူတစ်ယောက်ဆိုပြီး သတ်မှတ်မိမှာပေါ့"

ပိုးအိအဖြေအဆုံး သူမ သက်မကြီးတစ်ချက် ချလိုက်မိပါတော့သည်။

"ဒါပေမဲ့ဟာ တကယ်လို့ အဲ့ဒီအဆိုးမြင်သမားက ထိုင်စောင့်နေတဲ့လူရဲ့ ခံစားချက်ကို နည်းနည်းလေးဖြစ်ဖြစ် သိခဲ့မယ်ဆိုရင်တော့ နင်ပြောသလို ပစ်ပစ်ခါခါကြီး သတ်မှတ်လိမ့်မယ်လို့ ငါမထင်ဘူး ပိုးအိ"

သူမ ရည်ရွယ်ချက်ကို ပိုးအိမသိပါ။ သို့သော် ပိုးအိက သဘောတူစွာ ခေါင်းညိတ်လိုက်ပါသည်။

"တကယ်လို့ ငါသာ အဲ့ဒီလူ့အနားမှာ ရှိနေရင်တော့ dig and take လို့သာ ပြောလိုက်ချင်တော့တယ်။ တူးယူလိုက်ဆိုပြီးတော့ပေါ့"

ပိုးအိစကားကြောင့် သူမ ပြုံးလိုက်မိပါ၏။

"လမင်းကို ဘယ်ကသွားပြီး တူးမှာလဲ"

"နင်ပြောတဲ့လူက လမိုက်ညမှန်းသိတာတောင် လထွက်အောင် ထိုင်စောင့်နိုင်သေးတာပဲ။ လမင်းကို အပိုင် ကိုယ့်အိပ်ခန်းထဲ ခေါ်ထားဖို့ဆိုရင်တော့ သူ တူးလို့ရမယ့် တစ်နေရာရာကို လိုက်ရှာပြီး တူးယူလိုက်လိမ့်မယ်လို့ ထင်တာပဲ"

ပိုးအိစကားကြောင့် သူမ ငေးငေးလေး ဖြစ်သွားမိပါသည်။

"ဒီမှာကြည့်ဦး . . . ငါ နင်ပြောတာတွေကို သိပ်တော့မသိဘူး။ ဒါပေမဲ့ ငါသာဆိုရင်တော့ ထိုင်မမျှော်နေတော့ဘူး။ အပိုင်ယူလိုက်တော့မယ်။ ထိုင်မျှော်ပြီး အချိန်ကုန်ခံမယ့်အစား လမင်းကို တူးယူရင်း အချိန်ကုန်ခံလိုက်မယ်ဟာ"

ပိုးအိက ပြောပြီး အားပေးသလို သူမ လက်မောင်းလေးကို ဖျစ်ညစ်လိုက်ပါသည်။

"ငါ့ကို အချိန်ခဏပေးလို့ရမလား . . . ဦး။ ငါ နင်နဲ့စကားပြောချင်လို့"

အသံလာရာသို့ လှည့်ကြည့်လိုက်သော် ချစ်သူပိုင်ဖြစ်နေပါသည်။

"နင့်မှာလည်း ငါ့ကိုပြောချင်တဲ့စကားတွေ ရှိနေမှာပါ"

လှည့်ကြည့်လိုက်သော သူမကို ချစ်သူပိုင်က မျက်နှာတည်နှင့် ပြောလိုက်ပါသည်။ ပိုးအိက သူမနှင့် ချစ်သူပိုင်ကို နားမလည်စွာ ကြည့်နေ၏။

"ရပါတယ်၊ ဒီမှာပဲ ပြောမလား၊ Canteen သွားမလား"

"လူရှင်းတဲ့ ကော်ဖီဆိုင်တစ်ခုကို သွားကြတာပေါ့"

ချစ်သူပိုင်က ခပ်လှမ်းလှမ်းတွင်ရပ်ထားသော ကားကို လှည့်ကြည့်ပြီး လက်ထဲတွင်ပါလာသော ကားသော့ကို သူမအရှေ့တွင် ထောင်ပြလိုက်ပါသည်။ ထို့ကြောင့် သူမ ချစ်သူပိုင်နှင့်အတူ ကော်ဖီဆိုင်သို့သွားရန် ခေါင်းညိတ်လိုက်ရပါတော့သည်။

"ဦး . . . တူးထားနော်။ အပိုင်သိမ်းဖို့"

သူမနှင့်ချစ်သူပိုင် ထွက်လာစဉ် ပိုးအိက သူမကို တရွှတ်ရွှတ်နှင့် လှမ်းခေါ်ကာ ပြောလိုက်သောကြောင့် သူမ ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီဆိုင်လေးအတွင်းတွင် Rock Well ၏ Knife သီချင်းသံက ညိမ့်ညိမ့်လေး ပျံ့လွင့်နေ၏။

"နင် သီချင်းအဓိပ္ပာယ်ကို သိလား . . . ဦး"

စားပွဲထိုးလေး လာချပေးသွားသော ကော်ဖီခွက်ထဲသို့ သကြားထုပ် ဖောက်ထည့်နေရင်း ပိုင်ပိုင်က သူမကို မေးလိုက်ပါသည်။

"နင် ဘာပြောချင်တာလဲ . . . ပိုင်ပိုင်။ ငါ့ကို တည့်တည့်ပြော ပါ"

"မေးကြည့်တာပါ။ သီချင်းအဓိပ္ပာယ်ကို"

သူမ စိတ်မောစွာ သက်ပြင်းချလိုက်မိပါသည်။

"အနူးညံ့ဆုံးဓားနဲ့ ဘဝကို အစိတ်စိတ်အမြွှာမြွှာပိုင်းလိုက်တယ်တဲ့ လေ။ သီချင်းထဲက လူအဖြစ်က သနားစရာနော်"

သွေးအေးအေးနှင့် ကော်ဖီခွက်ကိုမွှေရင်း သူမကို စိုက်ကြည့်ကာ ပိုင်ပိုင် ပြောလိုက်ပြန်သည်။

"ငါ နင့်ကို ဘယ်တုန်းကမှ မခင်ခဲ့ဘူးဦး။ အဲ့ဒါ နင်သိလား"

မကျေနပ်စွာ စိုက်ကြည့်ပြီး တစ်ချက်မဲ့ခနဲ့ပြုံးကာ မေးလိုက်သော ပိုင်ပိုင့်မေးခွန်းကို သူမ ခေါင်းညိတ်ရင်း ပြန်ဖြေလိုက်ပါသည်။

"အေး . . . နင်သိတယ်ဆိုရင် ကောင်းပါတယ်။ အခု နင်သိအောင် တစ်ခုထပ်ပြောလိုက်ဦးမယ်။ ငါနင့်ကို သိပ်မုန်းမိသွားပြီ . . . ဦး"



သူမ မည်သို့မျှ မတုံ့ပြန်သေးဘဲ ပိုင်ပိုင်ကို စောင့်ကြည့်မိနေ၏။

"တကယ်လို့ သီချင်းထဲက လူက ငါဆိုရင်တော့ ငါ့ကိုလှီးနေမှန်း သိသိလျက် ဒီအတိုင်း သီချင်းဆိုပြီး ငြိမ်ခံနေမှာ မဟုတ်ဘူး။ အနည်းဆုံးဖြစ်ဖြစ် သူ့ရင်ထဲက နှလုံးသားကို သူ့ဓားနဲ့ပြန်လှီးထုတ်ပြီး ခွေးကျွေးပစ်လိုက်မှာ"

တိတ်ဆိတ်နေသော သူမကိုကြည့်ရင်း ပိုင်ပိုင် မကျေနပ်စွာပြောပြီး ကော်ဖီခွက်ကို စားပွဲပေါ်သို့ စောင့်ချလိုက်ပါသည်။

"နှစ်သစ်မှာ ငါရှိတာကို သိသိလျက်နဲ့ နင် နှစ်သစ်ကို ချစ်နေတာ ငါ့ကို အားမနာဘူးလား . . . ဦး"

မကျေမနပ်ဖြစ်နေသော စိတ်ကိုထိန်းရင်း သွေးအေးအေးလေသံနှင့် သူမကို ပိုင်ပိုင် မေးလိုက်ပြန်သည်။

"ငါ အမှန်အတိုင်းဖြေရမလား . . . ပိုင်ပိုင်"

"ငါအမှန်အတိုင်းပဲ သိချင်တယ်"

"နှစ်သစ်မှာ နင်ရှိနေမှန်း သိသိလျက်နဲ့ ငါတောင် နှစ်သစ်ကို ချစ် နေနိုင်သေးတာပဲ . . . ပိုင်ပိုင်ရယ်။ နင်လည်း ငါနှစ်သစ်ကို ချစ် နေမှန်းသိသိလျက်နဲ့ နှစ်သစ်ကို အရင်လိုပဲ ဆက်ချစ်နိုင်အောင် ကြိုးစားကြည့်ပါလား"

"ဘာ . . . "

သွေးအေးစွာပြန်ဖြေလိုက်သော သူမအဖြေကြောင့် ချစ်သူပိုင် အလွန် ဒေါသထွက်သွားပါ၏။

"နင် မရှက်ဘူးလား၊ နင်ချစ်နေတဲ့ယောကျ်ားက သူများချစ်သူလေ။ သူများဆိုတာထက် နင့်သူငယ်ချင်း ချစ်သူလေ"

"နင်ပြောတဲ့ ငါ့သူငယ်ချင်းက ငါ့ကို ဘယ်တုန်းကမှမခင်ခဲ့တဲ့ လူ တစ်ယောက်လေ။ နောက်ပြီး အခုလေးတင် ငါ့ကိုမုန်းတယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့လူ"

"နင် ငါ့ကို အနိုင်လိုချင်တာ သက်သက်နဲ့ ငါ လျှစ်လျူရှုလိုက်တဲ့ ခဏလေးအတွင်းမှာ နှစ်သစ်အနားကို ချဉ်းကပ်လိုက်တယ်ပေါ့။ ဟုတ်လား . . . ဦး"

မဲ့ပြုံးပြုံးရင်း မေးလိုက်သော ပိုင်ပိုင့်ကို စိုက်ကြည့်ရင်း သူမ ခေါင်းခါလိုက်ပါသည်။

"ငါ ဘယ်သူ့ကိုမှ မချဉ်းကပ်ဘူး . . . ပိုင်ပိုင်။ အထူးသဖြင့် နှစ်သစ်ကို လုံးဝ မချဉ်းကပ်ခဲ့ဘူး"

"ဒါဆို သူက ဘယ်လိုလုပ် နင့်အနားကို ရောက်သွားခဲ့တာလဲ။ အော် . . . . ငါသိပြီ။ နင်က သစ်ရဲ့ လက်တစ်ကမ်းအကွာမှာ အမြဲတမ်း Standby ရှိနေပေးတာပေါ့ ဟုတ်လား"

"နင့်စကားတွေက ငါ့သိက္ခာကို ထိခိုက်နေပြီဆိုတာ သတိထားမိရဲ့ လား . . . ပိုင်ပိုင်"

"ဒါဆို နင့်အနားမှာ သစ်ကို လက်ခံထားတဲ့အချိန် အခု နင်ပြောတဲ့ သိက္ခာဆိုတဲ့အရာက ဘယ်နားရောက်နေလဲ . . . ဦး"

ချစ်သူပိုင် မိန်းကလေးချင်းဆိုသည့် ဝေါဟာရကို မေ့လျော့နေပြီဖြစ်သည်။ သူမ သက်ပြင်းမောချလိုက်မိပါသည်။

"ငါ တစ်ခါဖူးမှ နှစ်သစ်အနားကို မချဉ်းကပ်ခဲ့ဖူးဘူး ပိုင်ပိုင်"

"ဒါပေမဲ့ နင့်အချစ်တွေကို နှစ်သစ်မြင်အောင် ပြလိုက်တယ်မို့လား"

"အဲ့ဒါ တိုက်ဆိုင်မှုတစ်ခုပါ"

"သွားသေစမ်းပါ . . . ဦးရာ။ နင်ရော နင့်တိုက်ဆိုင်မှုဆိုတာကြီးပါ သွားသေလိုက်စမ်းပါ"

ချစ်သူပိုင် ဟန်ဆောင်မပြုံးနိုင်တော့ပဲ သူမကို မကျေမနပ်စွာ အံကြိတ်လျက် ပြောလိုက်ပါသည်။



"ဒါပေမဲ့ နင် သေသွားတဲ့အထိ မှတ်ထားဖို့က ငါ ဘယ်တော့မှ နှစ်သစ်ကို လက်လွှတ်မှာ မဟုတ်ဘူးဆိုတာပဲ။ ငါ ဘယ်တော့မှ နှစ်သစ်ကို လက်မလွှတ်ဘူး။ တကယ်လို့ ငါ နှစ်သစ်ကို တကယ် မချစ်ဘူးဆိုရင်တောင်မှ နင့်အနားကို ဘယ်တော့မှ သွားခွင့်ပေးလိုက်ဘူး"

စူးရှစွာပြောလိုက်သော ချစ်သူပိုင့်စကားက သူမရင်ထဲကို အက်ဆစ်နှင့် လောင်းလိုက်သည့်ပမာ။ အသည်းများ တဆတ်ဆတ်ခါသွားရ၏။ တစ်ပြိုင်နက် သူမ မျက်ဝန်းဆီသို့ မျက်ရည်များ ဝေ့ခနဲ ခုန်တက်လာပါသည်။ သို့သော် သူမ အားတင်းလိုက်ရပါ၏။

"အဲ့ဒါ နင်နဲ့ နှစ်သစ် အပိုင်းလေ။ ငါ့အပိုင်းမှမဟုတ်တာ"

"ဒါဆို နင့်အပိုင်းက . . ."

"ငါ့အပိုင်းက ငါမက်မောနေတဲ့ လက်ဖဝါးတစ်ဖက် ငါ့လက်ထဲကို ထာဝရရောက်လာရေးကို မျှော်လင့်နေဖို့ပဲ"

"ဒါဆိုရင်တော့ နင် တစ်သက်လုံး သေသည့်တိုင်မျှော်နေလဲ အဲ့ဒီ လက်ဖဝါးက နင့်လက်တစ်ကမ်းအကွာမှာပဲ တန့်နေလိမ့်မယ်။ စိတ်မကောင်းပါဘူး . . . ဦး"

"နင်ကသာ ငါ့အတွက် စိတ်မကောင်းပါဘူးလို့ ပြောနေတာပါ။ ငါကတော့ ငါ့အတွက် စိတ်မကောင်းဖြစ်ရမှန်းတောင် မသိဘူး"

သူမ သွေးအေးအေးနှင့်ပြောလိုက်စဉ် ပါးပြင်သို့ မျက်ရည်ပူတစ်ကြောင်း စီးကျလာပါသည်။

"နင် သေလုမြောပါးဖြစ်နေရင်တောင် ငါ နှစ်သစ်ကို အပိုင်ရအောင် ယူမှာ"

"ယူပါ။ နင့်ဘက်မှာ အခွင့်ရေးတွေ အပြည့်ရှိနေတာပဲ"

သူမ မျက်ရည်များကို မုန်းတီးစွာဖြင့် သုတ်လိုက်မိပါတော့သည်။

"နင့်ဖက်မှာလည်း ဒီနေဖို့ အခွင့်အရေးတစ်ခုတော့ ရှိနေပါတယ် ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"တစ်သက်လုံး ငိုနေရလည်း ငါက နှစ်သစ်ကို ဆက်ချစ်နေမှာ။ ဒါပေမဲ့ နင့်လို ငါ့ကို အနိုင်ယူချင်ရုံသက်သက်နဲ့ နှစ်သစ်ကို အပိုင်သိမ်းမိမှာတော့ မဟုတ်ဘူး။ တကယ်လို့ ငါနဲ့နှစ်သစ် ပေါင်းဖက်ရပါစေဦး။ အဲ့ဒါ ငါ နှစ်သစ်ကို ချစ်တာသက်သက်နဲ့ပဲ ပေါင်းဖက်မှာ။ ဘယ်သူ့ပယောဂမှ မပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ နှစ်သစ်နဲ့ ပေါင်းဖက်တဲ့အိပ်မက် မက်မိရင်တောင် အဲ့ဒါ နင် အရမ်းကံကောင်းနေလို့ပဲ"

"နင်လည်း ကံဆိုးစွာ မှတ်ထားရမှာတစ်ခုက နှစ်သစ်ဆိုတဲ့ယောကျ်ားက သမီးဦးသိပ်ချစ်နေတဲ့ ယောကျ်ားတစ်ယောက်ဆိုတာပါပဲ။ အဲ့ဒါ နင် ဘယ်တော့မှမမေ့ပါနဲ့"

သူမ စကားဆုံးတော့ ချစ်သူပိုင် မကျေနပ်စွာ အံကြိတ်လိုက်ပါသည်။

"တကယ်လို့ နင် အခုလို ငါ့ကိုဒုက္ခပေးမယ်မှန်း ငယ်ငယ်ကတည်းကသိရင် နှစ်သစ်ကို နင်နဲ့ ခင်ခွင့်မပေးခဲ့ဘူး။ ငါလည်း နင့်ကို ခေါ်ခဲ့မှာမဟုတ်ဘူး"

"ငါလည်း နင့်ကိုလာခေါ်တယ်ဆိုတာ အစိကက နှစ်သစ်နဲ့ စကားပြောချင်လို့"

နှစ်ယောက်သား ခံစားချက်များကို ပိုင်နိုင်စွာ ဖွင့်ချလိုက်ပြီးသည့်တခဏ ငြိမ်သက်သွားရပါသည်။

"တကယ်ကော့ နင်က အရှုံးသမားပဲ . . . ဦး"

"သေချာပါတယ်။ ငါက အရှုံးသမားစစ်စစ်တစ်ယောက်ပါ။ ဒါပေမဲ့ အခုနင်က အဲဒီအရှုံးသမားဆီမှာ ရှုံးသွားမှာကို သိပ်ကြောက်နေတဲ့ လူတစ်ယောက်အဖြစ်နဲ့ တူနေပြီ။ အရှုံးသမားဆီမှာတော့ အရှုံးမခံလိုက်ပါနဲ့ . . . ပိုင်ပိုင်။ နင် အနိုင်ရအောင်ယူလိုက်ပါ"

"စိတ်ချ . . . ဦး။ ငါ နှစ်သစ်ကို ငါ့အနားက မထွက်သွားအောင်နည်းမျိုးစုံသုံးပြီး ထိန်းချုပ်ထားမှာ "



"နင်သိထားဖို့က ငါ့ဆီ နှစ်သစ် ဘယ်ချိန်လာလာ၊ ငါကလည်း ပြိုင်ဆိုင်မှုမပါတဲ့ အချစ်စစ်တွေနဲ့ ကြိုဆိုလျက်ပါပဲ"

သူမစကားဆုံးတော့ ချစ်သူပိုင် မကျေနပ်စွာတောက်ခတ်လိုက်သောကြောင့် ဆိုင်ထဲရှိ တခြားဝိုင်းမှလူများ သူမတို့ကို ဝိုင်းကြည့်လိုက်ကြပါ၏။

"နင် သိပ်စိတ်ပျက်ဖို့ကောင်းတယ် . . . ဦး"

"နင်ကလည်း ပျော်စရာမကောင်းပါဘူး . . . ပိုင်ပိုင်။ ကဲ . . . ငါ့ကို ခွင့်ပြုပါဦး"

သူမ ဆတ်ဆတ်လေးပြောကာ စားပွဲဝိုင်းမှ ထထွက်ခဲ့လိုက်ပါတော့သည်။ တကယ်တော့ သူမ ချစ်သူပိုင်ကို အနိုင်ယူချင်သည့်စိတ်နှင့် ခွန်းတုံ့ပြန်ခဲ့ခြင်းမဟုတ်။ သူမသိက္ခာကို ထိန်းသည့်အနေနှင့် ခွန်းတုံ့ပြန်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် သူမ တစ်ထိုင်တည်း ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချမှတ်မိပါသည်။ ထိုဆုံးဖြတ်ချက်တော့ သူမ၏ တာဝန်အတိုင်း နှစ်သစ်ကို မျှော်လင့်စောင့်စားနေရန်သာဖြစ်သည်။ နှစ်သစ်ပြောခဲ့သလို ရှေ့ဆက်တိုးဖို့ သူမ ကြိုးစားတော့မည်မဟုတ်။

ရှေ့ဆက်တိုးဖို့ နှစ်သစ်သာ အင်အားအပြည့်နှင့် ကြိုးစားပါစေတော့။ တကယ်လို့ ထိုသို့ကြိုးစားပြီး နှစ်သစ် သူမနားသို့ရောက်လာလျှင် သူမ အဆင်သင့် စောင့်ကြိုနေမိမည်ဖြစ်သည်။ သို့သော် နှစ်သစ်တွင် နိုင်လုံသောခံစားချက်များ ကိန်းအောင်နေမှသာ ထိုသို့ကြိုးစားဖို့အတွက် အင်အားရှိမည်ပင်။ တကယ်လို့ နှစ်သစ်တွင် နိုင်လုံသောခံစားချက်မရှိဘဲ ရှေ့ဆက်မတိုးခဲ့လျှင်လည်း သူမအဖို့ ဆက်ကာ မျှော်လင့်စောင့်စားနေဖို့သာ တတ်နိုင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

နေ့ရက်များက တဖြည်းဖြည်း ခြောက်ကပ်လို့လာပါတော့သည်။

အရင်တုန်းကလို မိုးစက်များကိုလည်း သူမ ထိုင်ကြည့်မနေဖြစ်တော့ပါ။ နှင်းမှုန်များကိုလည်း မတမ်းတဖြစ်တော့။ ထို့ပြင် နေသာသည့်နေ့တွင်လည်း ရာသီဥတုကိုခံစားပြီး အတွေးနယ်ချဲ့မနေတော့။ အချိန်တိုင်းလိုလို ငေးငိုင်နေချင်သော်လည်း မိခင်ကိုအားနာပြီး သူမကိုယ်သူမ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေမိခဲ့ပါတော့သည်။

"ဦး . . . "

ပန်းပင်ရေလောင်းနေရင်း တံခါးဖွင့်သံကြားလိုက်ကတည်း သူမ လောင်းလက်စရေပိုက်ကို မြေပြင်သို့ချလိုက်ပြီး အိမ်ထဲသို့ဝင်ရန်ပြင်လိုက်သော် သူမကို နှစ်သစ်လှမ်းခေါ်လိုက်ပါသည်။

"ဦး . . . ခဏနေပါဦး"

"ငါမအားဘူး . . . နှစ်သစ်"

"ခဏလေးပါ။ နင် ပန်းပင်ရေလောင်းရင်း စကားပြောမယ်လေ"

"ငါ ပန်းပင်ရေလောင်းပြီးသွားပြီ"

"ဒါဆို ခဏအချိန်ပေးပါ"

"ငါ နင်နဲ့ စကားမပြောချင်ဘူး"

"ဒါဆို ငါပြောမယ်။ နင် နားထောင်ပေး"



အိမ်ထဲသို့ဝင်ရန် တာဆူနေသည့် သူမကို အရှေ့မှပိတ်ရပ်ရင်း နှစ်သစ် ဖွတ်တရွတ်ပြောလိုက်ပါသည်။ သူမ နှစ်သစ်ကို မျက်နှာလွှဲရင်း သက်ပြင်းချလိုက်မိပါသည်။ သို့သော် သူမခြေလှမ်းများကတော့ ရပ်တန့်သွားပြီဖြစ်သည်။

"ငါ ပိုင်ပိုင့်ကို ပွင့်ပွင့်လင်းလင်းပြောလိုက်တော့မယ် . . . ဦး"

"အဲဒါ နင့်အပိုင်းလေ . . . နှစ်သစ်။ ဘာဖြစ်လို့ ငါ့ကို လာတိုင်ပင်နေတာလဲ?"

"ငါက နင့်အနားကို ပြေးလာခဲ့မယ့်လူတစ်ယောက် ဖြစ်နေလို့ပေါ့"

"နင့်တိုင်ပင်မှုက ငါ့ကို သစ္စာမဲ့တဲ့လူတစ်ယောက်ဖြစ်အောင် တွန်းပို့နေတယ်လို့ နင် မတွေးမိဘူးလား?"

သူမမေးခွန်းကြောင့် နှစ်သစ် ကြောင်အမ်းသွားရပါတော့သည်။

"နင် ဘာပြောလိုက်တယ်"

"ဟုတ်တယ်လေ။ နင် အခု ထားခဲ့ပြီး ထွက်ပြေးဖို့ ကြိုးစားနေတဲ့လူက ချစ်သူပိုင်။ ချစ်သူပိုင်က ငါ့သူငယ်ချင်း။ တကယ်လို့ နင့်ကို ခေါ်ချင် တဲ့စိတ်တစ်ခုတည်းနဲ့ နင်ပြောသလို တိုင်ပင်ပြီး ကြိုးစားမယ်ဆိုရင် ငါက သူငယ်ချင်းအပေါ် သစ္စာဖောက်တဲ့လူနဲ့တူမနေဘူးလား နှစ်သစ်"

သူမစကားကြောင့် နှစ်သစ် ငေးငိုင်သွားရပါ၏။

"တကယ်လို့ ဒါက တိုက်ပွဲဆိုရင် အဲ့ဒီတိုက်ပွဲကို နင်တစ်ယောက်တည်းပဲ တိုက်ရမှာပါ နှစ်သစ်ရယ်"

"ဒါဆို နင်ကရော"

"ငါက တိုက်ပွဲမှာ အောင်ပွဲခံလာတဲ့ နင့်ကို ဂုဏ်ပြုပန်းစည်းနဲ့ စောင့်ကြိုနေမယ့်လူလေ။ တကယ်လို့ နင်တိုက်ပွဲကို အသက်မသွင်းဘူးဆိုလည်း ငါက စောင့်နေမှာပါပဲ"

နှစ်သစ်ရင်မောစွာ သက်ပြင်းချလိုက်ပါ၏။ သူမလည်း ဆိုရှာသာ ပြောနိုင်ပါ၏။ သူမ လုံးလုံးလျားလျား သစ္စာမဲ့သည့် လူတစ်ယောက်တော့



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ချင်ပါ။ ထို့အပြင် သူမက မြန်မာမိန်းကလေးတစ်ယောက်ဖြစ်နေသည်ကိုလည်း သတိထားရဦးမည် မဟုတ်ပါလား။

"ငါ နင့်အနားကို ရောက်အောင်လာခဲ့မှာ သေချာတယ် ဦး။ ငါ့အနားမှာ နင်ရှိရှိ၊ မရှိရှိပေါ့"

နှစ်သစ်ပြတ်သားစွာပြောပြီး သူမကို ကျောခိုင်းထွက်ခွာသွားပါတော့သည်။

နှစ်သစ်ကျောပြင်ကိုကြည့်ပြီး သူမ သက်ပြင်းမောတစ်ခုချလိုက်ရပါတော့သည်။



ပန်းခြံအတွင်းကားရပ်ကာ ချစ်သူပိုင် ကားပေါ်မှ ဆင်းသွားပြီဖြစ်သော်လည်း သူ ကားပေါ်တွင် ဆက်ကာထိုင်နေမိတုန်းပင်ဖြစ်ပါသည်။

"ဆင်းခဲ့လေ . . . သစ်။ ငါ နင့်ကို ကိုက်မစားပါဘူး"

ရွဲ့သလိုလိုပြောလိုက်သော ပိုင်ပိုင့်စကားကြောင့် သူကားပေါ်မှ ဆင်းခဲ့လိုက်ပါတော့သည်။

"ငါ နင်နဲ့ကိစ္စကို မေမေ့ကို ဖွင့်ပြောလိုက်ပြီ။ ငါတို့ကို မကြာခင် စေ့စပ်ပေးအောင်ပါ ငါပြောလိုက်ပြီ . . . သစ်"

ကားခေါင်းကို မှီရင်းရပ်ကာ ကန်ရေပြင်ကို ငေးကြည့်နေရင်း ပိုင်ပိုင် ပြောလိုက်ပါသည်။

"ငါတို့ကိစ္စကို ပြန်ပြီး သုံးသပ်သင့်တယ်လို့ မထင်ဘူးလား . . . ပိုင်ပိုင်"

ကန်ရေပြင်ကို ငေးကြည့်နေသည့် ပိုင်ပိုင့်ကို သူစိုက်ကြည့်ရင်း မေးလိုက်သော ချစ်သူပိုင် ခေါင်းခါလိုက်သည်။

"မထင်ဘူး . . . နှစ်သစ်။ ငါတို့က ချစ်သူတွေပဲ။ ချစ်သူတွေရဲ့ ပန်းတိုင်က တစ်နေ့ ပေါင်းဖက်ဖို့ပဲလေ။ ဒီတော့ ငါလည်း နင်နဲ့ စေ့စပ်ဖို့ ကိစ္စကိုလုပ်တာ ပြန်သုံးသပ်သင့်တယ်လို့ မထင်ဘူး"

သူမစကားကြောင့် သူ စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်မိပါသည်။

ဒီအတိုင်း နေနေလို့ကတော့ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားတော့မယ့် အမှန်တရားတစ်ခုကို သူ အသက်ပြန်သွင်းရန် ပိုင်ပိုင့်အား နာနာနှင့်ပင် ဆုံးဖြတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့အတွက်ကတော့ ပြန်သုံးသပ်သင့်တယ်လို့ ထင်တယ် ပိုင်ပိုင်"

မျက်နှာတည်နှင့်ပြောလိုက်သော သူ့စကားကြောင့် ပိုင်ပိုင်အနည်းငယ် မျက်နှာပျက်ယွင်းသွားပါသည်။

"ငါ အဲ့ဒါတွေ မပြောချင်တော့ဘူး . . . သစ်"

"ဒါပေမဲ့ ငါပြောချင်တယ်"

"ငါ့ကို အားမနာဘူးလား"

"နင့်ကိုအားနာပြီး ဒီအတိုင်းငြိမ်နေမယ်ဆိုရင် ငါ့အသည်း တဆတ်ဆတ်ခါ နာကျင်နေရမှာလေ"

သူ့စကားကြောင့် ချစ်သူပိုင် စိတ်မောစွာ သက်ပြင်းချလိုက်ပါတော့သည်။

"အဲနေ့က စကားတွေကို ငါမေ့ထားလိုက်မိပြီ . . . သစ်။ နင် အစပြန်မဖော်ပါနဲ့"

"ဒါဆို ငါက ဘာကြီးလဲ . . . ပိုင်ပိုင်။ နင် အစပြန်မဖော်ခိုင်းတိုင်း ငါက ဒီအတိုင်း နှုတ်ပိတ်နေရမှာလား"

"ဒါဆို နင်ဘာလို့ အခုမှ အစဖော်ချင်ရတာလဲ။ ဘာလို့ အရင်ကတည်းက အစမဖော်ခဲ့တာလဲ . . . သစ်"

"အဲတုန်းက ဦးရင်ထဲမှာ ကိုသူပိုင်တစ်ယောက်တည်းပဲ ရှိနေတယ်လို့ ငါတွေးခဲ့မိလို့လေ။ အခု ဦးရင်ထဲမှာ ငါရှိနေမှန်း သိခဲ့လိုက်ရပြီ . . . ပိုင်ပိုင်။ ငါဒီအတိုင်း နှုတ်ဆိတ်ပြီး မနေနိုင်တော့ဘူး။ နောက်ပြီး ဦးက ငါ့ကို အမြဲမျှော်လင့်နေတဲ့အကြောင်းကိုပါ ငါသိခဲ့ပြီးသွားပြီ"

တောင်းဆိုသလိုပြောရင်း ရင်အစုန်လှုပ်ခတ်ကာ ခံစားချက် နက်နက်များကြောင့် သူ့ပါးပြင်သို့ မျက်ရည်ပူများ စီးကျလာရပါတော့သည်။

"နင်သိလား ဦးရဲ့ခံစားချက်ကို သိပြီးတဲ့နောက်ပိုင်း ငါ ညတိုင်းလိုလို နောင်တတွေရပြီး ငိုနေရတယ်ဆိုတာ"

"နင်ဘယ်လောက်ပဲ ငိုငိုပါ။ ဦးရဲ့ရင်ထဲမှာ နင်က ရှိရုံပဲရှိတာပါ။ ဦး တကယ်ချစ်တာက ငါ့ကိုကို ကို"



"ဒါဆို သူဘာလို့ ငါ့ကို စောင့်မျှော်နေတော့မှာလဲ"

"သူ့မှာ သူတောင်နားမလည်တဲ့ ခံစားချက်တွေ ရှိနေလို့ဖြစ်မှာပေါ့"

လေဆိပ်သို့ လိုက်ပို့တုန်းက သုံးယောက်အတူ ရပ်နေရက်သားနဲ့ ဦးကို ကိုသူပိုင် တကူးတကန့်ခေါ်ကာ တီးတိုးပြောရင်း ဦးရဲ့ပါးပြင်လေးကို ယုယစွာ ကိုင်နေသည့်မြင်ကွင်းက သူ့မျက်ဝန်းတွင် အရိပ်လို ပြန်ပေါ်လာသောကြောင့် သူ ထိတ်လန့်စွာ မျက်လုံးများကို မှိတ်ပစ်လိုက်ရပါ၏။

"ဦးရဲ့အချစ်ဦးက ကိုသူပိုင်ပါ . . . သစ်ရယ်။ နင်ဘာတွေ အတွေးခေါင်နေတာလဲ"

"ဒါပေမဲ့ ဦးရင်ထဲမှာ ငါ နေရာသေးသေးလေးပဲ ရပါစေ၊ ငါ ဦးအနားမှာ နေခွင့်ရနေတာကိုပဲ ကျေးဇူးတင်တယ်။ နောက်ဆုံးပဲ ဦး ကိုသူပိုင့်တစ်ယောက်တည်းကိုပဲ ချစ်နေပါစေဦး။ ငါ့ကို သူ့အနားမှာ နေရာပေးတဲ့အတွက် ဦးကို ငါအရမ်းကျေးဇူးတင်နေမိတာ"

ချစ်သူပိုင် စိတ်ပျက်စွာ မျက်မှောင်ကုတ်ချလိုက်ပါတော့သည်။

"ဘာပဲဖြစ်ဖြစ်လေ ငါက အခုချိန်မှာ နင့်ချစ်သူပဲ"

"ငါတို့ ချစ်သူဖြစ်ခဲ့တဲ့နေ့တုန်းက စကားတွေ နင် မှတ်မိမှာပါ . . ပိုင်ပိုင်။ တကယ်လို့ ငါ့အချစ်တွေကို တစ်နေ့ ဦးနားလည်ပြီး ငါ့နားကို ဦးပြန်လာခဲ့မယ်ဆိုရင် နင်က ငါနဲ့ လမ်းခွဲပေးပါမယ်ဆိုတဲ့ စကားလေ။ နင် မှတ်မိသေးရဲ့လား"

"ငါ မှတ်မိတယ်။ ဒါပေမဲ့ အဲ့လိုလမ်းခွဲပေးဖို့က ပြောသလောက် မလွယ်ဘူး . . . နှစ်သစ်"

"မလွယ်မှန်းသိရဲ့သားနဲ့ နင်ဘာလို့ အစပြုခဲ့တာပဲ . . . ပိုင်ပိုင်"

သူ စိတ်ကျဉ်းကျပ်စွာ မေးလိုက်စဉ် ချစ်သူပိုင် အကြည့်လွှဲကာ ကန်ရေပြင်ကို ငေးကြည့်လိုက်ပြီး သက်ပြင်းမောတစ်ခု ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ နင့်ကို ရအောင်ယူမယ် . . . သစ်။ အဲ့ဒါ ငါ့ဆုံးဖြတ်ချက်ပဲ"

ကန့်ရှေပြင်ကို အတန်ငယ်ငေးကြည့်နေပြီးမှ သွေးအေးအေးနှင့် ပြောလိုက်သော ချစ်သူပိုင့်စကားကြောင့် သူ့ရင်တွေ မွန်းကျပ်သွား၏။

"ငါကတော့ ဦးအနားကိုပဲ ပြန်သွားမှာ သေချာတယ်။ ဒါပေမဲ့ ဦး လက်ခံနိုင်အောင် ဦး သိက္ခာကိုငဲ့ပြီး ငါ့ကို လွတ်လပ်စွာ သွားခွင့်ပြုလိုက်ပါ . . . ပိုင်ပိုင်ရယ်"

"နင် ဦးအနားကို ပြန်သွားလည်း နင်က ဦးရဲ့ အချစ်တွေအကုန်လုံးကို တစ်ယောက်တည်း ရနိုင်တဲ့လူမှမဟုတ်တာ . . . သစ်ရာ"

"သွားစမ်းပါ . . . ပိုင်ပိုင်၊ သွားစမ်းပါ။ ငါ ပြောပြီးပြီလေ။ ငါ့ကို ချစ်ချင်ချစ်၊ မချစ်ချင်နေ။ ငါ ဦးအနားမှာပဲ နေချင်တယ် . . . ပိုင်ပိုင်။ ငါပြောတာ ရှင်းရှင်းလေးပါ။ နင်လည်း နားလည်နိုင်ပါတယ်"

နှစ်သစ် စိတ်ပျက်ပြီး မာမာထန်ထန်ပြောလိုက်သောအခါ ချစ်သူပိုင့်မျက်နှာက သိသာစွာ ညှိုးငယ်သွားပါသည်။ နှစ်သစ်လည်း သူငယ်ချင်းသံယောဇဉ် ရှိနေသေးတာကြောင့် ဒေါသဖြင့်ပြောလိုက်မိသည့်စကားအတွက် ချစ်သူပိုင်ကို အားနာသွားမိပါသည်။

"ငါ တောင်းပန်ပါတယ်။ ငါတို့ ကတိတွေရှိထားတဲ့အတိုင်း လုပ်ကြတာပေါ့ . . . ပိုင်ပိုင်ရယ်။ နောက်ပြီး နင် ဘာပဲလုပ်လုပ် သေသေချာချာဆုံးဖြတ်ပြီးမှ လုပ်ပါဟာ။ နောက်ပြီး ငါတို့ပြဿနာထဲမှာ မိဘတွေကို မပါစေချင်ဘူး"

နောက်ဆုံးတော့ တောင်းဆိုသလိုပြောပြီး ချစ်သူပိုင်ကိုရော ချစ်သူပိုင့်ကားလေးကိုပါ သူ ကျောခိုင်းထွက်ခဲ့လိုက်ပါတော့သည်။

ထိုစဉ် သူ့ရင်ထဲတွင် ဆယ်တန်းအောင်စာရင်းထွက်သည့်နေ့က အဖြစ်ပျက်လေးအတွက် သူ အတော်ပင် နောင်တရနေမိပြီဖြစ်ပါသည်။



ဆယ်တန်း အောင်စာရင်းထွက်သည်နှင့် ချစ်သူပိုင်နှင့် သမီးဦးအတွက် သူ မနက်စောစောအိပ်ရာထပြီး တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ကာ အောင်စာရင်းကြည့်ရန် အိမ်မှ ထွက်ခဲ့လိုက်ပါသည်။ ထိုနေ့က အောင်စာရင်းကြည့်ရသည့်အတွက် သူ သိပ်စိတ်မလှုပ်ရှားခဲ့ပါ။

သူမတို့နှစ်ယောက်လုံး အောင်မယ်ဆိုတာ သူ ကောင်းစွာသိနေပါသည်။

သို့သော် သူ့တွင် စိတ်လှုပ်ရှားစရာ၊ ရင်ခုန်စရာ ကိစ္စတစ်ခုက ရှိနေ၏။ ထိုကိစ္စက သူသည် သမီးဦးကို ချစ်ခွင့်ပန်ဖို့ကိစ္စပင် ဖြစ်ပါသည်။

အောင်စာရင်းက သူတွက်ထားသည့်အတိုင်း နှစ်ယောက်လုံးအောင်ပါ၏။ သမီးဦးက ဂုဏ်ထူး (၂)ဘာသာပဲပါသော်လည်း ချစ်သူပိုင်ကတော့ ဂုဏ်ထူး (၅)ဘာသာပါ၏။

သူ အောင်စာရင်းကြည့်ပြီး ပျော်ရွှင်စွာ အိမ်ပြန်လာစဉ် အိမ်အပြန်လမ်းတွင် ချစ်သူပိုင်နှင့် မထင်မှတ်စွာ ဆုံတွေ့လိုက်မိပါသည်။

"သစ် . . . နင် ငါ့အတွက် အောင်စာရင်း လာကြည့်ပေးတာပေါ့။ ဟုတ်လား"

"အေး . . . နင့်အတွက်ရော၊ ဦးအတွက်ပါ လာကြည့်တာပေါ့"

"ငါ အောင်လား"



www.burmeseclassic.com

www.burmeseclassic.com

"အောင်တယ်၊ 5-D ပါတယ်"

ချစ်သူပိုင် ကျေနပ်စွာ ပြုံးရယ်လိုက်ပါသည်။

"နောက်ပြီး ဦးလည်း အောင်တယ်။ ဦးကတော့ 2-D ပဲပါတယ်"

"ဦးက ကျောင်းစာမှ စိတ်မဝင်စားဘဲ . . . သစ်ရယ်"

"ဦးက ကျောင်းစာစိတ်ဝင်စားပါတယ် . . . ပိုင်ပိုင်ရယ်။ ဒါပေမဲ့ သူက ရှုံးတယ်လေ"

"စာကျက်အားနည်းတယ်ဆိုတာတော့ နင် လက်ခံရမယ်"

"စာကျက်အားနည်းပေမဲ့ သူက ဉာဏ်တော့ကောင်းတယ်"

သမီးဦးဘက်က တစ်ခွန်းမခံ ပြန်ပြောပေးနေသော နှစ်သစ်ကို ချစ်သူပိုင် အံ့သြကြီးစွာ ကြည့်လိုက်မိပါသည်။

"ငါ အခုပြောနေတာ ဦးကိုနော် . . . သစ်။ နင့်ကိုမဟုတ်ဘူး"

"အေးလေ . . . ငါသိပါတယ်"

"ဒါဆို ဘာဖြစ်လို့ နင်က ဦးဘက်က အဲ့လောက်ကြီး ရှေ့နေလိုက်ပေးနေတာလဲ"

"ရှေ့နေလိုက်တယ်ဆိုတာထက် အမှန်အတိုင်းပြောပေးတာပါ . . ပိုင်ပိုင်ရယ်"

ထိုခဏလေးအတွင်း နှစ်သစ်မျက်ဝန်းတွင် ပြေးလွှားနေသော ရှက်စိတ်များကို ချစ်သူပိုင် ကောင်းစွာ ဖတ်လိုက်နိုင်ပါသည်။

နှစ်သစ်က သမီးဦးဘက်က ကာပြောနေကြောင်း ချစ်သူပိုင်သိသွားရသည့်အတွက် လူတို့ထုံးစံအတိုင်း ရင်ခုန်တာကို လူမိသည့်အတွက် ရှက်နေသည့် အရိပ်အယောင်များ။

"သစ် . . . နင် တစ်ခုခုဖြစ်နေပြီလား"

ရိပ်မိစွာ နှစ်သစ်မျက်ဝန်းများကို စေ့စေ့ကြည့်ရင်း မေးလိုက်သော ချစ်သူပိုင့်မေးခွန်းကို သူပြန်မဖြေဘဲ မျက်လွှာချလိုက်မိပါ၏။

ဟင့်အင်း . . . မဖြစ်သင့်ပါ။ နှစ်သစ်က သူမ၏ သူငယ်ချင်းအရင်းကြီး။ သူငယ်ချင်းအရင်းကြီးက တခြားလူတစ်ယောက်ကို ချစ်မိ



နေသည်က မဖြစ်နိုင်။ မဖြစ်သင့်၊ သူမ ထိုအဖြစ်အပျက်ကို လက်လွှ မရှုနိုင်။ ထို့အပြင် နှစ်သစ်ကို သမီးဦး မည်မျှ အလေးအနက်ထားကြောင်း မည်မျှ မျှော်လင့်နေကြောင်း ချစ်သူပိုင် ကောင်းစွာသိနေသည်ပဲ။ အကယ်၍ နှစ်သစ်သာလျှင် သမီးဦးကို ချစ်ပါတယ်ဟူသော စကားဖွင့်ပြောလိုက်လျှင် သမီးဦး ဘယ်လိုပြန်ပြီး တုံ့ပြန်မည်နည်း။ ရှင်းရှင်းလေးပါ။ သမီးဦးက ခေါင်းညိတ်လိုက်မည်ပေါ့။

ဒါဆို သမီးဦးနဲ့ နှစ်သစ်တို့ ရည်းစားတွေ ဖြစ်သွားကြမည်ပေါ့။ သူမ အိမ်ပြောင်းပြီး တစ်ယောက်တည်း အထီးကျန်နေသည့်အချိန်တွင် နှစ်သစ်နှင့် သမီးဦးတို့က နွေးထွေးစွာ ပျော်ရွှင်နေကြမည်ပေါ့။ မဖြစ်စေချင်ပါ။ ထိုသို့ လုံးဝ မဖြစ်စေချင်ပါ။

"သစ် . . . နင် သိပြီးပြီလား"

တွေးရင်းနှင့် မျက်နှာတွင် ဟန်ဆောင်ပြုံးတစ်ခု ပန်ဆင်ရင်း နှစ်သစ်ကို ချစ်သူပိုင် မေးလိုက်ပါသည်။

"ဘာကိုသိပြီး ရမှာလဲ"

"ဦးရဲ့အတွေးမှာ ကျောင်းစာအပြင် နောက်တစ်ခုရှိနေတော့ သူက ရှုံးမှာပေါ့။ စာထဲစိတ်ဝင်စားမှုနည်းနေတော့ ဖြေတဲ့အဖြေတွေက နည်းနည်းတော့ လွဲမှားနေမှာပေါ့"

အပြုံးလေးနှင့်ပြောလိုက်သော ချစ်သူပိုင့်စကားက နှစ်သစ်ကို ရင်ထိတ်သွားစေပါ၏။

"သူ့အတွေးတွေထဲမှာ ဘယ်သူရှိလို့လဲ . . . ပိုင်ပိုင်"

"ကိုသူပိုင် ရှိနေလို့လေ။ နောက်ဆို ငါနဲ့ ဦးက ယောင်းမတွေ တော်ရတော့မှာ"

လွယ်လွယ်လေးပြောလိုက်သော ချစ်သူပိုင့်စကားများကြောင့် သူ့နှလုံးသားများ လှုပ်ခတ်ကုန်ရပါ၏။

"နင် . . . နင် ဘာပြောလိုက်တယ် ပိုင်ပိုင်"



www.burmeseclassic.com

www.burmeseclassic.com

"နှင် ကြားပါတယ် . . . သစ်ရယ်။ ဘာလို့ နောက်တစ်ခါ ထပ်ကြားချင်နေရတာလဲ"

"ငါမယုံနိုင်ဘူး . . . ပိုင်ပိုင်"

တဆတ်ဆတ်ခုန်လာသည့် ရင်ခုန်သံများက သူ့မျက်ဝန်းထဲသို့ မျက်ရည်ပူများကို တွန်းပို့ပေးလိုက်ပါသည်။

"နှင်က မျက်ရည်ဝဲ့အောင် ခံစားနေရတော့ အမှန်တိုင်းပြောဖို့ ငါ တွန့်ဆုတ်နေမိပြီ . . . သစ်"

"ပြောပါ . . . ပိုင်ပိုင်။ ဘာတွေလဲ ဘယ်တုန်းက ကိုသူပိုင်နဲ့ဦး"

သူ့စကားများ ရှေ့မဆက်ဖြစ်လိုက်။ ထိုအဖြစ်အပျက်ကြီးကို နှုတ်ကဖွင့်ပြောဖို့တောင် သူ မရဲဝံ့။

"ငါတို့ ကိုသူပိုင့်ကို လေဆိပ်လိုက်ပို့တဲ့နေ့ကို နှင်မှတ်မိလား"

အာရုံများ ဝေဝါးနေသော်လည်း လေဆိပ်လိုက်ပို့သည့်နေ့ကို သူ ပြန်မှတ်မိနိုင်ရန် ကြိုးစားလိုက်မိပါသေးသည်။

"အားလုံးကို တန်းတူရည်တူ နှုတ်ဆက်ပြီးကာမှ ဦးကို ငါတို့ရဲ့ ခပ်လှမ်းလှမ်းကို တကူးတကန့်ခေါ်ပြီး ဘာစကားမျိုးပြောလိမ့်မယ်လို့ နှင်ထင်လဲ"

ချစ်သူပိုင်အမေးက သူ့အတွေးများကို ချာလည်လည်သွားအောင် စွမ်းဆောင်လိုက်နိုင်ပါသည်။

"ဦးနဲ့ ကိုသူပိုင့်အကြားမှာ ခိုင်မာတဲ့ဆက်သွယ်မှုတစ်ခုရှိနေတာကို နှင်မှ မသိဘဲ။ ငယ်ငယ်ကတည်းက ရည်းစားရှိနေလို့ ငါတောင် ဦးကို အားကျမိနေတာ"

"ဟင့်အင်း . . . ဟင့်အင်း . . . မဟုတ်ဘူး . . . မဟုတ်နိုင်ဘူး ပိုင်ပိုင်။ မဟုတ်နိုင်ဘူး"

"မဟုတ်ပဲ ငါက ပြောပါ့မလား . . . သစ်။ နှင် သတိထားစမ်းပါ"



ခါးသီးစွာ ခေါင်းကိုခါယမ်းနေသည့် သူ့လက်မောင်းတစ်ဖက်ကို ချစ်သူပိုင် စောင့်ဆွဲလိုက်ရင်း သတိပေးလိုက်ပါသည်။

"ငါ . . . ငါ ဦးကို သိပ်ချစ်နေမိတာပါ . . . ပိုင်ပိုင်ရယ်"

"ဒါပေမဲ့ ဦးနဲ့ကိုသူပိုင်ကတော့ အရမ်းကို ချစ်တဲ့ ချစ်သူတွေဖြစ်နေကြပြီလေ"

သူ ထွက်ပြေးသွားချင်ပါ၏။ ဒီပတ်ဝန်းကျင်၊ ဒီကျောင်းဝန်းကြီးရဲ့အဝေး။ ဖြစ်နိုင်လျှင် သူ လူ့ဘဝကြီးကပင် ထွက်ပြေးချင်နေပြီဖြစ်ပါသည်။

"ငါ ဦးကို အဆုံးရှုံးမခံချင်ဘူး ပိုင်ပိုင်"

"ငယ်ငယ်ရွယ်ရွယ်နဲ့ ခံစားချက်တွေပါတဲ့ စကားတွေကို ပြောတတ်တဲ့ ဦးက ကိုသူပိုင်နဲ့ ချစ်သူတွေဖြစ်တာ ငါ့အဖို့တော့ သိပ်မထူးဆန်းဘူး . . . သစ်"

"ငါ့အဖို့တော့ သေလုမြောပါး ခံစားရတယ်။ ငါ့ကို ရှူးသွပ်အောင် ဖန်တီးလိုက်သလိုပဲ"

"အဲ့လိုကြီး နှင်ဖြစ်လို့မရဘူးလေ။ နှင် အရမ်းကြီး ကျဆုံးပြနေရင် ဦးက နင့်ကို အားနာနေရမှာပေါ့"

ချစ်သူပိုင်ပြောသည့် စကားကတော့ နည်းလမ်းကျပါ၏။ သို့သော် သူ ခံစားချက်ကို ထိန်းထားနိုင်မည်မဟုတ်ပါ။

"ငါ ဦးကိုချစ်နေတာကိုတော့ ဦးသိအောင် ဖွင့်ပြောချင်တယ်"

"ဒါဆို ဦးက နင့်ကိုရှုံ့သွားလိမ့်မယ် . . . သစ်။ ဘာပဲဖြစ်ဖြစ် နင်က သူနဲ့ကိုသူပိုင် ရည်းစားဖြစ်နေတာကို သိနေတယ်လို့ပဲ ဦးက ထင်နေမှာ။ ဦးမှာ ချစ်သူရှိတာကို သိသိလျက်နဲ့ နင် ရှေ့တိုးတယ်ဆိုတော့ သူ့ကို တန်ဖိုးမထားရာကျနေတယ် သစ်။ အဲ့ဒါတော့ နင် တစ်ချက်စဉ်းစားဦး"

ဒီအချိန်တွင် သူက ရင်ထဲက ခံစားချက်အတွက် မူးရူးနေသည့် လူတစ်ယောက်ပင်ဖြစ်ပါသည်။ နှလုံးသားက ဘာ့ကြောင့် [illegible]နေမှန်း



www.burmeseclassic.com

www.burmeseclassic.com

ကိုတောင် နှစ်သစ် သတိမထားနိုင်တော့ပါ။ အခုအခိုက်အတန့်မှာ အသက်ရှုနေလား၊ အသက်ရှုဖို့ မေ့နေသည်လားကိုတောင် မသိနိုင်တော့ဘဲ နှစ်သစ်ကို ချစ်သူပိုင် လွယ်လွယ်လေးပင် ကြိုးကိုင်နိုင်ခဲ့မည်ဆိုလျှင် အဲ့ဒါ နှစ်သစ်အမှား မဖြစ်နိုင်ပါ။

"ငါ ဘာဆက်လုပ်ရမလဲ . . . ပိုင်ပိုင်။ ငါ ဦးကို အရမ်းချစ်တယ်"

"နှင့်အချစ်တွေကို မြေမြှုပ်လိုက်တော့ . . . သစ်။ နောက်ပြီး နှင် ဦးကို မေ့ပစ်လိုက်"

"မဖြစ်နိုင်ဘူး . . . ပိုင်ပိုင်။ ငါ ဦးကို အသက်လောက်ချစ်တာ။ ဘယ်လိုလုပ် မေ့လိုက်နိုင်မှာတဲ့လဲ"

သူ ရုတ်ချင်းပင် ပြတ်သားစွာ ဖြေလိုက်မိပါတော့သည်။

"ဒါဆို ငါ့မှာ နည်းလမ်းတစ်ခုတော့ရှိတယ်"

"ဘာလဲ"

"နှင် အခု ငါ့ကို ချစ်ရေးဆိုလိုက်ပါ . . . သစ်"

မျက်နှာချင်းဆိုင်ရင်း ရဲဝံ့စွာတောင်းဆိုလိုက်သော ချစ်သူပိုင့်စကားကို နှစ်သစ် နားမလည်နိုင်ပါ။

"ဘာအတွက်"

"နှင်နဲ့ငါ ချစ်သူတွေဖြစ်သွားလို့ ဦးက နှင့်အချစ်ကို သတိထားမိခဲ့မယ်ဆိုရင် နှင် ဦးကို မျှော်လင့်နိုင်သေးတာပေါ့"

ထူပူနေသောကြောင့်လား၊ အသည်းကွဲနေသောကြောင့်လား၊ ဦးကို ဆုံးရှုံးလိုက်ရမှာကို စိုးရိမ်နေသောကြောင့်လားတော့ သူ သေချာမသိပါ။

သို့သော် ချစ်သူပိုင်ပြောသည့်အတိုင်း သူ သဘောတူလိုက်မိပါ၏။

"ငါ နှင့်ကိုချစ်တယ် ပိုင်ပိုင်"

"ငါလည်း နှင့်ကို အရမ်းချစ်တယ် . . . သစ်"

လေးနက်စွာ ပြန်ဖြေလိုက်သော ချစ်သူပိုင့်အဖြေကို နှစ်သစ် နည်းနည်းလေးမျှ စိတ်မဝင်စားခဲ့ချေ။



"နှင်နဲ့ငါ ချစ်သူတွေဖြစ်သွားတဲ့အကြောင်း ဦးကို ငါတို့ဖွင့်ပြောလိုက်ကြမယ်။ အဲ့ဒီအချိန် ဦး တစ်ခုခုခံစားပြီး အမူအရာပြောင်းသွားပြီဆိုရင် နှင် ရှေ့ဆက်တိုးပေါ့။ ကိုသူပိုင်က ငါ့အစ်ကိုဖြစ်ပေမဲ့လည်း ဦးရဲ့အချစ်ကိုရဖို့အတွက် ငါ နှင့်ကို အားပေးပါတယ် . . . သစ်"

"ကျေးဇူးပါပဲ . . . ပိုင်ပိုင်ရယ်။ နှင်က ငါ့အတွက် ထာဝရသူငယ်ချင်းပါ"

"အဲ့ဒါတော့ နှင်မှားတယ် . . . သစ်။ အခု ငါက နှင့်ချစ်သူလေ။ နှင် တရားဝင် ချစ်ရေးဆိုပြီး ချစ်ခွင့်ရထားတဲ့ နှင့်ရဲ့ချစ်သူ"

အပြုံးနှင့်ပြောလိုက်သော ချစ်သူပိုင့်စကားက ဘယ်၍ဘယ်မျှ လေးနက်မှန်း သူ မရိပ်မိခဲ့ချေ။ ဘယ်လိုလုပ် ရိပ်မိနိုင်မှာတဲ့လဲ။ အဲ့ဒီတုန်းက သူ အသည်းအသန် ခံစားနေရတာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

ဦးကြောင့် သူ ချစ်သူပိုင်နှင့် ရည်းစားများဖြစ်သွားခဲ့ကြသော်လည်း ဦးက အရမ်းသွေးအေးလွန်းနေပါ၏။

အရင်ကထက်ပင် ပိုပြီး နေစိမ့်နေပါသေးသည်။ ခါတိုင်းလို ဦးကို တွေ့ချင်တိုင်း သူ တွေ့ခွင့်မရတော့ချေ။ ဦးကိုတွေ့ချင်တိုင်း ချစ်သူပိုင့်ကိုသာ သူ အပူကပ်ခဲ့မိပါသည်။

နောက်တော့ ချစ်သူပိုင်က နွေမိုးယံနှင့် အတွဲများလာ၏။ ဦးကြောင့် အဆင့်တက်ခဲ့သည့် သူနှင့် ချစ်သူပိုင်အကြားက ဆက်ဆံရေးကို သူ လုံးဝ စိတ်မဝင်စားခဲ့ပါ။

သို့သော် မဆီမဆိုင် သူ့ရည်းစားဦးက ချစ်သူပိုင်ဖြစ်ခဲ့ရသည့် အတွက်တော့ သူ ရင်ထုမနာ ခံစားခဲ့ရပါသည်။

ဘာ့ကြောင့်များ ဦးက ကိုသူပိုင်ရဲ့ရည်းစား ဖြစ်ခဲ့ရပါသနည်း။ စကားလုံးနုနုလေးတွေကို ဦးက တွေ့တဲ့ယောကျ်ားတိုင်းကို ပြောတတ်သည်တဲ့လား။ ဦးကို ချစ်တယ်၊ အဲ့ဒါ ဘယ်တော့မှ မပြောင်းလဲဘူး။

မိုးရွာသည့်နေ့က သူသည် ဦးအတွက် ဘယ်လောက်ခံစားနေရကြောင်း ချစ်သူပိုင်ကို ပြောပြဖို့ ထွက်လာခဲ့ခြင်းပင်။ သူ့ကို ဦးစောင့်ကြည့်နေမှန်းလည်း သူ သိခဲ့ပါသည်။ ထို့ကြောင့် သူ မိုးရွာထဲမှာ ငိုနေခဲ့ခြင်းဖြစ်သည်။



သူ့ကို နည်းနည်းလေးဖြစ်ဖြစ် သနားပြီး သူ့အနားကို ဦးရောက်လာမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ပေါ့။

သို့သော် ဦးကတော့ ကားပေါ်မှပင် မဆင်းဘဲ သူ့ကို ဒီအတိုင်း မိုးရေထဲတွင် ထားခဲ့လိုက်ပါသည်။

မထင်မှတ်ဘဲ ဦးရဲ့ခံစားချက်ကို သူ တွေ့ခွင့်ရလိုက်ပါသည်။ သူ မိုးရေထဲမှာ ငိုနေရသမျှ ဦးကလည်း အိပ်ခန်းထဲတွင် မိုးရေစိုရင်း သူနဲ့ ထပ်တူခံစားနေရသည်ဆိုသည့် ဦးဖန်တီးခဲ့သည့် Presentation ကြောင့် သူ အားလုံး နားလည်ခဲ့လိုက်မိပါသည်။

ထို့ကြောင့် ရည်းစားရှိနေသော ဦးအနားသို့ သူ အရဲစွန့်ပြီး ချဉ်းကပ်ရန် ကြိုးစားလိုက်ခြင်းပင်ဖြစ်ပါသည်။ ဦးရင်ထဲတွင် သူ့အတွက် နေရာလေးတစ်ခု ရှိနေသည့်အတွက်ကိုပင်သူ အတိတ်မေ့လောက်တဲ့အထိ ပျော်ရွှင်ခဲ့ရပါသည်။

ဦးဘက်က မပြတ်သားသော်လည်း သူကတော့ ပြတ်သားမည်ပင်။ ချစ်သူပိုင်ကို အကျိုးအကြောင်းပြောပြမယ်။ ပြီးရင် ဦးအနားကို သူ အပြေးသွားမယ်။ အဲ့ဒီအချိန်မှာ ဦးအနားမှာ ကိုသူပိုင်ရှိနေဦးတော့ သူ ရင်နာနာနဲ့ လျစ်လျူရှုလိုက်တော့မည်ပင်။

သူ့အတွက်က ဦးအနားမှာ နေရခြင်းကိုက နိဗ္ဗာန်ကို စစ်အောင်နိုင်ခဲ့သလို တန်ဖိုးကြီးလွန်းနေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးက စားပွဲပေါ်တွင်ရှိနေသည့် ကော်ဖီခွက်လေးကိုကြည့်ကာ ပြုံးလိုက်၏။ အခုအချိန် ဦးက ပြုံးနိုင်သည်တဲ့။ သူ အံ့အားသင့်စွာ ဦးကို ငေးကြည့်နေပါသည်။

"ကော်ဖီခွက်လေးထဲ ပုံဖော်ထားတာ ချစ်စရာလေး"

ပေါ့ပေါ့ပါးပါးပင် ပြောပြီး ဦးက စားပွဲတွင် ဝင်ထိုင်လိုက်ပါသည်။ ဟန်ဆောင်ကောင်းလိုက်တာ . . . ဦးရယ်။ နင်နဲ့ငါ ဘာမှမဖြစ်ခဲ့သလိုကြီး နင် နေပြနေလိုက်တာ မှင်သေသေပဲ ပိရိလွန်းပါတယ် သမီးဦး။

"ငါ သစ်နဲ့စေ့စပ်ဖို့ ရက်ကောင်းရက်သာ ရွေးပြီးသွားပြီ . . . ဦးရဲ့။ စေ့စပ်လက်စွပ်ဝယ်တဲ့နေ့ နင် ငါတို့နဲ့ လိုက်ခဲ့ပေးပါနော်"

"ငါ အားရင် လိုက်ခဲ့ပေးပါ့မယ်"

မင်သေသေနှင့် ဖြေလိုက်ပြီး ကော်ဖီခွက်လေးကို ဦးက မော့သောက်နေ၏။

သူ မခံစားနိုင်တော့ပါ။ အသည်းမာသည့် ဦးက မင်သေလွန်းနေသော်လည်း အသည်းနုသည့် သူ မင်မသေနိုင်တော့ပါ။

ထို့ကြောင့် စားပွဲပေါ်တွင်ရှိနေသော သူ သောက်လက်စကော်ဖီခွက်ကို စားပွဲပေါ်မှ တွန်းချလိုက်မိပါသည်။

"ခွမ်း"



ကော်ဖီပန်းကန်လုံးက အောက်ကြမ်းပြင်သို့ကျပြီး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားရပါသည်။ ကျကွဲသံကြောင့် ဘေးဝိုင်းကလူများဝါ သူတို့ဝိုင်းသို့ လှမ်းကြည့်လိုက်သလို ဦးကလည်း သူ့ကို လှမ်းကြည့်လိုက်ပါသည်။

"ဘာလဲ . . . ဘာလို့ ငါ့ကိုလှမ်းကြည့်တာလဲ . . . ဦး"

"နင် ခွက်ကို ခွဲလိုက်လို့လေ"

"ငါခွဲတာ ဘာဖြစ်လဲ။ ငါ့ဘာသာ ခွဲချင်ခွဲမယ်၊ မခွဲချင် မခွဲဘူး။ အဲ့ဒါ နင်နဲ့ ဘာပတ်သက်လဲ"

မကျေနပ်စွာ ဦးကို စေ့စေ့စိုက်ကြည့်ရင်း ပြောလိုက်သည့် သူ့စကားကြောင့် ချစ်သူပိုင်ပါ ဦးကို အားနာသွားရပါသည်။ အားလုံးကို လှည့်ကွက်များနှင့် ဖန်တီးထားသူက ချစ်သူပိုင်ပင် မဟုတ်ပါလား။ ဦးကတော့ ဘာမှ နားမလည်သည့် လူတစ်ယောက်ပမာ သူ့ကို ငေးကြည့်နေ၏။ ထို့အပြင် ယောကျ်ားလေးတစ်ယောက်၏ အော်ဟောက်မှုကို နားမလည်စွာ ခံလိုက်ရသောကြောင့် ဦး ရှက်ကာ ထူပူသွားပါပြီ။

"ငါ ပြန်တော့မယ် . . . ပိုင်ပိုင်"

ပြောပြီး ထိုင်ရာမှ ထရန်ပြင်နေသော ဦးအရှေ့သို့ သူက သွက်သွက်ထပြီး ပိတ်ကာ ရပ်လိုက်မိပါသည်။

"ဆော့မယ်၊ ကစားမယ်၊ ပြီးရင် ရှောင်မယ်၊ ရှားမယ် . . . ဟုတ်လား။ ဒါပဲ နင်လုပ်တတ်လား . . . ဦး"

ဦးနှုတ်ခမ်းအစုံ ဟဟလေးဖြစ်သွားပြီ သူ့ကို မော့ကြည့်နေ၏။

"နင် မရှက်ဘူးလား"

အခြေအနေကိုကြည့်ပြီး ချစ်သူပိုင်ပါ ထိတ်လန့်စွာ ထိုင်နေရာမှ ထရပ်လိုက်ရတော့သည်။ ဆိုင်ထဲရှိ အခြားဝိုင်းမှ လူအားလုံး၏အကြည့်တို့က သူနှင့် ဦးထံတွင်သာ ရှိနေပါသည်။

"သစ် . . . နင် ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

မေးလိုက်သော ချစ်သူပိုင်ကို သူလက်ကာပြရင်း တားမြစ်လိုက်ပါသည်။

"ငါ့ကို ဘာဖြစ်လို့ နင့်ခံစားချက်တွေကို ထုတ်ပြခဲ့တာလဲ ဦး"

"ငါ ပြခဲ့လို့လား"

"ဒါပေမဲ့ ငါ မြင်ခဲ့ရတယ်လေ။ ငါ ခံစားခဲ့ရတယ်လေ။ နင့်ရင်ထဲက ဆိုလိုရင်းကို ငါကောင်းကောင်းကြီး နားလည်ခဲ့ရတယ်လေ"

မေးရင်း ဒေါသစိတ်ဖြင့် သူ့မျက်ဝန်းတွင် မျက်ရည်ပူများ တွဲခိုလာသလို ဦးသည်လည်း ရှက်စိတ်နှင့် ခံစားမှုများကြောင့် မျက်ဝန်းတွင် မျက်ရည်များ ခိုတွဲလာပါ၏။

"ငါ နင့်အနားကို လာခဲ့မယ်ပြောတုန်းက နင်ဘာလို့ ငါ့ကို မတွန်းထုတ်ခဲ့တာလဲ။ နင်ဘာလို့ ကြည်ကြည်ဖြူဖြူနဲ့ ငါ့ကို လက်ခံမယ်လို့ ပြောခဲ့တာလဲ။ နောက်ပြီး ဒီလက် . . . "

ပြောရင်း သူမလက်ဖဝါးတစ်ဖက်ကို သူ ကောက်ယူကိုင်လိုက်မိပါသည်။

"ဒီလက်ကို ငါမလွှတ်တမ်း ကိုင်ထားတုန်းက နင် ဘာလို့ မရုန်းထွက်ခဲ့တာလဲ"

"ငါမှ မရုန်းထွက်ချင်ဘဲ . . . နှစ်သစ်ရယ်"

ပွင့်လင်းစွာဝန်ခံလိုက်သော ဦး၏စကားကြောင့် သူ့ဒေါသများ မီးထိမြင့်ကုန်၏။ ဘာလဲ . . . ဒီမိန်းမ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး၊ သူက အနားကိုလာလည်း လက်ခံ၊ ကိုသူပိုင်ကိုလည်း လက်ခံတတ်တဲ့ မိန်းမလား။ ရုပ်နဲ့နာမ်နဲ့မလိုက်အောင် လောဘကြီးတတ်သည့် မိန်းမလား။

"ဖြောင်း . . ."

ဒေါသဖြင့် ဦးရဲ့ပါးကို သူ ရိုက်လိုက်မိပါသည်။ မိန်းကလေးတစ်ယောက်ပါးကိုရိုက်သည့် ယောကျ်ားများ၏ အဆင့်အတန်းကို သူကိုယ်တိုင် ရှုတ်ချခဲ့မိသော်လည်း အခုတော့ သူ လုံးဝ ထိန်းမထားနိုင်တော့၊



သူမ ပါးလေးကိုကိုင်ရင်း သူ့ကို နားမလည်စွာ ငေးကြည့်လို့ နေပါသည်။

"နင့်အစား ငါရှက်တယ် . . . ဦး။ နင်က အနားမှာ တစ်ယောက်ရှိနေလည်း နောက်တစ်ယောက်ကို အပျော်တမ်း လက်ကမ်းနိုင်မယ်ဆိုရင် ငါ့အနားကို ပြေးလာမယ့်လူရဲ့ ရင်ထဲမှာ နင့်လို အပျော်တမ်း အချစ်တွေ၊ ဖန်တီးမှုသက်သက်အချစ်တွေပဲ ရှိနေတာ မဟုတ်ဘူး"

"နင် ဘာတွေပြောနေတာလဲ . . . နှစ်သစ်။ ဒါပေမဲ့ နင် အရမ်းလွန်နေပြီလို့ ငါပြောချင်တယ်"

"ချစ်သူရှိရဲ့သားနဲ့ ငါ့ကို လမ်းကမ်းဝံ့တဲ့နင်ရော မလွန်ဘူးလား။ ဟုတ်လား . . . နင်က မလွန်ဘူးပေါ့ . . . ဟုတ်လား"

မကျေနပ်စွာ ဒေါသဖြင့်ပြောနေသော နှစ်သစ် မျက်ဝန်းတွင် ခံစားချက်ကြောင့် ကျဆင်းနေသည့် မျက်ရည်များ ရွှဲရွှဲစိုနေပါတော့သည်။

"ငါ့မှာ ချစ်သူ . . . "

သူမ နားမလည်စွာဖြင့် ရေရွတ်လိုက်သည့်တစ်ခဏ သူမအကြည့်များ ချစ်သူပိုင်ထံသို့ ရောက်ရှိသွားပါသည်။ ဘာတွေလဲ . . . တစ်ခုခုတော့၊ တစ်ခုခုပင်။ ဒါပေမဲ့ သူမကတော့ ဘာဆိုဘာမှ မသိရိုးအမှန်ပါ။

ချစ်သူပိုင်က သူမနှင့် မျက်လုံးချင်း အဆိုင်မခံတော့ပါ။

ဘာတွေမှန်းမသိသော်လည်း သူမ ကော်ဖီဆိုင်ထဲတွင်တော့ ဆက်မနေရဲတော့။

"ငါ့ကို သွားခွင့်ပေးလိုက်ပါတော့ . . . နှစ်သစ်။ နောက်ပြီး နင်ပြောတဲ့ ငါ့မှာချစ်သူရှိတယ်ဆိုတဲ့စကားက ငါ့အတွက် အသစ်ပါ။ ချစ်သူဆိုတာ ငါ့ဘဝမှာ တစ်ခါဖူးမှ မရှိဖူးသလို ငါချစ်ဖူးတဲ့ ယောကျ်ားကလည်း တစ်ယောက်ပဲရှိပါတယ်"

သူမပြောပြီး အရှေ့တွင် ကွယ်ကာရပ်နေသော နှစ်သစ်ကို တွန်းဖယ်လိုက်ကာ ကော်ဖီဆိုင်ထဲမှ အပြေးတစ်ပိုင်း ထွက်ခဲ့လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

ပါးတစ်ဖက်ကိုကိုင်ရင်း မျက်ရည်စက်လက်ဖြင့် ပြောသွားသော သမီးဦး၏စကားကြောင့် သူ့အတွေးများ ပြောင်းဆန်ရပြန်ပြီ။ ဘာတွေ လဲ . . . ။ ဦးက သူမတွင် ချစ်သူမရှိဖူးဘူးတဲ့။ ဒါဆို ဘာတွေလဲ။

အတွေးနှင့်အတူ သူ့အကြည့်က ချစ်သူပိုင်ထံသို့ ရောက်သွားပါ သည်။

"ဘာတွေလဲ . . . ပိုင်ပိုင်"

ချစ်သူပိုင် လုံးဝမဖြေ။ ဆိတ်ဆိတ်နေ၏။

"ငါ့ကိုပြောပါ . . . ပိုင်ပိုင်။ အခု ငါအရူးတစ်ပိုင်းလို ခံစားနေရ ပြီနော်"

"ငါက ဘာပြောရမှာလဲ . . . သစ်"

"ဘာပြောရမယ်ဆိုတာ နင် အသိဆုံးပါ"

"ငါ ဘာဖြေရှင်းချက်မှ မပေးနိုင်ဘူး"

ကော်ဖီဆိုင်ထဲတွင် ပြဿနာက တဖြည်းဖြည်း ကြီးထွားလာသလို လူအများ၏ စိတ်ဝင်စားမှုကလည်း တဖြည်းဖြည်း အရှိန်တက်လာလေ ပြီ။

ဒီနေရာတွင် ဆက်မနေသင့်တော့မှန်း သူ ကောင်းစွာသိလိုက်ပါ ပြီ။ ထို့ကြောင့် ကျသင့်ငွေကိုရှင်းပြီး ချစ်သူပိုင်ကိုခေါ်ပြီး နီးစပ်ရာ ပန်းခြံ တစ်ခုသို့ သူ ထွက်ခဲ့မိပါတော့သည်။

"ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ . . . ပိုင်ပိုင်။ အခုဖြစ်နေတာ တွေအကုန်လုံးကို နင် သိနေမှာပါ"

ကားရပ်ပြီး ကားပေါ်မှ ဆင်းလိုက်ကတည်းက သူ ချစ်သူပိုင်ကို မကျေနပ်စွာ မေးလိုက်သော်လည်း ချစ်သူပိုင် ဘာမှမပြော။

"ငါ ကိုသူပိုင်နဲ့ ဆက်သွယ်ရလိမ့်မယ် . . . ပိုင်ပိုင်"

"ဘာအတွက်လဲ"

"ဦးနဲ့ကိုသူပိုင် ပတ်သက်မှုကို ငါ မေးရလိမ့်မယ်"

"နင် သူများကိုယ်ရေးကိုယ်တာကို စပ်စုသလို ဖြစ်နေမှာပေါ့"



"သူများကိုယ်ရေးကိုယ်တာက ငါ့ကို သေစေ၊ ရှင်စေနိုင်တယ်ဆို တာ နင် မမေ့နဲ့လေ"

"နင် ဘယ်လိုပဲ ကြိုးစားကြိုးစား၊ ငါကတော့လုံးဝ နောက်မဆုတ် ဘူး . . . သစ်"

မကျေနပ်စွာ သူ့ကိုအော်ဟစ်ပြီး ပြောလိုက်သော ချစ်သူပိုင့်စကား ကြောင့် အခြေအနေအချို့ကို သူကောင်းစွာ သဘောပေါက်လိုက်မိပါ သည်။

ဒါဆို ချစ်သူပိုင်က သူနဲ့ ဦးအကြားမှာ ခဏလောက်ဆန်ခဲ့သည် ပဲပေါ့။

"နင် . . . နင် . . . "

ဟုတ်ပါတယ်။ တွေးရင်းတွေးရင်း တဖြည်းဖြည်း ရုပ်လုံးပေါ်ခဲ့ပေ ပြီ။

"နင် လုပ်ရက်လိုက်တာ . . . ပိုင်ပိုင်ရယ်။ ထူပူနေတဲ့ ငါ့ခံစားချက် တွေကိုမှမထောက် နင် ငါ့ကို လိမ်ထားရက်တယ်နော်"

သူ ခံစားရစွာပြောရင်း ပိုင်ပိုင့်လက်မောင်းတစ်ဖက်ကို တွန်းလိုက် မိပါသည်။

"ငါ ဘာလို့ အဲ့လိုလုပ်တယ်ဆိုတာ နင် မမေးတော့ဘူးလား . . . သစ်"

ချစ်သူပိုင် သူ့ကို စိုက်ကြည့်ကာ မျက်ရည်များ စီးကျလာရင်း ရင် နင့်စွာ မေးလိုက်သော်လည်း သူခေါင်းခါရင်း ဖြေလိုက်ပါသည်။

"ငါ မသိချင်ဘူး . . . ပိုင်ပိုင်။ နောက်ပြီး သိလို့လည်း ဘာမှ မထူးဘူး"

"ဒါပေမဲ့ ငါ ရှေ့ဆက်တိုးမှာနော် . . . သစ်။ ငါ ဘယ်မျက်နှာထိ မှ မထောက်ဘူး"

ပါးပေါ်သို့ စီးကျလာသော မျက်ရည်များကို ခပ်မာမာလေး သုတ် လိုက်ရင်း ချစ်သူပိုင် ပိုင်နိုင်စွာ ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"နင့်ဘက်က ငါ တားမရလို့ ရှေ့တိုးမယ်ဆိုရင်တော့ ငါလည်း ဘယ်သူ့မျက်နှာမှ ထောက်တော့မှာမဟုတ်ဘူး . . . ပိုင်ပိုင်"

သူ့စကားကြောင့် ချစ်သူပိုင် ထိတ်လန့်တကြား သူ့ကို လှမ်းကြည့်လိုက်ပါသည်။

"နင်တောင် ငါ့ခံစားချက်တွေကို မီးကင်ခဲ့သေးတာပဲ။ ငါလည်း နင့်ကို ဘယ်လိုမှပြန်ပြီး ကိုယ်ချင်းစာတော့မှာ မဟုတ်ဘူး . . . ပိုင်ပိုင်"

သူ့စကားဆုံးသော် ချစ်သူပိုင် ခေါင်းငိုက်စိုက် ကျသွားပါသည်။ ဘာစကားမှလည်း ဆက်မပြောတော့ပါ။ ထိုစဉ် သူတို့နှစ်ယောက်လုံး တစ်ခဏတာတော့ ငြိမ်သက်သွားကြပါသည်။

"ငါ နှုတ်ဆက်ခဲ့ပါတယ် . . . ပိုင်ပိုင်"

အတန်ကြာနှုတ်ဆိတ်နေပြီးမှ သက်ပြင်းချရင်း သူချစ်သူပိုင်ကို အားမနာဘဲ ပြောလိုက်မိပါတော့သည်။

"ငါတို့ တစ်သက်တာအတွက် ထာဝရသူငယ်ချင်းတော့ ဖွဲ့လို့ရပါသေးတယ်"

ကျောခိုင်းကာ ထွက်လာပြီးမှ ချစ်သူပိုင့်အတွက် သူအတတ်နိုင်ဆုံး ဖြေသိမ့်စကား ပြောလိုက်မိပါတော့သည်။

ထို့နောက် သူ့ခြေလှမ်းများက သမီးဦးထံသို့ ဦးတည်ကာ လျှောက်လှမ်းခဲ့ပါတော့သည်။



သမီးဦးတစ်ယောက် ခံစားရတိုင်း အိမ်ကိုသာ ပြန်လေ့ရှိသောကြောင့် အိမ်သို့ လေးလံသည့်ခြေလှမ်းများနှင့် ပြန်ခဲ့လိုက်ပါသည်။

ဦး . . . မေမေ ဈေးသွားနေတယ်၊ မကြာဘူး ပြန်လာခဲ့မယ်။

အိမ်ရှေ့တွင် တွေ့လိုက်ရသော မေမေ့စာလေးကို ယူကာ သူမ အိမ်တံခါးကိုဖွင့်ပြီး အိမ်ထဲသို့ ဝင်ခဲ့လိုက်ပါသည်။

ဘာတွေပြောလိုက်မှန်း မသိသည့် နှစ်သစ်၏စကားများကို သူမ နားလည်ဖို့ မကြိုးစားချင်တော့ပါ။

အိမ်ရှေ့တံခါးကို ချက်ချလိုက်ပြီး သူမ အိပ်ခန်းထဲသို့သာ ဝင်ခဲ့လိုက်ပါတော့သည်။

"ပိုင်ပိုင်ရယ် . . . နင့်စကားက မှန်ပါတယ်။ ငါ့ကို အမြဲတမ်း ခေါင်းအုံးကြီးက အဖော်လုပ်ပေးနေပါတယ်"

ငိုသံမဲ့စွာပြောပြီး သူမ အိပ်ရာပေါ်တွင် ထိုင်လိုက်ကာ ခေါင်းအုံးကိုဖက်လျက် ရင်ထဲမှ ခံစားချက်များ၊ ဟန်ဆောင်ဖုံးဖိထားရသော ငိုရှိုက်သံများကို လွှတ်လပ်ခွင့်ပေးလိုက်မိပါတော့သည်။

"နှစ်သစ်ရယ် . . . "

သေချာနေပြီပေါ့။ သူမ ဘယ်လောက်ပဲ မျှော်လင့်နေပါစေ နှစ်သစ်ကို သူမ တစ်သက်လုံးစာအတွက် ဆုံးရှုံးလိုက်ရတော့မည်မှာ သေချာလွန်းနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com

"ဦး . . . ဦး . . . "

အိမ်ရှေ့တံခါးကို တဂျိန်းဂျိန်းမြည်အောင် လှုပ်ရမ်းရင်း အသံကုန် အော်ဟစ်ခေါ်လိုက်သော နှစ်သစ်အသံကို သူမ မထင်မှတ်ဘဲ ကြားလိုက်ရပါသည်။ ဟင့်အင်း . . . သူမနှစ်သစ်အနားသို့ သွားတော့မည်မဟုတ်ပါ။ သူမ အိပ်ခန်းထဲကထွက်ပြီး နှစ်သစ်ကို မတွေ့တော့ဟု ဆုံးဖြတ်ထားလိုက်မိ၏။

"ဦး . . . နင် ငါ့ကို တံခါးမဖွင့်ပေးဘူးဆိုရင် ငါ တံခါးဖျက်ပြီး ဝင်လာမှာနော်။ ငါ မလုပ်ဘူးမထင်နဲ့"

နှစ်သစ် အားကုန်တံခါးကို လှုပ်ခါယမ်းရင်း အော်ပြောလိုက်သော်လည်း သူမ နေရာမှ တစ်ဖဝါးမှ မရွေ့သေး။

"ဦး . . . ငါ ဒီတံခါးကို ဖျက်လိုက်မှာနော်။ ငါ့ကို တံခါးဖွင့်ပေးပါ"

သူမ နေရာက မရွေ့သေး။ နှစ်သစ်က သူမအိမ်ရှေ့တံခါးသို့ ရောက်နေသည့်တိုင်အောင် သူမ နေရာက ဘာလို့ မရွေ့သေးတာလဲ။ သူမ တစ်သက်လုံး မျှော်လင့်ခဲ့ရတဲ့ယောကျ်ားက သူမအိမ်ရှေ့တံခါးမှာလေ။ ဘာလို့ တံခါးဖွင့်ပေးဖို့ တွန့်ဆုတ်နေရတာလဲ။

တွန့်ဆုတ်နေမှာပေါ့။ နှစ်သစ်က ချစ်သူပိုင်နဲ့ မကြာခင်မှာပဲ စေ့စပ်တော့မှာ။ သူမ ဘာကြောင့် တံခါးဖွင့်ပေးပြီး ခံစားချက်များ ပိုကြီးထွားအောင် ဖန်တီးတော့မည်နည်း။

"ဦး . . . ဦး . . . ငါလေ . . . ငါ . . . နင့်ကို အရမ်းချစ်တယ် ဦးရယ်။ ငါ့ကို တံခါးဖွင့်ပေးပါနော်။ ငါ နင့်ကို အရမ်းကိုချစ်နေကြောင်း ပြောချင်လို့ပါ"

မထင်မှတ်စွာ ဝန်ခံလိုက်သော နှစ်သစ်စကားကြောင့် သူမ ခြေအစုံက အလိုလို ထရပ်လိုက်မိပြီးသားဖြစ်သွားပါသည်။ သို့သော် ကြားလိုက်ရ သည့်အသံကို သူမ အခုထက်ထိ မယုံရဲသေးချေ။ ခြေလှမ်းများကတော့ တစ်လှမ်းချင်းစီ လှမ်းရင်း အိမ်ရှေ့သို့ ဦးတည်နေပြီဖြစ်သည်။



"ဦး . . . ငါ့ကို တံခါးဖွင့်ပေးပါဟာ"

တောင်းပန်သလိုပြောနေသော နှစ်သစ်ကို သူမ အံ့အားသင့်စွာငေး ကြည့်ရင်း သူမ ငိုဖို့မေ့သွားပြီပင်။ မဟုတ်သေးဘူး။ သူမ အသက်ရှူဖို့ပါ မေ့သွားပြီဖြစ်သည်။

"နင် . . . နင် ဘာပြောလိုက်တယ် . . . နှစ်သစ်"

"ငါ နင့်ကိုချစ်တယ်လို့ ပြောလိုက်တာလေ။ ငါ နင့်ကို အရမ်းချစ်တယ် . . . ဦး။ ငါ့ကို တံခါးဖွင့်ပေးပါနော်။ ငါ တောင်းပန်ပါတယ်"

ဟုတ်ပြီ။ ဒါဆို အခု သူမကြားလိုက်ရတဲ့စကားက အမှန်ကြီးပေါ့။ သေချာနေပြီပေါ့။ ဒါဆို သူမ ဘာဆက်လုပ်ရမှာတဲ့လဲ။

ဦးနှောက်က တွေးနေတုန်းမှာပင် သူမ လက်အစုံက အိမ်ရှေ့တံခါးချက်ကို ဖွင့်ပေးလိုက်မိပြီဖြစ်ပါသည်။

နှစ်သစ်က တံခါးဖွင့်လိုက်သည်နှင့် အိမ်ထဲသို့ဝင်ကာ သူမကို တရှိုက်မက်မက် ဖက်လိုက်ပါတော့သည်။

"ငါ နင့်ကို အရမ်းချစ်တယ် . . . ဦး။ နင် သိလား၊ ငါနင့်ကို ဘယ်တုန်းကစပြီး ချစ်မိသွားလဲဆိုတာ"

ဖက်ထားရင်းမေးလိုက်သော နှစ်သစ်မေးခွန်းကို သူမ မဖြေတတ်။ လူကအသိနှင့် သတိများ ကင်းကွာနေသလိုလို၊ သေချာတာကတော့ ရင်ခုန်သံများ တဒိန်းဒိန်း မြန်ဆန်နေပါတော့သည်။

"ပိုင်ပိုင်နဲ့ မဆော့တဲ့နေ့တွေမှာ အိမ်ရှေ့ကို ခဏလေးဖြစ်ဖြစ် ထွက်ရပ်ပေးပါလို့ တောင်းဆိုလိုက်တဲ့ နင့်မျက်ဝန်းတွေက ငါ့ကို ရင်ခုန်တတ်အောင် သင်ပေးလိုက်တာလေ . . . ဦးရယ်"

သူမ မသိခဲ့ရိုး အမှန်ပါ။ ထူးခြားသည့် အကြည့်လေးတစ်ခုထဲက ပြီး ထိုစဉ်က သူမ ဘာမှ လေးလေးနက်နက်မသိခဲ့ပါ။ သို့သော် ထိုထူးခြားသည့် အကြည့်လေးတစ်ခုကို ဖန်တီးခဲ့သော ကောင်လေး၏ ရင်ခွင်

www.burmeseclassic.com

လေးက လွှန်စွာနွေးထွေးနေကြောင်း ယခု သူမ ကောင်းစွာသိနေပြီဖြစ်ပါ၏။

"မျှော်နေရတာ မောတယ်မထင်ရပေမဲ့ နင့်အနားမှာရှိနေတဲ့ အခုအချိန်မှာ ရင်ခုန်သံတွေက ငါ့ကို အသက်ရှူတောင်မှားစေတယ်... နှစ်သစ်ရယ်"

"ငါ့ကို တစ်ခုခု ထပ်ပြောပါဦး . . . ဦးရယ်။ ယယ်ယယ်ကတည်းက ချစ်ခဲ့ရတဲ့ ငါ့အချစ်တွေကို ထောက်ထားပြီးတော့ပေါ့"

"ငါ နင့်ကိုချစ်တယ် . . . နှစ်သစ်"

နှောင်တကင်းမဲ့စွာ ဝန်ခံလိုက်ချိန်တွင်တော့ သူမလက်ဖဝါးတစ်ဖက်ထဲတွင် ငယ်စဉ်ကတည်းက သူမ မျှော်လင့်ခဲ့ရသော လက်ဖဝါးလေးတစ်ဖက်က မြဲမြဲစွာ ခိုတွဲနေပြီဖြစ်ပါသည်။

"နောက်ဆုံးတော့ . . . နင်က ငါ့ရဲ့နင် ဖြစ်သွားပြီပေါ့နော် . . . နှစ်သစ်"

ᚼ ᚼ ᚼ

သင့်ရင်ထဲမှ "တစ်နေရာစာလေး" အတွက်
ခူးခူး



BURMESE CLASSIC

# ခူးခူး

ချစ်မိသည်မှအပ

လုံးချင်းဝတ္ထုသစ်

SHWE THAMEE PUBLISHING HO
01 242019 09 5101882

www.burmeseclassic.com